# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**တုန်လှုပ်ခြင်းမရှိ**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသော လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။ လောကဓံတရား တစ်ပါးပါးနှင့် ကြုံတွေ့သောအခါ တုန်လှုပ်ချောက်ချားခြင်း လုံးဝမရှိသော ရဟန္တာပုဂ္ဂိုလ်မြတ်၏ ဂုဏ်ကို ချီးကျူးပူဇော်အပ်၏။ လောကဓံတရားနှင့်တွေ့သောအခါ မတုန်လှုပ်အောင် ကြိုးစားရာ၏။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၁)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၃၁၆)


# မိမိတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးသည် အဓိကအရေးကြီး

## စီးပွားရေးမည်မျှတိုးတက်သည်ဖြစ်စေ ငြိမ်းချမ်းမှုမရှိလျှင် စီးပွားရေးပြိုလဲသွားနိုင်



**နေပြည်တော် ဩဂုတ် ၁၅**

မိမိတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးသည် အဓိကအရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံငြိမ်းချမ်းရေးမရရှိခြင်းမှာ မိမိတို့ပြည်ထောင်စုသားများအားလုံး၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ခြင်းကြောင့်ဖြစ်ပါကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးရရှိမှ မိမိတို့ပြည်သူလူထု၏ စိတ်နှလုံးချမ်းသာနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် အတိတ်ကိုသင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်သူလူထုတိုးတက်နိုင်ရန်မှာ ရေရှည်တွင် ငြိမ်းချမ်းရေးမရှိဘဲနှင့် စီးပွားရေးကို

*စာမျက်နှာ ၄ ကော်လံ ၁ ✳*

- ❖ ငြိမ်းချမ်းရေးရရှိမှ မိမိတို့ပြည်သူလူထု၏ စိတ်နှလုံးချမ်းသာနိုင်မည်ဖြစ်
- ❖ ငြိမ်းချမ်းရေးမရှိဘဲနှင့် စီးပွားရေးကို မည်သို့မျှ ထိန်းသိမ်းထားနိုင်မည်မဟုတ်
- ❖ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်ရမည်ဖြစ်



**ရေကာတာ သဲအိတ်ဖို့ခြင်းများ ရဲတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်**

စာမျက်နှာ » ၉



**အိုလံပစ်အားကစား ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား၌ လက်ထပ်ခွင့်တောင်းခံ**

စာမျက်နှာ » ၁၀

**တိတ်ဆိတ်ခြောက်ကပ်လာနေသည့် ထိုင်ဝမ်ခရီးသွားလုပ်ငန်းများ၏ဆောင်းရာသီ**

စာမျက်နှာ » ၁၁


**KBZ BANK**

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# အစိုးရယန္တရားနှင့် အိုင်စီတီနည်းပညာ

အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနများ၏သတင်းစာရှင်းလင်းပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမတွင် ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ရှင်းလင်းခဲ့ကြသည်။ (ယနေ့) ဩဂုတ် ၁၆ ရက်တွင်လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ရှင်းလင်းဖြေကြားကြမှာ ဖြစ်သည်။

ဝန်ကြီးဌာနများအလိုက် ရက် ၁၀၀ စီမံချက်များ ဆောင်ရွက်ခဲ့ကြရာတွင် ပြည်သူများအတွက် အမြန်ဆုံးအကျိုးရှိစေမည့် စီမံကိန်းများ၊ လုပ်ငန်းများကို ရွေးချယ်ပြီး ရက် ၁၀၀ ကာလအတွင်း အချိန်မီပြီးစီးအောင် သတ်မှတ်အကောင်အထည်ဖော်ခဲ့ကြခြင်း ဖြစ်သည်။ အစိုးရသစ် စတင်တာဝန်ယူသည့်ကာလ ပေါင်းစပ်သင့်သည့်ဝန်ကြီးဌာနများကို ပေါင်းစပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းခဲ့ခြင်းဖြင့် ပေါင်းစပ်ညှိနှိုင်းမှုများ ပိုမိုအားကောင်းလာကာ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျင်မြန်သွက်လက်လာမည်ဟု မျှော်လင့်နိုင်ဖွယ်ဖြစ်ခဲ့သည်။

အစိုးရဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ထိရောက်ထက်မြက်ရေးအတွက် ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် လုပ်ထုံးလုပ်နည်းဟောင်းများကို ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ရေးတို့သည်လည်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ဆောင်ရွက်ခဲ့ကြသည့် ရက် ၁၀၀ စီမံချက်များကဲ့သို့ပင် ဝန်ကြီးဌာနချင်း ပေါင်းစပ်ညှိနှိုင်းကာ အလျင်အမြန်ဆောင်ရွက်သင့်သည့် စီမံချက်များပင်ဖြစ်သည်။

ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်သည်ဟု ဥပမာဆိုရမည့် ဖြစ်ရပ်တစ်ခု မကြာသေးမီလအနည်းငယ်ခန့်က ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ရပ်၌ မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော နိုင်ငံခြားသူတစ်ဦး (ရန်ကုန်နှင့် ၎င်း၏ ဌာနချုပ်ရှိရာနိုင်ငံသို့ အကြိမ်များစွာ အပြန်အလှန် သွားလာနေသူ)မှာ ၎င်း၏ကုမ္ပဏီအကြီးအကဲများနှင့်အတူ နေပြည်တော်လေဆိပ်သို့ တိုက်ရိုက်ဝင်ရောက်ရာတွင် ပြည်ဝင်ခွင့်အခက်အခဲများကြောင့် ၎င်းတက်ရောက်ရမည့် ဖိုရမ်ကို နောက်ကျကာ တက်ရောက်ခွင့်မရသည့် အဖြစ်သို့ ရောက်ခဲ့ရသည်။

နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေး၊ စီးပွား/ကူးသန်းနှင့် အကောက်ခွန်၊ ဟိုတယ်/ခရီးနှင့် လူဝင်မှုကြီးကြပ်ရေး၊ နိုင်ငံခြားရေးနှင့် ဟိုတယ်/ခရီး၊ ပညာရေးနှင့် အလုပ်သမား စသည်ဖြင့် ဝန်ကြီးဌာနများအလိုက် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်လျှော့ချကာ ပူးပေါင်းညှိနှိုင်းမှုများ မြှင့်တင်ခြင်းဖြင့် အချိန်တိုအတွင်း ရလဒ်ကောင်းများစွာ ရရှိနိုင်ရေး ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ယင်းသို့ လုပ်ငန်းများပေါင်းစပ်ဆောင်ရွက်မှု လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ရာတွင် အရေးပါသော အချက်တစ်ရပ်မှာ အိုင်စီတီနည်းပညာ ပေါင်းစပ်အသုံးပြုရေးပင်ဖြစ်သည်။ ဝန်ကြီးဌာနတစ်ခုချင်းအလိုက် အိုင်စီတီနည်းပညာအသုံးပြုရေး၊ ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု ဆက်သွယ်ရာတွင်လည်း အိုင်စီတီနည်းပညာ အသုံးပြုရေးတို့ကို အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ရေရှည်တွင် အစိုးရယန္တရားတစ်ရပ်လုံးကို **e-Government** အဖြစ် တည်ဆောက်သွားရန် အခြေအနေ အချိန်အခါအရပ်ရပ်တို့က တောင်းဆိုနေပြီဖြစ်သည်။

အစိုးရဌာနအချင်းချင်း သတင်းအချက်အလက်များ ဖလှယ်နိုင်စွမ်းမြှင့်တင်ရေး၊ ပြည်သူ့ရေးရာဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုများ လျော့နည်းပပျောက်ရေး၊ အစိုးရယန္တရား၏ ပုံရိပ်ကို မြှင့်တင်နိုင်ရေးအတွက် နည်းပညာကို တိုးမြှင့်သုံးစွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။




## စစ်ဘေးရှောင် ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်မဲ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ အောင်ဆုပန်ကျောင်းတိုက်၌နေထိုင်၍ ပညာသင်ကြားနေသော စစ်ဘေးရှောင် ကျောင်းသား ကျောင်းသူများအား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့တို့က စားသောက်စရိတ်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၁၄ ရက်က ပေးအပ်ခဲ့သည်။

ကျောက်မဲမြို့နယ် တော့ဆန်၊ ညောင်မောင်းကျေးရွာများမှ စစ်ဘေးရှောင်ကာ အဆိုပါကျောင်းတိုက်တွင် တည်းခိုနေထိုင်၍ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၈၅ ဦးအတွက် စားသောက်စရိတ်ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့် အဖွဲ့ဝင်များက အောင်ဆုပန်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်ကြေညာ

**နေပြည်တော် ဩဂုတ် ၁၅**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံအိတ်ကို ဩဂုတ် ၁၇ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဩဂုတ် ၁၈ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန် ရုံးခွဲ)တွင် လျှောက်ထားနိုင်သည်။

အသေးစိတ် သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၃၇၆၇၇ နှင့် ၀၁-၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အခမဲ့ပန်းချီအခြေခံ သင်တန်းဆင်း

**သရက် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြုလုပ်သည့် ပန်းချီအခြေခံသင်တန်းဆင်းပွဲကို ဩဂုတ် ၁၄ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မူးယစ်ဆေးဝါးကင်းစင်ဖို့ အားလုံးတိုက်ဖျက်စို့ ခေါင်းစဉ်ဖြင့် ပုံတူပန်းချီယှဉ်ပြိုင်ရာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုကို ရုံးရပ်အမကကျောင်းမှ စတုတ္ထတန်းကျောင်းသူ မဝင်းစန္ဒာလှိုင်က လည်းကောင်း၊ ဒုတိယဆုကို ရွှေဘုံသာအမကမှ တတိယတန်းကျောင်းသူ မဟေမာန်ဖူးက လည်းကောင်း၊ တတိယဆုကို ရုံးရပ်အမကကျောင်းမှ စတုတ္ထတန်းကျောင်းသား မောင်သာထက်အောင်က လည်းကောင်း ရရှိခဲ့ကြသည်။

ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ပန်းချီအခြေခံပညာ သင်ကြားပေးခဲ့သည့် ပန်းချီမိုး(သရက်)ကို ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ထင်သာမြင်သာပြုပြင်စရာ

### အန္တရာယ်ရှိဂြိုဟ်တုဆက်သွယ်ရေးစလောင်းအား ဖြုတ်သိမ်းပေးစေလို

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် သရဖီလမ်းရှိ တိုက်တစ်တိုက်၏ ငါးလွှာအပြင်ဘက်ဝရန်တာတွင် ရှစ်ပေဆက်သွယ်ရေး ဂြိုဟ်တုစလောင်း **(ယာပုံ)** တပ်ဆင်ထားသည်မှာ ၁၅ နှစ် ကျော်ပြီဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ်ကြောင့် အဆိုပါစလောင်းအောက်သို့ ပြုတ်ကျခဲ့ပါက အများပြည်သူများ အသက်အန္တရာယ်စိုးရိမ်ရသည်။



ထို့ကြောင့် လမ်းသွားလမ်းလာပြည်သူများ အန္တရာယ်ကင်းဝေးစွာသွားလာနိုင်ရေးအတွက် အဆိုပါစလောင်းအား ဖြုတ်သိမ်းပေးစေလိုကြောင်း အနီးဝန်းကျင်ရှိ ပြည်သူများထံမှ သိရသည်။ **တင်မောင်ဦး(အလုံ)**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၅-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၈၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၅၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အာဆီယံနေ့အထိမ်းအမှတ် အာဆီယံသံတမန်များအား နေ့လယ်စာဖြင့် တည်ခင်း

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က (၄၉)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အဖြစ် အာဆီယံနိုင်ငံများမှ သံတမန်များအား နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းတွင် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံအမတ်ကြီးများနှင့် ရင်းနှီးခင်မင်စွာ နှုတ်ဆက်စကားပြောဆိုပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့သော (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ပတ်သက်သည့် အတွေ့အကြုံများကို ဆွေးနွေးပြောကြားခဲ့သည်။





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် (၄၉)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ သံတမန်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ သံအမတ်ကြီးများနှင့်ဇနီးများ၊ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်သုံးရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## အက်စ်တိုးနီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဩဂုတ် ၁၆**

နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အက်စ်တိုးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် Mr. Riho Kruuv အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမှ သဘောတူညီပြီးဖြစ်သည်။

Mr. Riho Kruuv ကို ၁၉၇၂ ခုနှစ် ဇွန် ၁၄ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံ တာတူတက္ကသိုလ်မှ စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံ တယ်လ်လင်းမြို့ရှိ သံတမန်ရေးရာကျောင်းတွင် နိုင်ငံတကာဆက်ဆံရေးနှင့် ဥရောပပေါင်းစည်းမှုသင်တန်းကို တက်ရောက်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်ရှိ ဂျော့မေဆင်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် မူဝါဒဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အက်စ်တိုးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူး၊ ဒုတိယလက်ထောက်အတွင်းဝန်အပါအဝင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဝါရှင်တန်ဒီစီနှင့် အော်တာဝါမြို့တို့ရှိ အက်စ်တိုးနီးယားသံရုံးများတွင် ရာထူးအဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ယခုအချိန်အထိ အက်စ်တိုးနီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ လုံခြုံရေးရာမူဝါဒနှင့် လက်နက်ထိန်းချုပ်ရေးဌာန၏ အကြံပေးပုဂ္ဂိုလ်နှင့် ပို့ကုန်ထိန်းချုပ်ရေး အာဏာပိုင်အဖွဲ့၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦးရှိသည်။

**(သတင်းစဉ်)**

## ကနေဒါနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စ ကယ်ရင် အန်နီတာ မက်အာသာ အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စ ကယ်ရင် အန်နီတာ မက်အာသာသည် ၁၉၉၈ ခုနှစ်တွင် ကနေဒါနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၎င်းသည် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် သံမှူး (နိုင်ငံရေးရာ ဌာနစိတ်မှူး)အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကနေဒါနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် အကြီးတန်းဌာနဆိုင်ရာ အကြံပေးအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တောင်နှင့်အရှေ့အာဖရိကဆက်ဆံရေးဌာန၌ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ရှိ ကနေဒါသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် တိုရွန်တိုမြို့ ကနေဒီယန် ဖို့ဇစ်(စ်)ကောလိပ်၌ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအတွက် ဖွင့်လှစ်သည့် အမျိုးသားလုံခြုံရေးအစီအစဉ်(၂၀၁၅-၂၀၁၆)သို့ ကနေဒါနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဝန်ကြီးဌာန၏ ကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

မစ္စ ကယ်ရင် အန်နီတာ မက်အာသာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**(သတင်းစဉ်)**

## ကြို့ပင်ကောက်မြို့၌ အခြေခံပညာကျောင်းအချို့ပြန်လည်ဖွင့်

**ကြို့ပင်ကောက် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် မြစ်မခမြစ်ရေမြင့်တက်လာမှုကြောင့် အခြေခံပညာကျောင်းများ ခေတ္တပိတ်ထားခဲ့ရာမှ မြစ်ရေတဖြည်းဖြည်းကျဆင်းသွားပြီဖြစ်၍ အခြေခံပညာကျောင်းအချို့ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

မြစ်ရေကျသွားပြီဖြစ်၍ ဩဂုတ် ၁၂ ရက်က အလက(ခွဲ)ရွာသာယာကျောင်း၊ အမက ရွာသစ်၊ အမက ကျင်စွယ်၊ အမက မကျီးပင်စုကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ဩဂုတ် ၁၃ ရက်က မူလွန်ထန်းကုန်း၊ အမက အောင်ချမ်းသာ(၂) ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ရာ မင်းအိုကျောင်းနှင့် ဘိသလွန်စစ်ကုန်းကျောင်းတို့မှာ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ရေကြီးရေလျှံမှုဖြစ်၍ ခေတ္တပိတ်ထားရသောကျောင်းများကို ရေကျသွား၍ ပြန်လည်ဖွင့်လှစ်သောအခါ အဖိတ် ဥပုသ်ကျောင်းပိတ်ရက်များကို ရက်စားပြန်လည်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

## နတ်တလင်းမြို့ရေဘေးသင့်ပြည်သူများအား စေတနာရှင်များလှူဒါန်း

**နတ်တလင်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကိုကာကိုလာကုမ္ပဏီတို့၏ ကူညီပံ့ပိုးမှုဖြင့် Coca cola Zero ဘူးကြီး ၂၅၀၀၊ တာပွန်တိုက်နယ်ဆရာဝန် ဆွေဇင်ဝင်းနှင့် မမေသီရိလွင်(ခေတ္တစင်ကာပူ)တို့က ခေါက်ဆွဲခြောက်ပါကင်ပုံးကြီး လေးပုံးနှင့်ရေသန့် ခြောက်လုံး ကတ် ၇၀ တို့ကို ရေမွှေး၊ ကျောင်းရွာလေး၊ ပုဇွန်ချောင်း၊ ရေဆယ်၊ ကထန်၊ တောင်ယာတော၊ ကြို့ပင်အင်း စုစုပေါင်းရွာ ခြောက်ရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၉၅၆ စုအား မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ငြိမ်းချမ်းချိုတပ်ခွဲမှူး ကျော်ဇောနှင့် တပ်ဖွဲ့ဝင်များက အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်မြင့် (နတ်တလင်း)**

## ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်များ၏အလှူငွေများလက်ခံ



**ရန်ကုန် ဩဂုတ် ၁၅**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံး(ရန်ကုန်)သို့ ရောဝတီဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၅၀၀ လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါရုံးခန်းမ၌ လက်ခံခဲ့သည်။

အဆိုပါရုံးသို့ ဩဂုတ် ၁၄ ရက်၌ ဘောဘီဗိုက်တာဆေးတိုက်က ငွေကျပ် ၃၀၀၀၀၀ နှင့် ဆေးပစ္စည်းများ၊ မြွေနှစ်ကောင်ဆေးတိုက်မှ ငွေကျပ် ၅၀၀၀၀၀ နှင့် ဆေးမျိုးစုံ၊ ဒေါက်တာ အေးကျော်က ဆေးပစ္စည်းအမျိုးမျိုး၊ ဒေါ်စန်းစန်းရီ (Credit) က ငွေကျပ် ၁၀၀၀၀၀ နှင့် ဆေးပစ္စည်းမျိုးစုံနှင့် ကျောင်းသုံးဗလာစာအုပ်၊ ဦးဖြိုးဝေလင်း(Neo)က ငွေကျပ် ၃၀၀၀၀၀၊ ဦးကြိုင် (စိန်သော့မိသားစု) က ငွေကျပ် ၂၀၀၀၀၀၊ ဒေါက်တာ Glenn က ငွေကျပ် ၁၀၀၀၀၀၀၀၊ ဆေးတက္ကသိုလ်(၁) ကျောင်းသားကျောင်းသူဟောင်းများက ငွေကျပ် ၅၀၀၀၀၀၀၊ ယင်းနေ့ စုစုပေါင်းလှူဒါန်းရရှိငွေမှာ ငွေကျပ် ၆၆၄၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၀ ရက်မှ ၁၄ ရက်ထိ စေတနာရှင်ပြည်သူများ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၇၉၇၇၁၀၀၀ ဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံး(ရန်ကုန်)မှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မုတ်သုံလေ ဆက်လက်အားကောင်းနေ

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေဆက်လက်အားကောင်းနေမည်။ **(မိုး/ဇလ)**

✻ ရှေ့ဖုံးမှ

မည်သို့မျှထိန်းသိမ်းထားနိုင်မည် မဟုတ်ပါကြောင်း၊ စီးပွားရေး မည်မျှ တိုးတက်သည်ဖြစ်စေ ငြိမ်းချမ်းမှုမရှိလျှင် စီးပွားရေး ပြိုလဲသွားနိုင်ပါကြောင်း။

ယင်းကို ဖြည့်ဆည်းပေးနိုင်ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဘက်ကလည်း ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး သဘောထားပါရှိရေးမှာ အရေးကြီးပါကြောင်း။

သို့သော်လည်း ၁၀၀ ရာခိုင်နှုန်း သဘောတူရန် မဖြစ်နိုင်ပါကြောင်း၊ ယင်းမှာ လူသားများ၏ သဘာဝပင်ဖြစ်ကြောင်း၊ သို့သော်လည်း မတူညီသည့် သဘောထားများကို ညှိနှိုင်းနိုင်ရန် အရေးကြီးပါကြောင်း၊ မိမိတို့အတွက် အပေါင်းလက္ခဏာ ဆောင်ရန်ဆိုလျှင် သဘောထား အမျိုးမျိုးရှိရမည်ဖြစ်ပြီး အမြင်အမျိုးမျိုးရှိရမည်ဖြစ်ကြောင်း၊ အမြင်အမျိုးမျိုးသည် အားလုံးအပေါ်အကျိုးပြုရန်ဆိုလျှင် ညှိနှိုင်းတွေ့ဆုံရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ယခုအစည်းအဝေးတွင် ညီလာခံအတွက် ဆွေးနွေးစရာ များစွာရှိမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် အဖွဲ့အစည်း၏ရပ်တည်ချက်၊ တစ်ဦးချင်းစီ၏ရပ်တည်ချက်များကို လေးစားပြီး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂) ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယခုဆွေးနွေးပွဲမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအတွက် အခြေခံများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်းဖြင့်လည်းကောင်း။

တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက ယနေ့အစည်းအဝေးတွင် မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံအတွက် အခြေခံကောင်းများကို ဆွေးနွေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် လည်းကောင်း၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးရာတွင် မိမိတို့ရပ်တည်ချက်များကို အစွန်းမရောက်ရန်လိုအပ်ပါကြောင်း၊ အားလုံးက အကောင်းမြင်စိတ်ဖြင့် ဆွေးနွေးကြရန်လိုကြောင်း၊ သို့မှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် လည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ညီလာခံတွင် ဆွေးနွေးမည့်အစီအစဉ်များ၊ ညီလာခံကျင်းပရေး ပူးတွဲကော်မတီဖွဲ့စည်းရေး၊ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များကိစ္စ၊ ကျင်းပမည့်နေ့ရက်၊ ဖွင့်ပွဲနှင့် ညစာစားပွဲအစီအစဉ်တို့ ဆွေးနွေးအတည်ပြုကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ယခင် UPDJC ဆောင်ရွက်ချက်များ ပြန်လည်ဆွေးနွေးခြင်း၊ UPDJC ကိုယ်စားလှယ်များ အစားထိုးလဲလှယ်ခြင်း၊ မူဘောင်သုံးသပ်ခြင်း အစည်းအဝေးများမှ သုံးသပ်ချက်များ ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းငွေကျပ် ၈၇၅၀၀၀၀ အား အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က လည်းကောင်း၊ ဝန်ကြီးဌာနအမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက လှူဒါန်းငွေကျပ်ငါးသိန်းစုစုပေါင်း လှူဒါန်း ငွေကျပ် ၁၀ သိန်းအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန္ဒာဦးတို့က ယနေ့ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဦးစီးဆောင်ရွက်လျက်ရှိသော ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများအတွက် မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ ၂၀၁၆ ကျင်းပရေး ကော်မတီက မတည်လှူဒါန်းငွေ ကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ်က ငွေကျပ်သိန်း ၅၀၊ သစ်ဝါးကြိမ်စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ကျပ်သိန်း ၂၀၊ Legend International Development Pte.,Ltd မှ ဦးဝီလျံမိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးအေးသောင်းမိသားစုက ငွေကျပ် ၁၀ သိန်း၊ မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ ၂၀၁၆ တွင် ပါဝင်ပြသသော ပြခန်းကုမ္ပဏီများက ငွေကျပ်သိန်း ၆၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ကို ပြပွဲကျင်းပရေးကော်မတီက ဩဂုတ် ၁၄ ရက်တွင် တပ်မတော်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
**(သတင်းစဉ်)**

## ငြိမ်းချမ်းရေးကာတွန်းပြပွဲ- ၂၀၁၆ တွင် ပြသခဲ့သော ကာတွန်းအချို့





ငြိမ်းချမ်းရေးကာတွန်းပြပွဲ- ၂၀၁၆ တွင် ပြသခဲ့သော ကာတွန်းများမှ ခွင့်ပြုချက်အရ ဖော်ပြခြင်း ဖြစ်ပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးကြီးနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနထုတ်ပြန်ချက်အရ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် လည်းကောင်း၊ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်၊ ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ လည်းကောင်း မိုးကြီးနိုင်သည်။ **(မြန်မာ့အလင်း)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ မော်လူးဒေသစစ်ဘေးရှောင်မိသားစုဝင်များနှင့်တွေ့ဆုံ

**မော်လူး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဦးဆောင်သော တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၄ ရက်က အင်းတော်မြို့နယ် မော်လူးဒေသ မံဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာ နန့်စီးအောင် သစ်ထုတ်ရေးဝင်းသို့ ရောက်ရှိသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မော်လူးဒေသကျောက်မျက်တူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စစ်ဘေးရှောင်မိသားစုဝင်များ၊ ဌာနဆိုင်ရာသစ်တောဝန်ထမ်းများနှင့်တွေ့ဆုံကာ နန့်စီးအောင်ကြိုးဝိုင်းအမှတ်(၆)တွင် ယာယီကျူးကျော်နေထိုင်မှုနှင့် စပ်လျဉ်းပြီး ၎င်းအိမ်ထောင်စုဝင်မိသားစု ၁၃ စုတို့၏ နေထိုင်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကိုလည်းကောင်း မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ အဆိုပါစစ်ဘေးရှောင်မိသားစုဝင်များ၏ နေထိုင်ရာနေရာသည် သစ်တောကြိုးဝိုင်းနယ်မြေတွင်ပါဝင်ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ဒေသ ဖြစ်သည့်အတွက် အဆင်ပြေရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့သည်။ **နီတိုး**

# မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**လှိုင်ကော် ဩဂုတ် ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့ လွိုင်ကော်မြို့မရဲစခန်းမှ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက်က လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမဆောင်၌ ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် လွိုင်ကော်မြို့မရဲစခန်းမှ ရဲအုပ်အောင်ဇော်က ပြစ်မှုဥပဒေဆိုင်ရာများအကြောင်းနှင့် မူးယစ်ဆေးဝါးတားဆီး ကာကွယ်ရေးဆိုင်ရာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုစိုး(လွိုင်ကော်)**

# လမ်းမတော်မြို့နယ် နောက်ဖေးလမ်းကြားသန့်ရှင်းရေးလုပ်ဆောင်မှု မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးလုပ်ဆောင်မှုများကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ကြည့်ရှုစစ်ဆေးသည်။

လမ်းမတော်မြို့နယ်(၆)ရပ်ကွက် ၁၃ လမ်းနှင့် ၁၄လမ်းကြား မြို့တော်စည်ပင်၏ အစီအစဉ်ဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်စည်ပင်အစီအစဉ်ဖြင့် နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးဆောင်ရွက်မှုအပေါ် သက်ဆိုင်ရာရပ်ကွက်တာဝန်ရှိသူများ လက်ခံနိုင်သည့်အဆင့်ရောက်ရှိရန် လုပ်ဆောင်ပေးမည်ဖြစ်ပြီး ထပ်မံ၍ အမှိုက်ထုပ်များ အထပ်မြင့်များပေါ်မှ ပစ်ချခြင်း၊ မြေညီထပ်အချို့မှ ကျူးကျော်အသုံးချခြင်းများအပေါ် အရေးယူဆောင်ရွက်ခြင်းတို့ကို ပြောကြားသည်။



လမ်းမတော် မြို့နယ်အတွင်း လမ်းသွယ်အချို့၌ စောင့်ကြည့်ကင်မရာများ တပ်ဆင်ထားသော်လည်း စည်းကမ်းမဲ့ လမ်းသွယ်များပေါ်တွင် အမှိုက်ထုပ်ချသည့်ဖြစ်စဉ်များ စောင့်ကြည့်ကင်မရာမြင်ကွင်းများတွင် အချို့မြင်တွေ့ရမှုရှိသော်လည်း အရေးယူရန်တင်ပြမှုအားနည်းသဖြင့် ယင်းစောင့်ကြည့်ကင်မရာတပ်ဆင်ထားသော လမ်းသွယ်အချို့ပေါ်၌ စည်းကမ်းမဲ့အမှိုက်ချထားခြင်းများ မြင်တွေ့နေရဆဲဖြစ်သည်ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

နောက်ဖေးလမ်းကြားများ အပါအဝင် အများပြည်သူဆိုင်ရာ မြေကွက်လပ်အချို့ လမ်းသွယ်များတွင် ရှိတတ်ရာအကြောင်းအမျိုးမျိုးပြ အသုံးချနေမှုများရှိသည်ကို မြင်တွေ့နေရဆဲ ဖြစ်သည်ဟု မြေနီကုန်း၌ အလုပ်ဆင်းနေသူ ဦးဇော်ကပြောသည်။ ယခုစတင်သည့် နောက်ဖေးလမ်းကြား သန့်ရှင်းရေးဆောင်ရွက်မှုနှင့်အတူ ကျန်းမာရေး၊ လုံခြုံရေးအရ သန့်ရှင်းသပ်ရပ်သော မြင်ကွင်းများရှိရန် ရန်ကုန်မြို့တွင်း နေထိုင်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ခင်ဆိုင်**

## မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေ

**နေပြည်တော် ဩဂုတ် ၁၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# ကျွန်တော်တို့ နိုင်ငံရေးဖြစ်စဉ်က တစ်နေရာမှာမှ တစ်မသွားဘူး၊ အားလုံးက ယုံယုံကြည်ကြည်နဲ့ ဆက်ပါပြီး ယုံကြည်မှုကိုဆက်သွားနေပါတယ်

**ဦးလှမောင်ရွှေ**

**မေး / ရေး-မျိုးမြင့်၊ သူရဇော်**

**ဓာတ်ပုံ-ကိုကိုလေး**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့လျက်ရှိရာ ပါဝင်ဆွေးနွေးခဲ့ကြသူများထံမှ ငြိမ်းချမ်းရေးရောင်နီစကားများကို ယခုလို ကြားသိခဲ့ရပါသည် -

**ဦးလှမောင်ရွှေ (UPDJC) အတွင်းရေးမှူး**

ဒီနေ့အစည်းအဝေးမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ အဆုံးအဖြတ်တွေ ချနိုင်ခဲ့ပါတယ်။ ပထမက ညီလာခံကို ဩဂုတ်လ ၃၁ ရက် မှာ စတင်ကျင်းပမှာကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ နိုင်ငံရေးပါတီတွေက အတည်ပြုနိုင်ခဲ့ပါတယ်။ ဒုတိယအနေနဲ့ ရန်ကုန်မြို့မှာ ၃ ရက်ကြာ ဆွေးနွေးခဲ့တဲ့ မူဘောင် ပြန်လည်သုံးသပ်ထားတာတွေကို အခုကျင်းပတဲ့ အစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပါတယ်။

အထူးသဖြင့် ညီလာခံကို လက်မှတ်မထိုးထားတဲ့အဖွဲ့တွေအားလုံးပါဝင်နိုင်အောင် ကြိုးစားသွားဖို့ သဘောတူကြပါတယ်။ ဒါ့အပြင် နိုင်ငံရေးကိုယ်စားလှယ်အဖွဲ့က အဆိုပြုတဲ့ ကိုယ်စားလှယ်ဆိုတဲ့ အသုံးအနှုန်းအစား တက်ရောက်သူများဆိုပြီး အသုံးပြုဖို့ သဘောတူခဲ့ကြပါတယ်။ အဓိကက ဒီညီလာခံဟာ နိုင်ငံရေးဖြစ်စဉ်တွေ ဆက်သွားဖို့နဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လုပ်ပြီး နောက်ထပ်ညီလာခံတွေ ဆက်ကျင်းပသွားဖို့အတွက် အစပြုမှုအနေနဲ့ အားလုံးက သဘောတူညီခဲ့တဲ့အတွက် ချောချောမွေ့မွေ့နဲ့ ဆက်သွားလို့ရတဲ့ အနေအထားရှိပါတယ်။

ပူးပေါင်းကော်မတီဖွဲ့စည်းဖို့ကိုလည်း ဆက်ပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ လက်မှတ်မရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေပါ ပါဝင်ဖို့ အစုအဖွဲ့သုံးခုလုံးက သဘောတူညီခဲ့ကြပါတယ်။ လက်မှတ်ထိုးသည်ဖြစ်စေ၊ မထိုးသည်ဖြစ်စေ အားလုံးက ညီလာခံတက်ရောက်သူများဆိုတဲ့ အသုံးအနှုန်းနဲ့ သဘောတူထားတာ ဖြစ်တဲ့အတွက် ညီလာခံကိုယ်စားလှယ်လို့ သုံးနှုန်းရင်တောင် တစ်ယောက်နဲ့ တစ်ယောက် ခွဲခြားသလိုဖြစ်မှာဖြစ်တဲ့အတွက် အားလုံးကို ညီလာခံတက်ရောက်သူများဆိုပြီး အသုံးပြုဖို့ သဘောတူထားတာ ဖြစ်ပါတယ်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို တိုင်းရင်းသားလက်နက်ကိုင်ဒေသတွေမှာ လုပ်မှာမဟုတ်ပါဘူး။ နိုင်ငံရေးဆွေးနွေးပွဲက ပြည်နယ်နဲ့ တိုင်းအားလုံးမှာရှိတဲ့ ဒေသတွေမှာ လူမျိုးစုအလိုက်ကို အခြေခံပြီး လုပ်လို့ရပါတယ်။ အကြောင်းအရာကိုအခြေခံပြီး လုပ်လို့ရပါတယ်။ ဒေသကိုအခြေခံပြီး လုပ်လို့ရပါတယ်။ အဲဒါကို သုံးရက်ကြာဆွေးနွေးခဲ့တဲ့ မူဘောင်နဲ့ အဲဒီမတိုင်ခင် လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ ဆွေးနွေးခဲ့တာရှိပါတယ်။ အဲဒါတွေအားလုံးကို အခုဆွေးနွေးပွဲမှာ အတည်ပြုမှာဖြစ်ပါတယ်။

အားလုံးကလည်း အတည်ပြုမယ့် အနေအထားမှာရှိတဲ့အတွက် ညီလာခံမှာ ထပ်တင်ပြအတည်ပြုပြီးရင် ညီလာခံအပြီးမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို လူမှုအဖွဲ့အစည်းတွေ၊ တိုင်းရင်းသားတွေအပြင် နိုင်ငံရေးပါတီအားလုံးက ပါဝင်ပြီး ဒေသအလိုက်၊ လူမျိုးစုအလိုက် အကြောင်းအရာတွေကို သတ်မှတ်ထားတဲ့ မူဘောင်အတွင်းမှာ ဆွေးနွေးပြီး နောင်ဆက်လက်ကျင်းပမယ့် ညီလာခံမှာ ပြန်တင်ပြမှာဖြစ်ပါတယ်။ အဲဒါတွေကိုဆက်ဆွေးနွေးပြီး နိုင်ငံရေးသဘောတူချက်တွေ ယူမယ့်အနေအထား ဖြစ်ပါတယ်။ ဒါကို NCA မှာလည်း ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့အနေနဲ့ အရင်က အချိန်ကန့်သတ်ချက်ကြောင့် မဆောင်ရွက်နိုင်ခဲ့ပါဘူး။ အခု ဒါကိုဆက်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မူဘောင်က အသေမဟုတ်ပါဘူး၊ အခုညီလာခံအတွက်ကို အတည်ပြုလိုက်တာပါ။ နောင်လိုအပ်မယ်ဆိုရင် ဒီမူဘောင်ကို ပြန်ဆွေးနွေးပြီး ပြင်သွားလို့ရပါတယ်။ မူဘောင်ပါ အကြောင်းအရာတွေကို အခုညီလာခံအဖွင့်လို သဘောထားတဲ့အတွက် အရင်တုန်းက ကြိုတင်ရည်မှန်းထားတဲ့ နိုင်ငံရေးနဲ့ ကာကွယ်ရေးကို အဓိကထားမယ်။ ဒါပေမယ့် သူတို့က တင်ပြချင်တာကိုလည်း မပိတ်ပင်ဖို့ အားလုံးကသဘောတူထားပါတယ်။အရေးကြီးတာက ကျွန်တော်တို့ နိုင်ငံရေးဖြစ်စဉ်က တစ်နေရာမှာမှ တစ်မသွားဘူး၊ အားလုံးက ယုံယုံကြည်ကြည်နဲ့ ဆက်ပါပြီး ယုံကြည်မှုကို ဆက်သွားနေပါတယ်။ အခုဆွေးနွေးပွဲမှာ အဲ့ဒါရတယ်လို့ ထင်ပါတယ်။



ပဒိုစောကွယ်ထူးဝင်း (UPDJC) ဒုတိယဥက္ကဋ္ဌ



ဦးလှမောင်ရွှေ (UPDJC) အတွင်းရေးမှူး

**ပဒိုစောကွယ်ထူးဝင်း (UPDJC) ဒုတိယဥက္ကဋ္ဌ**

ကျွန်တော်တို့ အဓိကဆွေးနွေးတာက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကို စတင်ဖို့ဖြစ်ပါတယ်။ တက်ရောက်မယ့် အစုအဖွဲ့ကိစ္စ၊ ကျင်းပမယ့်နေ့ရက်၊ ဆွေးနွေးမယ့်အစီအစဉ်တွေကို ဆွေးနွေးနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်း ပြင်ဆင်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံရေးဆွေးနွေးပွဲကို မစတင်နိုင်ခဲ့ပါဘူး။ အခုကျင်းပမယ့် ညီလာခံက နိုင်ငံရေးဆွေးနွေးပွဲကို စတင်ဆောင်ရွက်မယ့် အစီအစဉ်ဖြစ်ပါတယ်။ ဒါကြောင့် ညီလာခံကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကုန်လုံး၊ လက်မှတ်ရေးထိုးတဲ့အဖွဲ့တွေရော၊ မထိုးတဲ့အဖွဲ့တွေရော ပါဝင်တက်ရောက်ဖို့ ဖိတ်ကြားသွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးပွဲကျင်းပရေး ကော်မတီထဲမှာ လက်မှတ်မရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ကိုယ်စားပြုသူတွေလည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တက်ရောက်မယ့် အဖွဲ့အစည်းတိုင်း သဘောထားကို တစ်ဖွဲ့ကို ဆယ်မိနစ်စီ တင်ပြခွင့်ပေးမယ်၊ သို့သော်လည်း ဘာဆွေးနွေးမှုမှမရှိဘူး၊ ဘာမှလည်း ဆုံးဖြတ်မယ့် ညီလာခံမဟုတ်ဘူး၊ ငြိမ်းချမ်းရေးညီလာခံ နောက်တစ်ကြိမ် ဆက်ပြီးကျင်းပနိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးပွဲကို စတင်ကျင်းပတဲ့ ညီလာခံမှာ ကျွန်တော်တို့ တက်ရောက်တယ်ဆိုတဲ့ သဘောပဲဖြစ်ပါတယ်။ ကိုယ်စားလှယ်ဆိုရင် အမြဲတမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့ဖိတ်ကြားရာမှာ ညီလာခံတက်ရောက်ဖို့အတွက် ဘယ်အဖွဲ့အစည်းက ဘယ်နှယောက်တက်ပါဆိုပြီး ဆောင်ရွက်ခဲ့ပါတယ်။

မူအားဖြင့် အကုန်လုံးပါဝင်ရေးမူနဲ့ အခြေခံပြီး အကုန်လုံးပါဝင်နိုင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပတာဖြစ်ပါတယ်။ အဲ့ဒီဆွေးနွေးပွဲမှာ ကိုယ့်ရဲ့သဘောထား၊ ကိုယ့်အဖွဲ့အစည်းရဲ့သဘောထားကို တစ်ဖွဲ့ချင်း တင်ပြဖို့ရှိပါတယ်။ သို့သော်လည်း ဆွေးနွေးအတည်ပြုချက်မရှိဘူး၊ ငြိမ်းချမ်းရေးကိုသွားတဲ့နေရာမှာ အတူတကွပူးပေါင်းလုပ်ဆောင်သွားရမယ့် ကိစ္စဖြစ်တဲ့အတွက် အကုန်လုံးပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကျင်းပမှာဖြစ်ပါတယ်။

**ဦးသုဝေ (နိုင်ငံရေးပါတီများအစုအဖွဲ့) ဒုတိယဥက္ကဋ္ဌ**

ဒီနေ့ဆွေးနွေးပွဲက လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေ တက်ဖို့များပါတယ်။ တစ်ဆင့်တက်ပြီး သူတို့လည်း လက်မှတ်ထိုးမယ်၊ ညီလာခံတက်ကြမယ်။ အဲ့ဒီကနေပြီး အကုန်လုံးလည်းပါလာနိုင်ပါတယ်။ အကုန်လုံးပါရင် တစ်ပြိုင်တည်း ပြီးသွားမှာပါ။ ဒါပေမယ့် ငြိမ်းချမ်းရေးပြဿနာက ပစ်ခတ်ရပ်စဲတာ တစ်ခုတည်းမဟုတ်ဘဲ ပြဿနာတွေ ဖြေရှင်းဖို့လည်း ရှိပါတယ်။

ဥပမာ ဘယ်လိုပြည်ထောင်စုကြီးကို တည်ဆောက်မလဲ၊ ဖက်ဒရယ်ဆိုတာ ဘယ်လိုဖက်ဒရယ်လဲ၊ နောက်တစ်ခါ လက်နက်ကိုင်ဆိုရင် ဘယ်လိုပုံစံမျိုး၊ ဖက်ဒရယ်တပ်မတော်ဆိုတာ ဘယ်လိုမျိုးကိုခေါ်တာ၊ အဲ့ဒီအတိုင်းဘာလုပ်ရမယ် ဒါတွေအများကြီးရှိပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးလည်း ရှိပါတယ်။ ချက်ချင်းမပြီးပြတ်နိုင်ပါဘူး၊ မူအားဖြင့် ပြီးပြတ်နိုင်ပါတယ်၊ မူရသွားရင်လည်းမဆိုးပါဘူး။

**ဒေါက်တာအေးမောင် (နိုင်ငံရေးပါတီများအစုအဖွဲ့) အဖွဲ့ဝင်**

အခုလာမယ့်ညီလာခံက ငြိမ်းချမ်းရေးကို အစပြုမယ့်ညီလာခံဖြစ်ပါတယ်။ အဲ့ဒီညီလာခံမှာ အားလုံးပါဝင်ဖို့ မူဝါဒချထားပါတယ်။ အားလုံးပါလာတဲ့အထိ သူတို့ဆောင်ရွက်ကြပါလိမ့်မယ်၊ နောက် ပွင့်ပွင့်လင်းလင်းပြောရင် တပ်မတော်နဲ့ အခုဆွေးနွေးနေကြတဲ့ သုံးဖွဲ့ TNLA၊ AA၊ MNDAA တို့လည်း ဩဂုတ်လ ၃၁ ရက်မှာစမယ့် ညီလာခံကို ပါဝင်နိုင်တဲ့အထိ ဖြေလျှော့ကြမယ်လို့ ထင်ပါတယ်။ လာမယ့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်ဆို ပင်လုံစာချုပ်ချုပ်တာ နှစ်ပေါင်း ၇၀ ရှိပြီ။ အခုထိလွတ်လပ်ရေးနဲ့အတူ ပြည်တွင်းစစ်ကြီးက ရှိနေပါတယ်။

အဲ့ဒါကြောင့် စစ်ဘေးရှောင်၊ စစ်ဘေးဒဏ်ခံတဲ့ လူထုက ရှိနေပြီး တိုင်းရင်းသား ဒေသတွေမှာပဲဖြစ်နေပါတယ်။ ဒါတွေအားလုံးကို ကိုယ်ချင်းစာနာပြီး ဒီပြဿနာရဲ့ဇာစ်မြစ်ဖြစ်တဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ဖို့၊ စစ်မှန်တဲ့ ပြည်ထောင်စုကို သွားနိုင်ဖို့ ဩဂုတ်လ ၃၁ ရက်မှာစပြီး လှမ်းနိုင်မယ်ဆိုရင် ကျွန်တော်တို့အတွက်၊ ငြိမ်းချမ်းရေး အတွက်၊ ပြည်ထောင်စုအတွက် ကောင်းပါတယ်။ အဲ့ဒီသဘောကို သဘောတူကြပါတယ်။ အကုန်လုံးညှိနှိုင်းပြီး ဒီအခင်းအကျင်းမှာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် စလှမ်းသင့်ပါပြီ၊ အားလုံးပါဝင်အောင် ဖိတ်ခေါ်သင့်ပြီဆိုတဲ့ သဘောနဲ့ သွားတဲ့အခါကျတော့ မင်္ဂလာရှိပါတယ်။ အစကောင်းရင် အနှောင်းသေချာပါတယ်။

ဒီညီလာခံကြီးစတင်နိုင်အောင် အစပျိုးပေးခဲ့တဲ့ အရင်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ အစပျိုးပေးမယ့်သူမရှိရင် ကျွန်တော်တို့ အခုအစိုးရသွားမယ့် လမ်းကြောင်းကို အခုမှပြန်စရမှာပါ။ လက်ရှိအစိုးရမှာ တာဝန်ကြီးကြီးမားမားရှိတဲ့အတွက် အားလုံးက သဘောထားကြီးဖို့ လိုပါတယ်။ ပြည်ထောင်စုတစ်ဝန်းလုံးကလည်း သဘောထားကြီးဖို့ လိုပါတယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း ပိုပြီးသဘောထားကြီးဖို့ လိုပါတယ်။

**ဆလိုင်းလျန်မှုန်းဆာခေါင်း(ချင်းအမျိုးသားတပ်ဦး)**

ပြည်တွင်းငြိမ်းချမ်းရေးအတွက် အင်မတန်မှအရေးကြီးတဲ့ ညီလာခံကြီး ဖြစ်ပါတယ်။ အဲ့ဒီမှာလည်း နိုင်ငံတော်အစိုးရဘက်ကနေ သဘောထားကြီးကြီးနဲ့ လက်မှတ်ထိုးတဲ့အဖွဲ့ရော၊ လက်မှတ်မထိုးတဲ့အဖွဲ့ရော ပါဝင်လာနိုင်ရေးအတွက် လမ်းဖွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခု ကျွန်တော်တို့အနေနဲ့ လက်မှတ်ထိုးတဲ့ အဖွဲ့ရော၊ လက်မှတ်မထိုးတဲ့အဖွဲ့ရော ဒီမှာပါပြီး ညီလာခံကြီးကို အတူတကွကျင်းပကြမယ်။ အတူတကွကျင်းပမှာဖြစ်တဲ့အတွက် ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို ကျွန်တော်တို့အားလုံးက ပိုင်ဆိုင်တယ်။ ကျွန်တော်တို့အားလုံးပါဝင်ပတ်သက်တယ်ဆိုပြီးတော့ ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းပြီးခံစားလို့ရပါတယ်၊ တိုင်းရင်းသားလူမျိုးအားလုံး ဝိုင်းပြီးခံစားလို့ရပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးလည်း ဝိုင်းပြီးခံစားလို့ရပါတယ်။ ကျွန်တော်တို့အားလုံးက ငြိမ်းချမ်းရေးကို အတူတကွပိုင်ဆိုင်တယ်။ ငြိမ်းချမ်းရေးကို အတူတကွ ဖော်ဆောင်မယ်ဆိုတဲ့အချက်က တိုင်းပြည်အတွက် အင်မတန်မှ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ တိုင်းပြည်အတွက် အလားအလာကောင်းတဲ့ အချက်ပဲလို့ ကျွန်တော်ပြောချင်ပါတယ်။

---

❋ *ကျောဖုံးမှ*

ပို့ဆောင်ပေးသွားမှာပါ”ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

အဆိုပါဒေသတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ကူးစက်ရောဂါဖြစ်ပွားခဲ့သဖြင့် ရောဂါဖြစ်ပွားခဲ့သည့် ကျေးရွာများရှိ ပြည်သူများအတွက် အာဟာရအခြေအနေ မြှင့်တင်ပေးရန် ဆန် ၁၀၄ အိတ်၊ စားဆီ (၁၀ ပိဿာဝင်) ပုံး ၂၀၊ ကုလားပဲ (၃၀ ပိဿာ) အိတ် ၂၀၊ ငါးသေတ္တာ (ဘူး ၁၀၀ ပါ) ၃၃ ဖာ တို့ကို သက်ဆိုင်ရာက ကနဦးထောက်ပံ့မှု အနေဖြင့် သွားရောက်ထောက်ပံ့ခြင်း ဖြစ်သည်။

ထိုသို့ပို့ဆောင်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူတို့က လိုက်ပါပို့ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ဟမ္မလင်းမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် တပ်မတော် ရဟတ်ယာဉ်ဖြင့် စားသောက်ကုန်ပစ္စည်းများကို ခန္တီးမြို့သို့ သယ်ဆောင်ကာ ရာသီဥတုအခြေအနေပေါ်မူတည်၍ အဆိုပါဒေသများသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ရက် ၁၀၀ စီမံချက်ကာလအတွင်း မြေငှားဂရန်များ ပိုင်ရှင်များထံ လက်ရောက်ပေးအပ်

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရက် ၁၀၀စီမံချက်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးရွာမြေငှားဂရန်များအား မြေပိုင်ရှင်များလက်ဝယ်သို့ ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၁၂ ရက်တွင် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး ကျေးရွာမြေငှားဂရန်ဆောင်ရွက်ပြီးစီးခဲ့သည့် လှည်းကူးမြို့နယ် ဆင်ဖုံကျေးရွာ မြေပိုင်ရှင်များတစ်ဦးချင်းသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်မြို့နယ်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှကြွယ်(ပြန်/ဆက်)**

# လက်ထောက်ဆရာဝန်၊ လက်ထောက်ဆရာဝန် (သုတေသနအရာရှိ) နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်ရာထူးနေရာများ ရွေးချယ်ခန့်ထား

**နေပြည်တော် ဩဂုတ် ၁၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနတို့၌ လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်၊ လက်ထောက်ဆရာဝန် (သုတေသနအရာရှိ)နှင့် သွားဘက်ဆိုင်ရာဆရာဝန် ရာထူးနေရာများအတွက် ရွေးချယ်ခန့်ထားနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြေညာခေါ်ယူခဲ့ရာ လက်ထောက်ဆရာဝန် ရာထူးနေရာ ၂၀၀၀ အတွက် လျှောက်ထားသူ ၂၁၁၁ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်ရာထူး ၈၄ နေရာအတွက် လျှောက်ထားသူ ၃၅၃ ဦးရှိခဲ့သည်။

လျှောက်ထားသူများအား စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကို ဇူလိုင် ၄ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ရုံးအမှတ်(၁၇)၊ နေပြည်တော်၌ဆောင်ရွက်ခဲ့ရာ လက်ထောက်ဆရာဝန် ရာထူးနေရာများအတွက် လျှောက်ထားသူ ၂၁၁၁ ဦးတွင် လူတွေ့စစ်ဆေးခြင်းခံယူသူ ၁၇၆၈ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်ရာထူးနေရာများအတွက် လျှောက်ထားသူ ၃၅၃ဦး တွင် လူတွေ့စစ်ဆေးခြင်းခံယူသူ ၂၉၈ ဦးရှိကာ လူတွေ့စစ်ဆေးခြင်းခံယူခဲ့သူများအနက် လက်ထောက်ဆရာဝန် ရာထူးရွေးချယ်ခြင်းခံရသူ ၁၇၆၈ ဦးနှင့် သွားဘက်ဆိုင်ရာဆရာဝန်ရာထူး ရွေးချယ်ခြင်းခံရသူ ၈၄ ဦး၏ အမည်စာရင်းကို ဩဂုတ် ၁၆ ရက်တွင် ကြေညာချက်အမှတ်၊ ၅/၂၀၁၆ ဖြင့် ထုတ်ပြန်ထားရှိခဲ့သည်။

၎င်းတို့အား တစ်မျိုးသားလုံး၏ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တာဝန်ပေးခန့်ထားနိုင်ရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် မူလပုံမှန်သင်တန်းရက်သတ္တ ၁၄ ပတ်အစား ကျန်းမာရေးဝန်ကြီးဌာနက ပို့ချမည့်သင်တန်း ရက်သတ္တ နှစ်ပတ်အပါအဝင် ရက်သတ္တရှစ်ပတ်ဖြင့် ဖွင့်လှစ်မည့် အရာထမ်းလောင်း အခြေခံ(အထူး)သင်တန်းများသို့ ဩဂုတ် ၃၀ ရက်မှ စတင်တက်ရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ရွေးချယ်ခြင်းခံရသူများအမည်စာရင်းကြေညာချက်နှင့် အရာထမ်းလောင်း အခြေခံ (အထူး) သင်တန်းများသို့ တက်ရောက်ရန်အတွက် သင်တန်းဝင်ညွှန်ကြားလွှာတို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) နေပြည်တော်နှင့် အမှတ် (၆၅) အဝေရာလမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်ရုံးခွဲ၌ကြေညာထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံကြားပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်သည် ဂျပန်နိုင်ငံရှိ တိုကျိုတက္ကသိုလ်မှ University of Tokyo (UOT) ပါမောက္ခ Mr. Saburo Takizawa နှင့် Toyo Eiwa Women's College (TEWC) တို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံကြား ပညာရေးကဏ္ဍ တိုးတက်ပြောင်းလဲနေမှု၊ သင်ယူလေ့လာမှုဆိုင်ရာပညာရပ်များ နှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုအခြေခံသော တက္ကသိုလ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရပ်ဆိုင်ရာကိစ္စရပ်များ နီးနှောဖလှယ်သွားရေးများနှင့်စပ်လျဉ်းပြီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော် အဆောက်အအုံများကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် တောင်သူလယ်သမားနှင့် စိုက်ပျိုးကုန်ထုတ်အလုပ်သမားအဖွဲ့မှ ဦးစိုးထွန်းလတ် ဦးဆောင်သည့် အဖွဲ့ဝင် ၁၇ ဦး၊ ရေဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းမှ စီမံကိန်းအရာရှိ(၂) ဒေါ်ခင်သိင်္ဂီစိမ်း ဦးဆောင်သည့် လူငယ်ရေ ပညာရှင်များ၊ အငယ်တန်းသုတေသီများနှင့် ကြီးကြပ်သူ ၁၇ ဦး၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလာဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဆွေ ဦးဆောင်သည့် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၀ နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးလှိုင် ဦးဆောင်သည့် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၇၄ ဦး လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆ *ကျော်ဖုံးမှ*



**ဒေါက်တာ ဇော်လင်း**
**ဒုတိယညွှန်ကြားရေးမှူး**
**ဂျပန်ဦးနှောက်ရောင်ရောဂါ**
**စီမံချက်မန်နေဂျာ**

ဂျပန်ဦးနှောက်ရောင် ရောဂါပိုး (Japanese Encephalitis Virus) သယ်ဆောင်သော ကျူးလက်ခြင် (Culex tritaeniorhynchus) ကိုက်ခြင်းကြောင့် ရောဂါဖြစ်ပွားကြောင်း သိရပြီး ခြင်မှတစ်ဆင့် ၎င်းပိုးသည် ဝက်၊ ငှက်၊ ဘဲ၊ ခို၊ လင်းနို့ စသည်တို့၏ ခန္ဓာကိုယ်ထဲတွင် ကူးစက်ပွားများကာ အဆိုပါတိရစ္ဆာန်များနှင့် နီးကပ်စွာနေထိုင်သောလူများတွင် ဖြစ်ပွားလေ့ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် ခြင်ကိုက်ရာမှရရှိသော ရောဂါဖြစ်သောကြောင့် အသက်အရွယ်မရွေး၊ ကျား-မ မရွေးကူးစက်ဖြစ်ပွားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၁၉၇၄ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဂျပန်ဦးနှောက်ရောင်ရောဂါဖြင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသသူ ၂၇၇ ဦးရှိခဲ့ပြီး သေဆုံးသူ ၁၀၉ ဦးရှိခဲ့ကြောင်း သိရသည်။

"ရောဂါလက္ခဏာတွေအနေနဲ့ လူတွေမှာ ရောဂါပိုးချိန် ၅ ရက်ကနေ ၁၅ ရက်အထိဖြစ်ပြီးတော့ ဖျားတာ၊ တုန်တာ၊ ခေါင်းကိုက်တာ၊ ပျို့တာ၊ အန်တာမျိုး လက္ခဏာပြပါတယ်။ ရောဂါကူးစက်ခံရသူအများစုက သာမန်တုပ်ကွေးလက္ခဏာပြပြီးတော့ ဦးနှောက်ရောင်လက္ခဏာပြတာက နည်းပါတယ်။

"ဒီလို ရောဂါလက္ခဏာတွေ လူနာမှာ ဆက်တိုက်ပြနေပြီး ပိုမိုဆိုးရွားလာရင် စိတ်မကြည်လင်တာ၊ စိတ်လှုပ်ရှားတာ၊ စိတ်ရှုပ်ထွေးတာ၊ စိတ်ဂဏာမငြိမ်ဖြစ်တာ၊ ကယောင်ကတမ်းဖြစ်တာနဲ့ ပတ်ဝန်းကျင်ကို စိတ်မဝင်စားတော့ဘဲ တစ်ချိန်လုံး ငိုက်မျဉ်းလာတာမျိုး ဖြစ်တတ်ပါတယ်။ ဒီထက် ပိုမိုဆိုးရွားလာရင်တော့ တက်တာမျိုး၊ ဇက်ခိုင်တာမျိုးနဲ့ ကြွက်သားတွေ တောင့်တင်းလာပြီး ပုံမှန်မျက်နှာအမူအရာနဲ့ ပြသနိုင်မှုမရှိတာမျိုး ဖြစ်နိုင်ပါတယ်။ ပြီးတော့ အရည်ခန်းခြောက်ခြင်း ခံစားရမှု (Dehydration) နဲ့ ကိုယ်အလေးချိန် ကျဆင်းတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော် စောစောကပြောပြခဲ့သလို သေဆုံးနိုင်ခြေ မြင့်မားနိုင်ပါတယ်။

"တစ်ခါတလေမှာ နောက်ဆုံးအဆင့်အနေနဲ့ လူနာဟာ ပြန်လည်ကောင်းမွန်လာပေမယ့် ဦးနှောက်နဲ့အာရုံကြောတွေ ထိခိုက်တဲ့ဒဏ် ကျန်ရစ်ခဲ့တတ်ပါတယ်။ ဥပမာအနေနဲ့ စကားပြောတဲ့အခါ အသံလေးပြီး မပီသတော့တာ၊ အသံမထွက်တော့တာနဲ့ ကိုယ်အင်္ဂါမသန်စွမ်းတော့တာမျိုး ဖြစ်တတ်ပါတယ်။ ဒါ့ကြောင့် မပေါ့ဆဘဲ ဆေးရုံ၊ ဆေးခန်းတွေမှာ ဂရုတစိုက်ကုသသင့်ပါတယ်"ဟုလည်း ဒေါက်တာဇော်လင်းက ဂျပန်ဦးနှောက်ရောင်ရောဂါ လက္ခဏာများနှင့် စပ်လျဉ်း၍ ပြောပြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ရောဂါဖြစ်ပွားမှုကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းပေးပို့ခြင်း၊ ဂျပန်ဦးနှောက်ရောင်ရောဂါဆိုင်ရာ မေးမြန်းစုံစမ်းခြင်း၊ လူနာအိမ်နှင့် ပတ်ဝန်းကျင်တွင် ဖျားနာသူများ ရှိ/မရှိ ကျန်းမာရေးဝန်ထမ်းများက ရှာဖွေခြင်း၊ လူနာနေအိမ် ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များတွင် အလားတူရောဂါ ရှိ/မရှိ စုံစမ်းစစ်ဆေးခြင်း၊ ခြင်နှိမ်နင်းရေးလုပ်ငန်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း- သန့်စင်ဝင်း၊ ဟန်နီဝင်း**
**ဓာတ်ပုံ-ဖိုးသန့်**

# ကောက်ယူတွေ့ရှိသည့်ဖုန်းအား ပိုင်ရှင်ဖြစ်သူ နိုင်ငံခြားသားထံ ပြန်လည်အပ်နှံ

**ညောင်ဦး ဩဂုတ် ၁၅**

ညောင်ဦး၌ နိုင်ငံခြားခရီးသွားဧည့်သည်တစ်ဦး ကျပျောက်ခဲ့သည့် လက်ကိုင်ဖုန်းကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကောက်ယူတွေ့ရှိခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူ အဆိုပါနိုင်ငံခြားသားကို ရှာဖွေစုံစမ်း၍ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ အမှတ်(၆) တပ်ဖွဲ့စု (ပုဂံ)မှ ရဲအုပ်မျိုးညွန့်ဦးစီး၍ တပ်ဖွဲ့ဝင်သုံးဦး ပါဝင်သောအဖွဲ့သည် ဩဂုတ် ၁၄ ရက် ည ၇ နာရီက မော်တော်ယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်နေစဉ် ပုဂံမှ ညောင်ဦးမြို့ဘက်သွား အနော်ရထာနှစ်လမ်းသွားလမ်းမကြီးဘေးရှိ ရွာဟောင်းကြီးဘုရားအနီးတွင် အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံး ကောက်ယူတွေ့ရှိခဲ့ရာ ဖုန်းပိုင်ရှင်မှန်တွေ့ရှိရေးအတွက် ပုဂံနှင့် ညောင်ဦးဘက်ရှိ ဟိုတယ်များသို့ လိုက်လံသတင်းပေးစုံစမ်းခဲ့ပြီး တပ်ဖွဲ့သို့ ဆက်သွယ်သတင်းပေးပို့ရန် ဟိုတယ်များကို ဖုန်းနံပါတ်များ ပေးထားခဲ့ကြောင်း၊ ယင်းနေ့ ည ၉ နာရီခန့်တွင် ညောင်ဦးမြို့ ZFREETI ဟိုတယ်ဧည့်ကြိုဌာနက ဟိုတယ်အခန်းအမှတ် (၃၁၀)တွင် တည်းခိုနေထိုင်သူ စပိန်နိုင်ငံသား ဇနီးမောင်နှံ၏ လက်ကိုင်ဖုန်း iphone 6S အမျိုးအစားသည် ရွှေဆံတော်ဘုရားဘက်မှ လျှပ်စစ်စက်ဘီးဖြင့် ပြန်လာစဉ် လမ်းတွင်ကျပျောက်ခဲ့ကြောင်း သတင်းပေးဆက်သွယ်လာသဖြင့် ရဲအုပ်မျိုးညွန့်နှင့်အဖွဲ့သည် ယင်းဟိုတယ်သို့ သွားရောက်၍ အဆိုပါစပိန်နိုင်ငံသား ဇနီးမောင်နှံနှင့်တွေ့ဆုံပြီး ၎င်းတို့၏ပစ္စည်း မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခဲ့ရာ မှန်ကန်ကြောင်းသိရှိရသဖြင့် လက်ကိုင်ဖုန်းအား ဟိုတယ်ဧည့်ကြို ကောင်တာရှေ့၌ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



**ညောင်တုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ဩဂုတ် ၁၄ ရက်ကစတင်၍ ခေတ္တပိတ်ထားခဲ့သော စာသင်ကျောင်းများ ပြန်ဖွင့်သဖြင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ကျောင်းတက်နေသည်ကို တွေ့ရစဉ်**
ဓာတ်ပုံ-ထွန်းကျော်(ညောင်တုန်း)

## အာဟာရပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၅**

အာဟာရပညာရပ်ဆိုင်ရာဟောပြောပွဲကို ဩဂုတ် ၂၁ ရက် အစား ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park၊ Building 10 ရှိ STI Myanmar University အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာအစိုးရအဆက်ဆက်သည် ဗြိတိသျှလက်ထက်ကသတ်မှတ်ခဲ့သည့်နယ်နိမိတ်များကို ပြန်လည်တိုင်းတာသတ်မှတ်မှုများ ပြုလုပ်ခဲ့

နေပြည်တော် ဩဂုတ် ၁၅

**မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ၁၃၈၄ မိုင်၊ လာအိုနိုင်ငံနှင့် ၁၄၉ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၆၈ မိုင်၊ အိန္ဒိယ နိုင်ငံနှင့် မိုင် ၁၀၁၀၊ ထိုင်းနိုင်ငံနှင့် ၁၃၁၈ မိုင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် မြန်မာအစိုးရအဆက်ဆက်သည် ဗြိတိသျှလက်ထက်ကသတ်မှတ်ခဲ့သည့်နယ်နိမိတ်များကို ပြန်လည်တိုင်းတာ သတ်မှတ်မှုများ ပြုလုပ်ခဲ့ရာ တရုတ်နိုင်ငံနှင့် နယ်နိမိတ်စာချုပ်ကို ၁၉၆၀ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ချုပ်ဆိုခဲ့ပြီး နယ်နိမိတ်ကို စနစ်တကျတိုင်းတာသတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ဖြေကြားသည်။**



မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နယ်နိမိတ်တိုင်းတာမှု မပြီးပြတ်သေးသော နိုင်ငံများနှင့် သံတမန်လမ်းကြောင်းများမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းပြီး တိုင်းတာသတ်မှတ်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက မြန်မာ-လာအိုနယ်နိမိတ်တွင် မဲခေါင်မြစ်အား ပုံသေနယ်နိမိတ်အဖြစ်သတ်မှတ်သည့် မြန်မာ-လာအိုနယ်နိမိတ်စာချုပ်ကို ၁၉၉၄ ခုနှစ် ဇွန် ၁၁ ရက်တွင်ချုပ်ဆိုခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်နိမိတ်အား ၁၉၆၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် နတ်မြစ်အား ပုံသေနယ်နိမိတ်သတ်မှတ်ခြင်းစာချုပ်၊ ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ကုန်းနယ်နိမိတ် သတ်မှတ်ခြင်းစာချုပ်များကို ချုပ်ဆိုသတ်မှတ်ခဲ့ပါကြောင်း။

မြန်မာ-အိန္ဒိယနယ်နိမိတ်နှင့်ပတ်သက်၍ ၁၉၆၇ ခုနှစ် မတ် ၁၀ ရက်တွင် နယ်နိမိတ်တိုင်းတာရေးစာချုပ် ချုပ်ဆိုပြီး သတ်မှတ်ခဲ့ရာ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ် ၁၀၁၀ မိုင် ထိစပ်လျက်ရှိသည့်အနက် ကဘော်ချိုင့်ဝှမ်းတွင် မြေပုံနှင့် မြေပြင်ကွဲလွဲမှုကြောင့် ၂၄ မိုင်အတွက် မှတ်တိုင်ကိုးတိုင်စိုက်ထူရန်နှင့် မြောက်ဘက်စွန်းရှိ မြန်မာ- အိန္ဒိယ-တရုတ် သုံးနိုင်ငံဆုံမှတ် သတ်မှတ်ရန်ကျန်ရှိနေပါကြောင်း၊ မှတ်တိုင် ကိုးတိုင်ကိစ္စမှာ နှစ်နိုင်ငံအကြား မြေအပေးအယူပြုလုပ်ပြီး ဖြေရှင်းနိုင်သော်လည်း သုံးနိုင်ငံဆုံမှတ် သတ်မှတ်ရေးကိစ္စမှာ အိန္ဒိယနှင့် တရုတ်အကြား အငြင်းပွားမှုကြောင့် အဆိုပါနှစ်နိုင်ငံအကြား ပြေလည်မှုရရှိမှသာကျန်ရှိသည့် ၇၉ မိုင်ကိစ္စကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကဘော်ချိုင့်ဝှမ်း၌ မှတ်တိုင်ကိုးတိုင်ကိစ္စဖြေရှင်းရန် အိန္ဒိယဘက်မှ အဆိုပြုချက် အသစ်ပေးမည်ဖြစ်ကြောင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၆ ရက်က ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံပူးတွဲနယ်နိမိတ်လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ညှိနှိုင်းထားသောကြောင့် အိန္ဒိယဘက်မှ အဆိုပြုချက်အသစ်ရရှိပါက နှစ်ဖက်ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍မြန်မာ-ထိုင်း နယ်နိမိတ်နှင့်ပတ်သက်၍ ၁၉၉၁ ခုနှစ် ဇွန် ၁၈ ရက်က အရှည် ၃၆ မိုင်ရှိ မဲဆိုင်- မဲဟောက်ချောင်းကိုသာ စနစ်တကျ ပြန်လည်သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိနေသေးသည့် နယ်နိမိတ်အစိတ်အပိုင်းများကို စနစ်တကျ ပြန်လည်သတ်မှတ်နိုင်ရန် ၁၉၉၃ ခုနှစ်တွင် ပူးတွဲနယ်နိမိတ်ကော်မတီဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်စက်တင်ဘာလအထိ (၈) ကြိမ်မြောက်အစည်းအဝေးကျင်းပခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် နယ်နိမိတ်အားအပိုင်းလိုက်တိုင်းတာ သတ်မှတ်သွားရန်နှင့် ပထမအဆင့်အနေဖြင့် တောင်ဘက်စွန်းရှိ ပတ်ချန်မြစ်နှင့်ယင်း၏မြောက်ဘက်ကုန်းပိုင်း စုစုပေါင်း မိုင် ၂၀၀ ခန့်ကို တိုင်းတာနိုင်ရေးအတွက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရေး၊ မြေပုံထုတ်လုပ်ရေးနှင့် နယ်နိမိတ်တိုင်းတာရေးသဘောတူညီချက် MoU ရေးဆွဲချုပ်ဆိုရေးတို့ကိုဆောင်ရွက်သွားရန် ညှိနှိုင်းခဲ့ပါကြောင်း။

ယခုအခါ အဆိုပါနှစ်ဖက်ညှိနှိုင်းထားပြီးဖြစ်သည့်ကိစ္စကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခုနှစ်ပွင့်လင်းရာသီတွင် ထိုင်းနိုင်ငံနှင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းပြီး တိုင်းတာသတ်မှတ်ရန် အစီအစဉ်ရှိပါကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက်ရှိ အားကစားပန်းခြံအား ပြန်လည်ခွင့်ပြုပေးနိုင်ပါရန်နှင့် မည်သို့စီစဉ်ဆောင်ရွက်ထားရှိသည်ကိုသိရှိလိုကြောင်း** မေးခွန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဆိုပါမြေနေရာသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၉) မြေကွက်အမှတ် (၁၀၁၉)၊ ဧရိယာဧက ၀ ဒသမ ၃၉၀၊ အမည်ပေါက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ဟု မှတ်သားထားရှိပြီး မြေငှားစာချုပ် အမှတ်-၁ /တဥ-၇၇၁/ ၂၀၀၂ အရ ၂၀၀၂ ခုနှစ် ဇွန်လ ၉ ရက် ရက်စွဲဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) ခွင့်ပြုထုတ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါမြေကွက်လပ်သည် ၁၉၉၂ -၁၉၉၃ ခုနှစ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ယခုမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန) မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်စဉ် ကတည်းကပင် မြို့ကွက်ကျမြေပုံ၌ ပန်းခြံ၊ ကလေးကစားကွင်း စသည်ဖြင့် မှတ်သားပါဝင်မှုမရှိသည့် မြေလွတ်၊ မြေလပ်ဖြစ်ပါကြောင်း၊ မြို့မြေစာရင်းနှင့် မြေငှားခစည်းကြပ်မှုစာရင်းတို့တွင်လည်း အမည်ပေါက်မှတ်သားပါဝင်မှု မရှိသည့်မြေကွက်လပ်ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အထက်ဖော်ပြပါမြေနေရာအား နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) ခွင့်ပြုထုတ်ပေးစဉ် ၂၀၀၂ ခုနှစ်ကာလများက ပုဂ္ဂလိကပိုင်မြေအဖြစ် လွှဲပြောင်း ပေးအပ်ခဲ့ခြင်းမဟုတ်ကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တောင်ဥက္ကလာပမြို့နယ်ရုံးမြေနေရာအဖြစ် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါ နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) မြေအား အမည်ပြောင်းလျှောက်ထားမှုအရ ၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်တွင် ကျင်းပသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များအစည်းအဝေး အမှတ်စဉ် (၂၃/၂၀၁၄)၊ အပိုဒ် (က/၇၀) ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမည်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမည်သို့ ပြောင်းလဲမှတ်သားခဲ့ခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) ခွင့်ပြုဆောင်ရွက်ခြင်းသည် လျှောက်ထားစဉ်ကာလများဖြစ်သည့် ၂၀၀၂ ခုနှစ် ကာလများတွင် ပုဂ္ဂလိကတစ်ဦးတစ်ယောက်၏ အခွင့်အရေးနှင့် ပိုင်ရေးဆိုင်ခွင့်အရ ခွင့်ပြုချထားခဲ့ခြင်း မဟုတ်ကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏အမည်ဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် လက်ရှိအခြေအနေတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမည်ဖြင့်သာ ဆက်လက်တည်ရှိမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

သာစည်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ **အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှု ရုပ်သိမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ရန်တိုက်တွန်းကြောင်း** အဆိုကိုတင်သွင်းရာ မိုင်းပျဉ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်က ထောက်ခံဆွေးနွေးသည်။

အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ထောက်ခံမဲ ၁၅၁ မဲ ၊ ကန့်ကွက်မဲ ၂၁၉ မဲနှင့် ကြားနေဆန္ဒမဲ ၁၆ မဲ ရရှိသည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။ **(သတင်းစဉ်)**

---

# ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စိုက်ပျိုးခွင့်ပြုမည်

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်ပိုင် ကြိုးဝိုင်း ကြိုးပြင် ကာကွယ်တောများတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများစိုက်ပျိုးခြင်းအား ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သစ်ကုန်ကြမ်းရရှိစေရန်၊ ပြည်တွင်းသစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှုနှင့်အတူ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်နှင့် ပုဂ္ဂလိကသစ်တောကဏ္ဍ ဖွံ့ဖြိုးလာစေရန်အတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းစိုက်ပျိုးခြင်းကို ဝန်ကြီးဌာနစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ သစ်တောအရည်အသွေးအဆင့်အတန်း ကျဆင်းခြင်းဖြစ်နေသည့် တောနိမ့်၊ တောပျက်၊ တောညှံ့နှင့် ဖုန်းဆိုးတောမြေနေရာများတွင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှစ၍ ခွင့်ပြုပေးခဲ့ပါကြောင်း။

ယခုအစိုးရလက်ထက်တွင် ဝန်ကြီးဌာနအနေဖြင့် အိတ်ဖွင့်တင်ဒါစနစ်အရ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း မြေငှားရမ်းခြင်းအား ဆောင်ရွက်ခြင်း မရှိသေးသော်လည်း ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများအတွင်းရှိ တောနိမ့်၊ တောပျက်၊ တောညှံ့နှင့် ဖုန်းဆိုးမြေနေရာများတွင် သစ်တောများ ပြန်လည်ဖုံးလွှမ်းလာစေရန်နှင့် အဖိုးတန်သစ်မျိုးများ စိုက်ပျိုးပေးခြင်းဖြင့် တောအဆင့်အတန်း ပြန်လည်ကောင်းမွန်လာစေရန်အတွက် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများဖြစ်သည့် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ဒေသအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းနှင့် သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **"နိုင်ငံတော်ပိုင် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများကို ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းကို ယခုအစိုးရ လက်ထက်တွင် ခွင့်ပြု/မပြု သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရာ၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးကျော်နိုင်နိုင်၏ **"ကျောက်မျက်ရတနာတူးဖော်ရေး လုပ်ကွက်များတွင် ဥပဒေမဲ့အုပ်စုဖွဲ့ကျူးကျော်၍ ရေမဆေးကျောက်ရှာဖွေသူများနှင့် ပတ်သက်ပြီး ကုမ္ပဏီလုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသောပြဿနာများကို မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖားကန့်ဒေသတွင် ရေမဆေးကျောက်ရှာဖွေသူများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးရရှိရန် ဦးစွာဆောင်ရွက်သင့်ပါကြောင်း၊ တရားဥပဒေစိုးမိုးပြီး အုပ်ချုပ်မှုအာဏာ သက်ရောက်မှသာ ရေမဆေးကျောက်ရှာဖွေသူများ၏ နှောင့်ယှက်မှုများကို ကာကွယ်တားဆီးနိုင်ပြီး ကုမ္ပဏီများက တရားဝင်လုပ်ကိုင်ခွင့်ရ ကျောက်စိမ်းလုပ်ကွက်များကို ဥပဒေနှင့်အညီ စနစ်တကျတူးဖော်နိုင်ကြမည်ဖြစ်ပါကြောင်း၊ ဒေသအတွင်း တရားဥပဒေစိုးမိုးမှုရရှိနိုင်ရန်အတွက် တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က နယ်မြေစိုးမိုးရေးလုပ်ငန်းများကို လည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အုပ်ချုပ်ရေးလုပ်ငန်းများကို လည်းကောင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရမည့်အပြင် ကျောက်စိမ်းတူးဖော်ခွင့်ရကုမ္ပဏီများ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူလူထု ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက တရားဥပဒေစိုးမိုးမှုနည်းပါးခဲ့ခြင်းကို အခွင့်ကောင်းယူကာ အင်အားတိုးပွားလာသည့် ရေမဆေးကျောက်ရှာဖွေသူများကို တားဆီးထိန်းချုပ် ဖယ်ရှားနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများသည် ဒေသအဆင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့များနှင့် နိုင်ငံတော်အဆင့်က မူဝါဒချမှတ်ပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှသာ ရှင်းလင်းနိုင်မည့် အခြေအနေဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ဖြေရှင်းဆောင်ရွက်သွားရမည့် လုပ်ငန်းများဖြစ်ပါကြောင်း။



လွှတ်တော် တက်ရောက် လာသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ လက်မှတ် ရေးထိုးကြစဉ်

ရေမဆေးကျောက် ရှာဖွေသူများ အတင့်ရဲကာ ဥပဒေမဲ့လုပ်ဆောင်မှုများ ပိုမိုလုပ်ဆောင်လာကြောင်း တွေ့ရှိရသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင် အင်အားပိုမိုတိုးမြှင့်ကာ တပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်းပြီး နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနက အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကုမ္ပဏီများကို မိမိတို့၏ သတ်မှတ်လုပ်ကွက်ဧရိယာအတွင်း၌သာ တူးဖော်ဆောင်ရွက်စေရန်နှင့် သတ်မှတ်လုပ်ကွက် ဧရိယာအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသူများအား ဥပဒေနှင့်အညီ တားဆီးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေမဆေးကျောက် ရှာဖွေသူများက ကျောက်စိမ်းကုမ္ပဏီများ၏ လုပ်ပိုင်ခွင့်ရ တရားဝင်လုပ်ကွက်များအတွင်း ကျောက်စိမ်းရိုင်းဝင်ရောက်ရှာဖွေခြင်း၊ ကျူးကျော်တူးဖော်ခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊ အင်အားအလုံးအရင်းဖြင့် အုပ်စုဖွဲ့ကာလုယက်ခြင်း၊ နှောင့်ယှက်ခြင်းများသည် ဥပဒေမဲ့လုပ်ရပ်များဖြစ်ကြပြီး ဆက်လက်ဆောင်ရွက်မှုမရှိစေရေးနှင့် ဒေသအတွင်းမှ ရှင်းလင်းဖယ်ရှားရေးတို့အတွက် ရေမဆေးကျောက်ရှာဖွေသူများ ထိန်းချုပ်တားဆီး ဖယ်ရှားရှင်းလင်းရေးကို ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့က တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# မိုးမောက်မြို့၌ ရေကြီးရေလျှံမှု ဖြစ်ပွား

**ဗန်းမော် ဩဂုတ် ၁၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့ အလင်းကောင်ရပ်ကွက်အုပ်စု(၅)(၆) တို့တွင် နတ်မောက်ချောင်းတောင်ကျရေ မြင့်တက်မှုကြောင့် ဩဂုတ် ၁၅ ရက် နံနက် ၄ နာရီ၌ အိမ်ထောင်စု ၅၀ နှင့် အမက(၂)ကျောင်းဝင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။


ရေကြီးရေလျှံမှုကြောင့် လူအသေအပျောက်မရှိသော်လည်း အိမ်သုံးပစ္စည်းများ၊ ကြက်၊ ဘဲ၊ ဝက်များ ရေထဲမျောပါခြင်း၊ သောက်ရေနှင့် အစားအသောက် လိုအပ်ခြင်းများကြုံတွေ့နေရသော်လည်း နံနက် ၁၀ နာရီ မိနစ်၅၀ ခန့်တွင် ဌာနဆိုင်ရာများ၊ ရှမ်းရိုးရာယဉ်ကျေးမှုအသင်းများက ထမင်းဘူးများ လှူဒါန်းခြင်းနှင့် စေတနာမိုးနာမှုအသင်းမှ သောက်ရေသန့်များ အချိန်နှင့်တစ်ပြေးညီ လှူဒါန်းနိုင်ခဲ့ပြီး နံနက် ၁၁ နာရီခန့်တွင် ရေကျသွားကြောင်း သိရသည်။ (**ခရိုင် ပြန်/ဆက်**)

# ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများလှူဒါန်း


**ကျောင်းကုန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ(ဒေါ်သန်းတင်ခန်းမ)၌ ဩဂုတ် ၁၅ ရက်က ရေဘေးသင့်ဒေသများသို့ ကူညီထောက်ပံ့ရေးအတွက် အလုံမြို့နယ်က အလှူငွေကျပ် ၆၅ သိန်း၊ အဝတ်အထည်အစုံ ၆၇ ထုပ်၊ ဆန်အိတ်သေးခြောက်အိတ်၊ ရေသန့်ဘူး ခြောက်ဘူးပါ ကတ် ၂၀ နှင့် စားသောက်ကုန် အစုံ ၁၉ ထုပ် လှူဒါန်းပြီး ဘုန်းကြီးကျောင်းသို့ ဆန်အိတ်ကြီးတစ်အိတ်၊ ခေါက်ဆွဲနှစ်ဖာ၊ အချိုရည်တစ်ကတ်တို့ကို လှူဒါန်းခဲ့သည်။ MPT (ကျောင်းကုန်း)ကလည်း အလှူငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ (**မြို့နယ် ပြန်/ဆက်**)

# ဝေန်မြစ်ရေ ငါးသိုင်းချောင်းမြို့နှင့် ပုသိမ်မြို့၌ စိုးရိမ်ရေ မှတ်ရောက်ရှိမှုအခြေအနေ




ငါးသိုင်းချောင်းမြို့ ဝေန်မြစ်ရေအခြေအနေ (စင်တီမီတာ)




ပုသိမ်မြို့ ဝေန်မြစ်ရေအခြေအနေ (စင်တီမီတာ)

# ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကူညီဆောင်ရွက်မှုမြင်ကွင်းများ



ပုသိမ်မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးသူ ဦးစီးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ လစာများထဲမှ စုဆောင်းငွေများဖြင့် ပုသိမ်မြို့ စတုဘုမ္မိကဘုန်းကြီးကျောင်း၊ ထန်းကုန်းလေး ဘုန်းကြီးကျောင်းနှင့် အလက(၅)ကျောင်းများတွင်နေထိုင်သော ရေဘေးသင့် အိမ်ထောင်စု ၁၈၉ စုအတွက် ဆန်လေးအိတ်၊ ရေသန့်ကတ် ၁၀၀ တို့အား ဩဂုတ် ၁၄ ရက်က ထောက်ပံ့လှူဒါန်းစဉ် ကိုရဲ



ရန်ကုန်တိုင်းဒေသကြီး ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီး ဦးဆောင်၍ ဩဂုတ် ၁၅ ရက်က ကျောင်းကုန်းရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၅၀ နှင့် ဆေးဝါးအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ သဘာဝဘေးကာကွယ်ရေးကော်မတီဝင်များက လက်ခံရယူစဉ် ဝင်းကြိုင်(ပြန်/ဆက်)



ဟင်္သာတမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်းများမှ အိမ်ထောင်စုဝင်များ နေရပ်သို့ ပြန်လည်ရွှေ့ပြောင်းလျက်ရှိရာ ဩဂုတ် ၁၅ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး တိုးဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေလဲဘုန်းတော်ကြီးကျောင်းတွင် ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရသည့် ရေဘိုစုကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စုများအား ၎င်းတို့၏ နေအိမ်များသို့ ကူညီပြောင်းရွှေ့ပေးစဉ် ကျော်ကျော်ဇော်ဇော်(ခရိုင် ပြန်/ဆက်)



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မောင်မောင်ဝင်းဦးစီး၍ ကုသရေးအဖွဲ့ ဩဂုတ် ၁၃ ရက်က မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ် ထွန်းထွန်းဦး(မြဝတီ)

# မအူပင်မြို့နယ်တွင် တိုးမြစ်ရေမြင့်တက်သဖြင့် ရေဘေးရှောင်ပြည်သူများအား စားသောက်ပစ္စည်းများလှူဒါန်း

**မအူပင် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် တိုးမြစ်ရေမြင့်တက်သဖြင့် ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုး၊ ဦးသက်ကိုလေးတို့နှင့် တာဝန်ရှိသူများသည် ငဖယ်အိုကျေးရွာရှိ ရေဘေးသင့်ပြည်သူ အိမ်ခြေ ၁၄၃ အိမ်၊ လူဦးရေ ၇၁၅ ဦးအတွက် ဆန် ၁၅ အိတ်၊ ဆားပိဿာ ၁၅၀၊ ဆီ ၆၈ ပိဿာ၊ ရေသန့် ၆၇ ကတ်၊ ခေါက်ဆွဲခြောက် ၁၄ ဖာတို့အား လှူဒါန်းပေးပြီး ကျွဲဂါတ်ကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၂၇ စု၊ လူဦးရေ ၆၃၅ ဦးအတွက် ဆန် ၁၅ အိတ်၊ ဆား ပိဿာ ၁၅၀၊ ဆီ ၆၈ ပိဿာ၊ ရေသန့် ၆၇ ကတ်၊ ခေါက်ဆွဲခြောက် ၁၄ ဖာတို့အား လှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်း ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လှူဒါန်းထောက်ပံ့ပေးခြင်းများကို စေတနာရှင်ပြည်သူများနှင့် ပူးပေါင်း၍ ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မအူပင်ခရိုင် (ပြန်/ဆက်)**

# ရေလှောင်တမံကြီးများနှင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁.၄၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၈၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၀၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၁၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၃၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁.၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁.၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀.၃၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၅၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၇၅' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၁.၆၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅.၀၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၀၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၄၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၅၀' |
| ၁၈။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၅၀' |
| ၁၉။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၈၀' |
| ၂၀။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၀.၈၀' |

**(သတင်းစဉ်)**

# လှိုင်သာယာ အောင်ဇေယျကြိုးတံတားအဆင်းတစ်ထိပ်လမ်းဆုံတွင် နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုကြောင့် ပြည်သူများသွားလာရေးအခက်ကြုံ

**ရန်ကုန် ဩဂုတ် ၁၅**

လှိုင်သာယာမြို့နယ်၏ ယာဉ်ကြောပိတ်ဆို့မှုအများဆုံးဖြစ်ပေါ်လျက်ရှိသော အောင်ဇေယျကြိုးတံတားအဆင်းတစ်ထိပ်လမ်းဆုံနေရာတွင် နံနက် ၆ နာရီမှစ၍ လေးဘက်လေးတန်မှအတက်အဆင်းယာဉ်များ ယာဉ်ကြောပိတ်ဆို့လျက်ရှိရာ အများပြည်သူနှင့်ရုံးဝန်ထမ်းများ သွားလာရေးအခက်အခဲကြုံတွေ့ခဲ့ရကြောင်း သိရသည်။

"ဒီနေရာကတစ်ပတ်လုံးယာဉ်ကြောပိတ်တတ်တဲ့နေရာမှန်းသိရက်နဲ့ ရုံးဖွင့်ရက်တွေမှာ ပိုပြီးဂရုစိုက်သင့်တယ်။ မနက် ၆ နာရီကားစီးမှ မြို့ထဲရုံးကို ၉ နာရီလောက် ရောက်တာ။ ဒီနေရာမှာစပြီး ၁ နာရီလောက် ယာဉ်ကြောပိတ်နေရင် ဘုရင့်နောင်လမ်းဆို ပိုဆိုးသွားပြီ။ ဒီဘက်တံတားကနေအင်းစိန်ပေါက်တောဝကို လမ်းဆင်းလျှောက်ရတဲ့အခါလည်းရှိသေးတယ်။ တံတားအတက်အဆင်းကတ္တရာလမ်းကလည်း ပြင်တာမကြာသေးဘူး။ ရက်ပိုင်းအတွင်းပျက်နေတော့ တံတားအတက်၊ အဆင်းလမ်းဆုံမှာ ယာဉ်ကြောကပိုပြီးပိတ်ပါတယ်။ ညနေပိုင်းလည်း ဒီအတိုင်းပါပဲ။ သေသေချာချာရှင်းလင်းပေးမယ်ဆိုရင် ကားတွေတန်းစီပြီးသွားနေရပေမယ့် အားလုံးအဆင်ပြေမှာပါ"ဟု ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးက ပြောသည်။

အဆိုပါတစ်ထိပ်လမ်းဆုံနေရာတွင် နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ယာဉ်ကြောအများဆုံးပိတ်ဆို့မှုဖြစ်ပွားလျက်ရှိပြီး ထိုသို့ပိတ်ဆို့မှုဖြစ်ပွားရခြင်းသည် ယာဉ်ထိန်းရဲအချိန်ပိုင်းပုံမှန်မရှိခြင်း၊ တံတားဖြတ်သန်းခကောက်ခံသော ဂိတ်အားတံတားအဆင်းတွင်ကပ်၍ထားရှိခြင်း၊ တံတားအတက်အဆင်းကားလမ်းများပေါက်ပြဲနေ၍ ယာဉ်ကြီး၊ ယာဉ်ငယ်နှေးကွေးစွာသွားလာနေရခြင်း၊ လိုင်းကားအပါအဝင် ကွန်တိန်နာယာဉ်များ၊ ထော်လာဂျီနှင့် အနေးယာဉ်များ၊ ဆိုင်ကယ်များ စည်းကမ်းတကျသွားလာမှုမရှိခြင်းတို့ကြောင့် နံနက်ပိုင်း၊ ညနေပိုင်းယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို ပြည်သူများကြုံတွေ့နေရလျက်ရှိပြီး ရုံးဖွင့်ရက်၏ တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် ယာဉ်ကြောပိတ်ဆို့မှုကို အများဆုံးရင်ဆိုင်နေရကာ ရုံးပိတ်ရက်ပါမကျန် ယာဉ်ကြောပိတ်ဆို့လျက်ရှိကြောင်း သိရသည်။

(၁၆၄)



# ရေကာတာ သဲအိတ်ဖို့ခြင်းများ ရဲတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်

**ပုသိမ် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငနေဖြူမြို့နယ်တွင် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက် ရေကာတာတွင် မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ထွေ/အုပ်မှုဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်ရပ်ကွက်သူ ရပ်ကွက်သားများ စုစုပေါင်း ၉၀ တို့က ရေကြီးမှုကို ကာကွယ်ရန် ရေကာတာတွင် သဲအိတ်ဖို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ဩဂုတ် ၁၄ ရက်တွင် ညောင်တုန်းမြို့နယ် တာကွေ့ကျေးရွာအုပ်စုရှိ ဆည်မြောင်းတာတွင် ဆည်မြောင်းတာ ရေစိမ့်ထွက်နေသဖြင့် ငနေဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသိန်း နှင့်တပ်ဖွဲ့ဝင်တို့သည် ဒေသခံပြည်သူ ၃၀တို့နှင့်ပူးပေါင်း၍ သဲအိတ်များထည့်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



# စလင်း၌ ဧရာဝတီမြစ်ရေလျှံမိုးကျေးရွာများကို WFO မှစားနပ်ရိက္ခာများထောက်ပံ့

**စလင်း ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရှိ ဧရာဝတီမြစ်ရေလျှံမိုးခံရသောကျေးရွာများကို ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့ရေးအဖွဲ့က ဩဂုတ် ၁၄ ရက်မှစတင်၍ ထောက်ပံ့ကူညီလျက်ရှိသည်။ စလင်းမြို့နယ်တွင် ဇီးဖြူပင်ကျေးရွာ၊ ဆင်ဖြူကျွန်း၊ ဖောင်းလင်းကျေးရွာတို့တွင် ကူညီထောက်ပံ့ရေးစခန်း သုံးခုဖွင့်လှစ်၍ WFO မှ ဧရာဝတီမြစ်ရေလျှံမိုး ကျေးရွာရှိ ပြည်သူအားလုံးကို တစ်ဦးလျှင် ဆန် သုံးပြည်၊ ပဲထောပတ် သုံးပြည်ခွဲ ၊ ဆီတစ်ဘူး၊ ဆား ငါးကျပ်သားနှုန်းဖြင့် နှစ်ပတ်စာ ထောက်ပံ့ခဲ့သည်။ ထိုသို့ထောက်ပံ့ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ရဲမှူးကျော်ခင်တို့ခေါင်းဆောင်သော ကူညီရေးအဖွဲ့နှင့် WFO မှ ဝန်ထမ်းများပူးပေါင်း၍ အိမ်ထောင်စုပေါင်း ၇၃၅၆စု၊ လူဦးရေ ၂၉၆၅၅ ဦးကို တန်ဖိုးငွေကျပ် ၁၇၄၅ သိန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဘက်ဟိုးယာဉ်များဖြင့်သယ်ယူမှုကြောင့် ကျောက်ထမ်းအလုပ်သမားများဝင်ငွေလျော့

**ရန်ကုန် ဩဂုတ် ၁၅**

ပုဇွန်တောင် ချောင်းတစ်လျှောက် ကျောက်စရစ်များ တင်ဆောင်လာသည့် စီပီတွဲတစ်စင်း ကျောက်စရစ်များချရန် ကမ်းကပ်ရပ်နားလိုက်သည်နှင့် ကမ်းပေါ်တွင် ကျောက်ထမ်း အလုပ်သမားများက တောင်းများကိုယ်စီကိုင်ကာ ကျောက်များသယ်ယူရန် အလုအယက်တိုးဝှေ့၍ စောင့်ဆိုင်းနေသည်ကို တွေ့မြင်ခဲ့ရသည်။

"ကျွန်တော်တို့ အခုလို တိုးဝှေ့ထမ်းနေရတာ အကြောင်းရှိပါတယ်။ အရင်က ဒီမှာလာကပ်တဲ့ ကျောက်သယ်စီပီတွဲတွေမှန်သမျှ လူအင်အားနဲ့ပဲအကုန်ချပါတယ်။ အခုနောက်ပိုင်းတော့ ဘက်ဟိုးယာဉ်တွေ သုံးပြီးချလာတယ်။ စက်တွေနဲ့ချတော့ အချိန်အများကြီးမပေးရဘူး။ စရိတ်သက်သာတယ်လို့ပြောတာပဲ။ တချို့ ဘက်ဟိုးမရှိတဲ့သူတွေက လူတွေနဲ့ချတယ်။ လူနဲ့ချရင် စီပီတွဲတစ်တွဲကို လူ ၁၅၀၊ ၂၀၀ လောက်နဲ့ နှစ်ရက်လောက်ချရတယ်။ သယ်ခက တောင်းတစ်တောင်းကို အရင်က ငွေကျပ် ၄၀ နဲ့ ၄၅ ကျပ်ရတယ်။ အခုတော့ သူတို့ပေးတဲ့ ၃၅ ကျပ်နဲ့ထမ်းနေရတယ်။ အရင်က ၁၅၀၀၀ လောက်ရရင် အခု ၁၀၀၀၀ လောက်ပဲရတော့ ဝင်ငွေလျော့တာပေါ့။ ဒါတောင်မှ သူတို့ဆီက တောင်းနဲ့ပဲ ထမ်းရတယ်။ အဲဒီတောင်းကိုလည်း မနက်အစောကြီးကတည်းက လာစောင့်ယူရတယ်။ တောင်းမရရင် မထမ်းရဘူး။ အခုလို ဖြစ်နေရတာက ဘက်ဟိုးယာဉ်တွေအသုံးပြုပြီးလုပ်လာလို့ပါ"ဟု ကျောက်ထမ်းရန်စောင့်နေသူတစ်ဦးက ပြောသည်။

ငမိုးရိပ်တံတားဟောင်းပေါ်တွင်လည်း အလုပ်မရှိ၍ပြန်မည့်သူတစ်ဦးက "အရင်ကဆို မနက်ရောက်တာနဲ့ ကျောက်သယ်တဲ့ စီပီတွဲတွေရှိတဲ့နေရာမှာ သွားထမ်းလို့ရတယ်။ မနက် ၅ နာရီခွဲလောက်ကနေ ညနေ ၃ နာရီခွဲ အထိထမ်းလိုက်ရင် ငွေကျပ် ၁၀၀၀၀ ကျော်လောက်ရတယ်။ တစ်ပတ်လောက်ထမ်းလိုက်ရင် လေးငါးရက်လောက် ထိုင်စားလို့ရတယ်။ အဲဒီတုန်းကဆိုရင် ကိုယ်ကမလုပ်ချင်လို့တောင် ရှောင်နေရတယ်။ အခုတော့ မလွယ်တော့ဘူး။ သူတို့က ဘက်ဟိုးယာဉ်တွေနဲ့ သယ်လိုက်တော့ ဒီဘက်က အလုပ်သမားတွေက ဘာလုပ်ရမှန်း မသိတော့ဘူး။ ကျောက်သယ်တဲ့ စီပီတွဲကလည်း တစ်နေ့ကိုမှ နှစ်စင်း၊ သုံးစင်း လောက်ပဲဝင်တယ်။ အဲဒီထဲကမှ ဘက်ဟိုးနဲ့သယ်တာရှိနေရင် ကျန်တဲ့နေရာမှာ သွားပြီး သူတို့ပေးတဲ့ဈေးနဲ့ တန်တန်မတန်တန်လုပ်ရတယ်။ ဒါတောင် လုပ်ချင်တိုင်းလုပ်လို့မရဘူး။ အခုပဲကြည့် ကျွန်တော့်လိုပဲ ပြန်လာရတဲ့သူတွေ အများကြီးပဲ"ဟု တောင်ဒဂုံမှ ကျောက်လာထမ်းသူက ပြောသည်။

ယခုအခါ အဆိုပါကျောက်ထမ်းသမားအများစုမှာ ဝင်ငွေလျော့နည်းလာ၍ စားဝတ်နေရေး အဆင်မပြေမှုများရှိနေသဖြင့် ယခင်ကကဲ့သို့ လုပ်ငန်းများ ပြန်လည်အဆင်ပြေစေရန် မျှော်လင့်စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**သတင်း-မောင်မောင်**

**ဓာတ်ပုံ-ထွန်းအောင်ရှိန်**





ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်သို့ လာရောက်လှူဒါန်းသော အလှူရှင်များ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဩဂုတ် ၁၄ ရက်က သာပေါင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဇော်ဦးစီး၍ တပ်ဖွဲ့ဝင်များက စက္ကူပျော့ဖတ်စက်ရုံနှင့် ပန်းခြံဆိပ်ကမ်းတို့တွင် ဝိုင်းဝန်းကူညီသယ်ဆောင်ပေးခဲ့ကြစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

# မင်းဘူးမြို့နယ် ဧရာဝတီမြစ်ကမ်းပါးအနီးရှိ ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်လျက်ရှိ

**မင်းဘူး ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဧရာဝတီမြစ်ကမ်းပါးအနီးရှိ ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာချင်းဆက်လမ်းများတွင် ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့မှု ရှိ မရှိကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၁၄ ရက် နံနက်ပိုင်းမှစ၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျောင်းကုန်း-သနပ္ပင်စု ကျေးရွာချင်းဆက် မြေနီလမ်း(နှစ်မိုင် ငါးဖာလုံ)မှာ ရေကြီးနစ်မြုပ်ခဲ့သော်လည်း ပျက်စီးမှုမရှိ ပုံမှန်သွားလာနိုင်သည့် အခြေအနေရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၌ ရေအသုံးချစီမံခန့်ခွဲမှု ဟောပြောပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ ဩဂုတ်လတတိယပတ်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရေအသုံးချစီမံခန့်ခွဲမှုစီမံခန့်ခွဲရေးဆိုင်ရာ ဗဟုသုတများအား ပါရဂူကျောင်းသား ကျောင်းသူများ၊ မဟာသိပ္ပံကျောင်းသား ကျောင်းသူများ၊ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများအား ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ ဟောပြောပွဲသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် ဆရာ ဆရာမများတက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ၌ တည်ဆောက်ပြီးစီးခဲ့သော ဆည်များ၊ ဆည်မြောင်းများ ရေထိန်းသိမ်းထားမှုနှင့်ရေဝင်ရောက်မှုအခြေအနေများ၊ စိုက်ပျိုးရေပေးဝေမှုအခြေအနေများ၊ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေးဆောင်ရွက်ချက်များ၊ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ဆောင်ရွက်ချက်များစသည့်တို့ကို ဟောပြောခဲ့ပြီး တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ မေးခွန်းများမေးမြန်းခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**

# မီလ်ဝေါကီ ပဋိပက္ခအတွင်း သေနတ်ပစ်ခတ်မှုများဖြစ်ပွား

**မီလ်ဝေါကီ ဩဂုတ် ၁၅**

အမေရိကန်ရှိ မြို့ကြီးတစ်ခုဖြစ်သည့် မီလ်ဝေါကီတွင် ဆန္ဒပြဆန့်ကျင်မှုဒုတိယနေ့အဖြစ် ဆန္ဒထုတ်ဖော်သူများသည် မြို့တွင်းလမ်းများပေါ်သို့ ရောက်ရှိလာခဲ့ကြပြီး သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဆန္ဒပြစုဝေးမှုသည် စနေနေ့က အသက် ၂၃ နှစ်အရွယ် အမျိုးသားဆီဗီလီစမစ်အား ရဲအရာရှိတစ်ဦးက လိုက်လံဖမ်းဆီးရာမှ သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီးနောက် စတင်ဖြစ်ပွားခဲ့သည်။ စမစ်သည် အာဖရိကဖွား အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်ပြီး ထိုနေ့က လိုက်လံဖမ်းဆီးရာတွင် လက်နက်ချအဖမ်းခံခြင်းမရှိသည့်အတွက် ထိုသို့ ပစ်ခတ်လိုက်ရခြင်းဖြစ်ကြောင်း မြို့တော်ဝန် တွမ်ဘားရတ်က ပြောကြားခဲ့သည်။

ဘာလိဂ်ရေိယာတစ်ဝိုက်၌ လူအုပ်ပြိုကွဲအောင် ကြိုးပမ်းသည့်ရဲများကို ဆန္ဒပြလူအုပ်က ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ “ရှာမန်နဲ့ဘာလိဂ်ဒေသတွေမှာ ရဲအရာရှိတွေဟာ ကြိမ်ဖန်များစွာ ဖမ်းဆီးထိန်းသိမ်းမှုတွေ လုပ်ဆောင်ခဲ့ကြပါတယ် ”ဟု ရဲဌာနက ပြောကြားခဲ့သည်။

ဒေသခံတစ်ဦးမှာ သေနတ်ဒဏ်ရာရရှိသွားသည့်အတွက် ဆေးရုံသို့စောစီးစွာ ပို့ဆောင်ခဲ့ရသည်။ စနေနေ့ညပိုင်းက ကားများ၊ လူနေအဆောက်အအုံများနှင့် ဓာတ်ဆီဆိုင်များ မီးတောက်လောင်ခဲ့သည်။

**(ဘီဘီစီ)**







## အိုလံပစ်အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား၌ လက်ထပ်ခွင့်တောင်းခံ

**ရီယိုဒီဂျနေရိုး ဩဂုတ် ၁၅**

ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော အားကစားပြိုင်ပွဲကြီးတစ်ခုဖြစ်သည့် အိုလံပစ်အားကစားပြိုင်ပွဲကြီးကျင်းပစဉ်အတွင်း လက်ထပ်ခွင့်တောင်းခံသည့် ဖြစ်ရပ်တစ်ခုပေါ်ပေါက်ခဲ့သည်။

တနင်္ဂနွေနေ့က ကျင်းပသည့် အမျိုးသမီးဒိုင်ဗင်ထိုးပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ဟီဇီသည် ငွေတံဆိပ်ဆုရရှိခဲ့သည်။ ထို့နောက် ၎င်း၏ချစ်သူ ကျင်ကိုင်းက ကမ္ဘာ့ပရိသတ်ရှေ့တွင် ဒူးထောက်ကာ လက်ထပ်ခွင့်တောင်းခံခဲ့သည်။ လက်ထပ်ခွင့်တောင်းခံသည့် ကျင်ကိုယ်တိုင်မှာလည်း လွန်ခဲ့သောသီတင်းပတ်က အမျိုးသားဒိုင်ဗင်ထိုးပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သူဖြစ်သည်ဟု ဟီဇီက ပြောသည်။

၎င်းတို့နှစ်ဦးတွဲလာသည်မှာ ခြောက်နှစ်ရှိလာပြီဖြစ်သော်လည်း အားကစားပြိုင်ပွဲဆုပေးပွဲအခမ်းအနားတွင် ထိုသို့ လက်ထပ်ခွင့်တောင်းမည်ဟု ထင်မထားကြောင်း ဟီဇီက ပြောခဲ့သည်။

**(ဘီဘီစီ)**

## ဘိုကိုဟာရမ်တို့က ပြန်ပေးဆွဲကျောင်းသူများ၏ ရုပ်သံဖိုင်ကို အွန်လိုင်းပေါ်သို့လွှင့်တင်

**နိုင်ဂျီးရီးယား ဩဂုတ် ၁၅**

နိုင်ဂျီးရီးယား အကြမ်းဖက်အဖွဲ့ဖြစ်သော ဘိုကိုဟာရမ်စစ်သွေးကြွများသည် လွန်ခဲ့သောနှစ်နှစ်ကျော်က ပြန်ပေးဆွဲသွားခြင်းခံခဲ့ရသော ကျောင်းသူများ၏ ရုပ်သံဖိုင်ကို အွန်လိုင်းပေါ်သို့ လွှင့်တင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဩဂုတ် ၁၅ ရက်က ဖော်ပြခဲ့သည်။

အကြမ်းဖက်သမားများသည် နိုင်ဂျီးရီးယားအရှေ့မြောက်ဘက် မြို့တစ်မြို့ရှိ ဘော်ဒါကျောင်းတစ်ကျောင်းမှ ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲသွားခဲ့ပြီး ငွေဝယ်ကျွန်များအဖြစ် ရောင်းစားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

ဘိုကိုဟာရမ်အကြမ်းဖက်သောင်းကျန်းသူများက ယင်းရုပ်သံဖိုင်ကို ဩဂုတ် ၁၄ ရက်က အွန်လိုင်းတွင် လွှင့်တင်ခဲ့ခြင်းဖြစ်သည်။ မျက်နှာဖုံးစွပ်အကြမ်းဖက်တိုက်ခိုက်ရေးသမားတစ်ဦးကို ကျောင်းသူ အယောက် ၅၀ ရှေ့တွင် မတ်တတ်ရပ်လျက်မြင်တွေ့ခဲ့ရသည်။

၎င်းက ကျောင်းသူများကို ယခုအချိန်အထိ ဆက်လက်ထိန်းသိမ်းထားကြောင်းနှင့် အစိုးရထိန်းသိမ်းထားသော ဘိုကိုဟာရမ်အကြမ်းဖက်တိုက်ခိုက်ရေးသမားများကို လွှတ်ပေးရန်တောင်းဆိုလိုက်သည်။ အွန်လိုင်းပေါ်သို့ လွှင့်တင်လိုက်သော ရုပ်သံတွင် မိန်းကလေးများ မှာ မောပန်းနွမ်းနယ်နေပုံပေါ်ပြီး အချို့မှာလည်း မျက်ရည်များကို သုတ်နေသည့် ပုံများကို မြင်တွေ့ရသည်။

ပြန်ပေးဆွဲကျောင်းသူများကို အကြမ်းဖက်တိုက်ခိုက်ရေးသမားများက လိင်ပိုင်းဆိုင်ရာ နှိပ်စက်စီးနင်းပြုလုပ်မည်ကို စိုးရိမ်နေရသည်။ ရုပ်သံဖိုင်ထဲတွင် မိန်းကလေးတစ်ဦးသည် ၎င်း၏ကလေးဖြစ်ဟန်တူသော ကလေးတစ်ဦးကို ချီထားသည့်ပုံကိုလည်း တွေ့မြင်ရသည်။

ဘိုကိုဟာရမ်အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ဂျီးရီးယားအရှေ့မြောက်ဘက်တွင် ခြေကုပ်ယူနေထိုင်ကြသူများဖြစ်ပြီး အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့်လည်း မဟာမိတ်များဖြစ်ကြောင်း သိရသည်။

ဘိုကိုဟာရမ်အဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်းလုံးတွင်သာမက အိမ်နီးချင်းနိုင်ငံများတွင်ပါ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိ သည်။ ဘိုကိုဟာရမ်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူဦးရေနှစ်သန်းကျော် အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေရကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

## တောင်ကိုရီးယားနှင့် ဂျပန်တို့၏ နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာသစ်ကို ဖွင့်လှစ်ရန်ဆန္ဒရှိ

**ဆိုးလ် ဩဂုတ် ၁၅**

တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် အနာဂတ်ရေရှည်မျှော်မှန်းသည့် နှစ်နိုင်ငံဆက်ဆံရေးစာမျက်နှာသစ်ကို ဖွင့်လှစ်သင့်ကြောင်း သမ္မတ ပတ်ဂွန်ဟေးက ပြောကြားခဲ့သည့် သတင်းတစ်ရပ်ကို အင်န်အိတ်ချ်ကေတွင် ဩဂုတ် ၁၅ ရက်က ဖော်ပြခဲ့သည်။

ဩဂုတ် ၁၅ ရက်က ဆိုးလ်မြို့ရှိ ဂျပန်ကိုလိုနီနယ်ချဲ့မှု အဆုံးသတ်ခြင်း (၇၁)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပတ်ဂွန်ဟေးအနေဖြင့် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

အရှေ့မြောက်အာရှ၏ လုံခြုံရေးအခြေအနေမှာ များစွာပြောင်းလဲလာပြီဖြစ်ကြောင်း၊ မဟာဗျူဟာမြောက် တွေးခေါ်မြော်မြင်မှုများလည်း တိုးတက်လာခဲ့ပြီဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ပတ်ဂွန်ဟေးအနေဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ခြိမ်းခြောက်မှုနှင့် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကို သွယ်ဝိုက်လျက် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သော ဒီဇင်ဘာလက ဂျပန်နှင့် တောင်ကိုရီးယားတို့သည် စစ်ပွဲဒဏ်ခံအမျိုးသမီးများ၏ဘဝကို နှစ်သိမ့်ပေးရေးကိစ္စများတွင် နောက်ဆုံးသဘောတူညီချက်ရရှိခဲ့သည်။

ယင်းသဘောတူညီချက်အရ စစ်ပွဲဒဏ်ခံအမျိုးသမီးများ၏ ဘဝကို ထောက်ပံ့ပေးရန် ဂျပန်အစိုးရအနေဖြင့် တောင်ကိုရီးယားကို ယန်း တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်း) လှူဒါန်းခဲ့သည်။

လေ့လာစောင့်ကြည့်သူများက မြောက်ကိုရီးယား၏ နျူကလီးယား ကျူးကျော်ရန်စမှုနှင့် တရုတ်၏ဖိအားများကြောင့် ပတ်အနေဖြင့် ဂျပန်နှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်လိုကြောင်း ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီ ဆေးရုံမှဆင်း

**နယူးဒေလီ ဩဂုတ် ၁၅**

အိန္ဒိယနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သော ကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီသည် ပခုံးခွဲစိတ်ကုသမှုခံယူနေရာမှ ယခုအခါ ပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် ဆေးရုံမှဆင်းသွားခဲ့ပြီဖြစ်ကြောင်း ဆရာဝန်များကပြောသည်။

၎င်း၏ကျန်းမာရေးအခြေအနေမှာ ပြန်လည်ကောင်းမွန်လာသော်လည်း အနားယူရန်လိုအပ်သေးကြောင်း ဒယ်ဟီးဂန်ဂါရမ်ဆေးရုံမှ ဆရာဝန်များကပြောသည်။ အသက် ၆၉ နှစ်အရွယ်ရှိ ဆိုနီယာဂန္ဒီမှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီ၏ ဇနီးလည်းဖြစ်သည်။

၎င်းသည် ၁၉၄၇ ခုနှစ်ကတည်းကစ၍ အိန္ဒိယနိုင်ငံ၏နိုင်ငံရေးလောကကို လွှမ်းမိုးခဲ့သော နေရူး-ဂန္ဒီမျိုးဆက်ကို ဆက်ခံသူလည်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သောလကတည်းက ဝေဒနာခံစားခဲ့ရခြင်းဖြစ်ပြီး ယင်းနောက် ဆေးရုံ၌ ပခုံးခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်သည်။ ထို့နောက် တနင်္ဂနွေနေ့တွင် ဆေးရုံမှ ဆင်းခွင့်ရခြင်းဖြစ်သည်။

၎င်းဦးဆောင်သည့် ကွန်ဂရက်ပါတီမှာ ၂၀၁၄ ခုနှစ်ရွေးကောက်ပွဲ၌ လက်ရှိဝန်ကြီးချုပ် မိုဒီ၏ ဘီဂျေပီပါတီကို ရှုံးနိမ့်ခဲ့သည်။ ၂၀၁၁ ခုနှစ်ကလည်း ၎င်းသည် အမေရိကန်သို့ သွားရောက်၍ဆေးကုသမှုခံယူခဲ့ပြီး ကုသမှုခံယူရသည့်အကြောင်းကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

**(ဘီဘီစီ)**



# တိတ်ဆိတ်ခြောက်ကပ်လာနေသည့် ထိုင်ဝမ်ခရီးသွားလုပ်ငန်းများ၏နွေရာသီ

**ကလျာမိုးမြင့် .........**

**ထိုင်ဝမ်တောင်ပိုင်း ကန်တင်အပန်းဖြေစခန်းအတွင်းမှာနေထိုင်တဲ့ ဟိုတယ်လေးတစ်လုံးရဲ့ ပိုင်ရှင်ဖြစ်သူ ချန်ရှန်ဆောင်အဖို့ ဟိုတယ်ရှေ့တံခါးကနေ အပြင်ဘက်ကို လမ်းလျှောက်ဖို့ဆိုတာဟာ ကြေကွဲစရာ အခြေအနေတစ်ခုဖြစ်နေခဲ့ပါတယ်။**

မနှစ်ကဆိုရင် ချန်ရဲ့ဟိုတယ်မှာ အခန်းတွေအားလုံးဟာ တရုတ်ပြည်မကြီးကလာတဲ့ ခရီးသွားဧည့်သည်တွေနဲ့ အပြည့်အသိပ်ဖြစ်နေခဲ့တာအမှန်ပါ။ ခုတော့ ညစဉ်ညတိုင်းမှာ လူသူဆိတ်သုဉ်းနေတဲ့အခန်းလွတ်တွေက ခက်ခဲကြမ်းတမ်းတဲ့ အချိန်ကာလရောက်ရှိလာပြီဆိုတာကို သိမ်ငယ်စွာဖော်ပြနေကြသလိုပါပဲ။

ထိုင်ဝမ်ကျွန်းပေါ်မှာ ချန်ရဲ့ဟိုတယ်လိုပဲ နိုင်ငံခြားသားတွေတည်းခိုတဲ့ အခြားသောဘဝတူ ဟိုတယ်မြောက်မြားစွာ ရှိနေပါတယ်။ ဆိုင်အင်ဝန်နဲ့ ၄င်းရဲ့ ဒီမိုကရက်တစ်တိုးတက်ရေးပါတီ (DPP)အာဏာရရှိလာချိန်ကစပြီး ပြည်မကြီးက ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုဟာ ပြတ်တောင်းပြတ်တောင်းအနေအထားသို့ ရောက်ရှိလျော့ကျသွားခဲ့ရပါတော့တယ်။

**အေးစက်ကြာရှည်တဲ့နွေရာသီ**

နွေရာသီကာလဟာ ထိုင်ဝမ်အရှေ့ပိုင်းမှာ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုနှုန်း အများဆုံးအချိန်ကာလဖြစ်ပါတယ်။ဒါပေမယ့် ၂၀၁၆ ခုနှစ်ရဲ့ နွေရာသီကတော့ အားလပ်ရက်ကို မှီခိုပြီး အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူတွေအတွက် အေးစက်မှုန်မှိုင်းလို့နေပါတယ်။ ပြည်မကြီးကနေ ထိုင်ဝမ်ကို ခရီးသွားလာရောက်မှုဟာ မေလနဲ့ ဇွန်လတွေမှာ ယခင်နှစ်နဲ့ယှဉ်ရင် ခရီးသွား ၈၀၀၀၀ ကျော်အထိ ထိုးကျခဲ့တယ်လို့ ထိုင်ဝမ်ခရီးသွားအေဂျင်စီကဆိုပါတယ်။

ဘုရင်မဦးခေါင်းပုံသဏ္ဍာန်ကျောက်ဆောင်ရှိတဲ့ Geopark ဥယျာဉ်မှာ မနှစ်က



နိုင်ငံခြားသားဧည့်သည်များလိုက်ပါလာသည့် ခရီးသည်တင်ယာဉ် မီးလောင်မှု ဖြစ်ပွားခဲ့စဉ်

နေ့စဉ်နေ့တိုင်းလာရောက်လည်ပတ်သူ ၄၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ အခုဆိုရင် လူ ၂၀၀၀ တောင် မပြည့်ချင်တော့ပါဘူး။ ဟိုတယ်တွေနဲ့ ခရီးသွားအေဂျင်စီတွေလောက်သာ ဒီပြဿနာကို ခံစားကြရတာမဟုတ်ပါဘူး။ ဟိုတယ်သုံး အဝေးပြေးယာဉ်လိုင်းကုမ္ပဏီတွေ၊ ခရီးသွားဧည့်လမ်းညွှန်တွေ ဈေးဆိုင်တွေနဲ့ စားသောက်ဆိုင်ပိုင်ရှင်တွေအားလုံးလည်း ဒုက္ခတွေ့နေကြရပါတယ်။ ယခုနှစ်ထဲမှာ ဝင်ငွေရရှိမှု ၇၀ ရာခိုင်နှုန်းလောက်လျော့ကျသွားကြောင်းကို ဥယျာဉ်အတွင်းမှာရှိတဲ့ ရောင်းချသူတစ်ဦးက ပြောပြခဲ့ပါတယ်။

၂၀၀၈ ခုနှစ်က ထိုင်ဝမ်ကျွန်းသို့ သွားရောက်ခြင်းကို ပိတ်ပင်ထားမှု ရုပ်သိမ်းလိုက်ပြီးတဲ့အချိန်ကစလို့ ပြည်မကြီးက ခရီးသွားဝင်ရောက်မှုဟာ တစ်ရှိန်ထိုးတိုးတက်လာပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ ခရီးသွား ၁ ဒသမ ၂ သန်းလာရောက်လည်ပတ်ခဲ့ပြီး မနှစ်က ၄ ဒသမ ၂ သန်းအထိ မြင့်တက်လာခဲ့ပါတယ်။ ပြည်မက ဧည့်သည်တွေဟာ မနှစ်က အချိန်အထိ အမေရိကန်ငွေကြေး ၂၂၇ ဒေါ်လာကို နေ့တိုင်းလိုလို သုံးပစ်နေခဲ့ပါတယ်။

ဟိုတယ်တွေတည်ဆောက်ပြီး ခရီးသွားကုမ္ပဏီတွေ တိုးချဲ့လာကြတယ်။ ဘတ်စ်ကားနဲ့ တက္ကစီယာဉ်မောင်းတွေ၊ ဧည့်လမ်းညွှန်တွေ၊ ဧည့်ကြိုတွေ၊ အမှတ်တရပစ္စည်းရောင်းချသူတွေ၊ ဖျော်ဖြေရေးအဖွဲ့တွေ၊ ပြတိုက်တွေ၊ ရုပ်ရှင်ရုံဝန်ထမ်းတွေ၊ ရေခဲမုန့်ပြုလုပ်သူတွေ၊ တောင်းရမ်းစားသောက်သူတွေပါမကျန် အကျိုးအမြတ်ရှာဖွေတဲ့အထဲမှာ ပါဝင်လာကြပါတယ်။

> **ဟိုတယ်တွေနဲ့ ခရီးသွားအေဂျင်စီတွေလောက်သာ ဒီပြဿနာကို ခံစားကြရတာမဟုတ်ပါဘူး။ ဟိုတယ်သုံး အဝေးပြေးယာဉ်လိုင်းကုမ္ပဏီတွေ၊ ခရီးသွားဧည့်လမ်းညွှန်တွေ၊ ဈေးဆိုင်တွေနဲ့ စားသောက်ဆိုင်ပိုင်ရှင်တွေအားလုံးလည်း ဒုက္ခတွေ့နေကြရ**



ထိုင်ဝမ်သမ္မတ ဆိုင်အင်ဝမ်

ရှစ်နှစ်ကြာ ရရှိခဲ့တဲ့ ထိုင်ဝမ်ကျွန်းပေါ်က လူတွေရဲ့ ဝင်ငွေနဲ့ အခွင့်အလမ်းတွေဟာ ပျောက်ကွယ်အဆုံးသတ်လုဖြစ်နေပါပြီ။ အပြောင်းအလဲတစ်ခုခု မဖြစ်ခဲ့ဘူးဆိုရင် လူတော်တော်များများဟာ အလုပ်အကိုင်ဆုံးရှုံး၊ စားဝတ်နေရေးခက်ခဲပြီး မျှော်လင့်ချက်တွေ ပြိုကွဲရတော့မှာပါ။ ခရီးသွားလုပ်ငန်းဟာ မကြာမီအချိန်အတွင်းမှာပဲ အပြောင်းအလဲတစ်ခုကို သဲကြီးမဲကြီး လိုအပ်နေပါပြီ။

ထိုင်ဝမ်သမ္မတ ဆိုင်အင်ဝမ်ဟာ One-China မူဝါဒကို အလေးထားတဲ့ ၁၉၉၂ ခုနှစ် ဘုံသဘောတူညီမှုကို အသိအမှတ်ပြုလက်ခံခြင်းမရှိခဲ့ပါဘူး။ ဆိုင်ရဲ့ နားလည်ရခက်တဲ့ သဘောထားဟာ ပြည်မကြီးမှာနေထိုင်တဲ့ပြည်သူတွေအတွက် ပဟေဠိဖြစ်စေခဲ့ပြီး လိုက်လျောဝမ်းသာ မရှိမှုတွေကို ခံစားစေခဲ့ပါတယ်။ ပြည်မကြီးမှာ နေထိုင်သူများအတွက် ထိုင်ဝမ်ဟာ ပွဲတော်ရက်များနဲ့ အားလပ်ရက်တွေမှာ ပင်လယ်ရပ်ခြား သွားရောက်ဖို့ ထိပ်တန်းရွေးချယ်မှုနေရာငါးခုအနက် တစ်ခုအပါအဝင်ဖြစ်ခဲ့ဖူးပါတယ်။

ဒါပေမယ့် ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဗယ်လင်တိုင်းမ်ပွဲတော်နဲ့ ဆင်တူတဲ့ Qixi ရိုးရာပွဲတော်မှာတော့ ထိုင်ဝမ်ဟာ ထိပ်တန်းငါးခုနေရာရဖို့ ဝေးလို့ ထိပ်တန်းနေရာ ၁၀ ခုစာရင်းမှာတောင် မဝင်နိုင်တော့ပါဘူး။ နိုင်ငံရေးအခြေအနေတွေ ဆိုးရွားနေတဲ့အပြင် ပြီးခဲ့တဲ့လက နိုင်ငံခြားခရီးသွားဧည့်သည်တွေ လိုက်ပါလာတဲ့ ဘတ်စ်ကားမီးလောင်ပြီး ပြည်မကြီးက ခရီးသည် ၂၃ ဦးနဲ့ ဧည့်လမ်းညွှန်တစ်ဦးသေဆုံးခဲ့တဲ့အတွက် ခရီးသွားလုပ်ငန်းဟာ ကူကယ်ရာမဲ့တဲ့အနေအထားနဲ့ ရင်ဆိုင်နေရပါပြီ။

ခရီးသွားကိုယ်စားလှယ်များအဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူ ရင်ဂိုလီက မတော်တဆဖြစ်ရပ်ရဲ့ဆိုးကျိုးသက်ရောက်မှုတွေကနေ ဈေးကွက်ပြန်လည် နာလန်ထူနိုင်ဖို့ လအနည်းငယ်ကြာအောင် အချိန်ယူရမှာဖြစ်တယ်လို့ ဆိုပါတယ်။ မတည်ငြိမ်တဲ့ နိုင်ငံရေးအခြေအနေတွေကြားမှာ ဆိုးကျိုးထိခိုက်မှုတွေပြီးဆုံးဖို့ အချိန်ကြာမြင့်နိုင်ပါတယ်။

ထိုင်ဝမ်ခရီးသွား အေဂျင်စီအနေနဲ့ ပြည်မကြီးက ခရီးသွားဧည့်သည်တွေကို လက်လွှတ်လိုက်ရတဲ့အတွက် လစ်ဟာကျန်ရစ်ခဲ့တဲ့ကွက်လပ်တွေကို အားဖြည့်ဖို့ ဂျပန်နဲ့ ကိုရီးယားနိုင်ငံက ကမ္ဘာလှည့်ခရီးသည်တွေလာရောက်လည်ပတ်ရေးကို ကိုယ်စွမ်းရှိသမျှ ကြိုးစားလုပ်ဆောင်နေပါတယ်။ ဇွန်လကန်ထရိုက်စာချုပ် မချုပ်ဆိုမီ မေလအတွင်းမှာ ထိုင်ဝမ်သို့ လာရောက်လည်ပတ်သူအရေအတွက်ဟာ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာပါတယ်။

အခြားသော အရင်းအမြစ်တွေကနေ နိုင်ငံခြားသားဧည့်သည်ဝင်ရောက်မှု ကျယ်ပြန့်လာခြင်းဟာ ဝမ်းမြောက်စရာဖြစ်သော်ငြားလည်းပဲ ထိုင်ဝမ်ရဲ့ ခရီးသွားလုပ်ငန်းအရည်အသွေးအာမခံအဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူး ချန်အီချွမ်ကတော့ ပြည်မကြီးကလာရောက်တဲ့ ခရီးသွားဧည့်သည်တွေသာလျှင် နောင်နှစ်များစွာအထိ တည်တံ့မယ့် ထိုင်ဝမ်ခရီးသွားလုပ်ငန်းရဲ့ အဓိကအထောက်အပံ့ဖြစ်တယ်လို့ ထင်မှတ်ယုံကြည်နေဆဲပဲ ဖြစ်ပါတယ်။ ။

**ကိုးကား-ဆင်ဟွာ(၁၃-၈-၂၀၁၆)**

# တူရကီနယ်စပ်၌ အသေခံဗုံးခွဲမှုဖြစ်ပွား၊ ဆီးရီးယားသူပုန် ၃၀ သေဆုံး

**ဒမတ်စကတ် ဩဂုတ် ၁၅**

တနင်္ဂနွေနေ့က ဆီးရီးယားနှင့် တူရကီနယ်စပ်တွင် သူပုန်အဖွဲ့ထိန်းချုပ်ရာနယ်မြေ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဆီးရီးယားသူပုန်အယောက် ၃၀ ထက်မနည်း သေဆုံးကာ အခြားသူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံရေးလှုပ်ရှားသူများက သတင်းပေးပို့ခဲ့သည်။

မြောက်ပိုင်း အိုင်ဒလစ်မြို့စွန်ရှိ နယ်စပ်ဖြတ်ကျော်ဂိတ်ဒေသအတွင်း၌ အသေခံဗုံးခွဲသမားတစ်ဦးက ပေါက်ကွဲစေတတ်သည့် ခါးပတ်ဖြင့် အဆိုပါနေရာ၌ ဗုံးခွဲမှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ၄င်းသည် တူရကီမှ ဆီးရီးယားသို့ သူပုန်တိုက်ခိုက်ရေးသမားများအားတင်ဆောင်လာသည့် ယာဉ်ပေါ်တွင် အသေခံဗုံးခွဲမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

ပေါက်ကွဲမှုအတွင်း တူရကီနယ်ခြားစောင့်တပ်ဖွဲ့ဝင်အချို့လည်း သေဆုံးခဲ့သဖြင့် အဆိုပါပေါက်ကွဲမှုမှာ ဆီးရီးယားနယ်စပ်အလွန် တူရကီနယ်စပ်တွင် ဖြစ်ပွားခဲ့ကြောင်း ဗြိတိန်အခြေစိုက် Watchdog အဖွဲ့က ပြောကြားခဲ့သည်။

ဆီးရီးယားပဋိပက္ခကြောင့် သူပုန်အုပ်စုများအချင်းချင်း တင်းမာမှုများမြင့်တက်ကာ တူရကီနယ်စပ်တွင် ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

**(ဆင်ဟွာ)**

## ကုန်သေတ္တာတင်နောက်တွဲယာဉ် ကမ်းနားလမ်းသစ်မှ လမ်းဟောင်းပေါ်သို့ပြုတ်ကျ၊ လမ်းဘေးရပ်ယာဉ်ငယ်သုံးစီးပျက်စီး

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ ကမ်းနားလမ်းမသစ်အတိုင်း အရှေ့မှအနောက်သို့ ယာဉ်မောင်း ကိုထိန်လင်း(၃၁ နှစ်) လှိုင်မြို့နယ် အုတ်တွင်း ၁၄ ရပ်ကွက် ဗဟိုလမ်းနေသူ မောင်းနှင်လာသော UD နီဆန်း ပေ ၄၀ ရှည် ကုန်သေတ္တာ(ကုန်ပစ္စည်းမပါ) တင်ဆောင်လာသော ၂၂ ဘီးနောက်တွဲ ယာဉ် အမှတ် 7J/------- သည် ဩဂုတ် ၁၄ ရက် ည ၉ နာရီခွဲက မက်ပို ဆန်စပါးအထူးပြုကုမ္ပဏီအဆောက်အအုံအနီးအရောက် စက်ချွတ်ယွင်းသဖြင့် ကမ်းနားလမ်းမဟောင်းပေါ်သို့ အရှိန်လွန်ပြုတ်ကျသွားသည်။ **(အပေါ်ယာပုံ)**



ယင်းသို့ကျရောက်မှုကြောင့် ကမ်းနားလမ်းဟောင်း လမ်းဘေးယာဉ်ရပ်နားရန်နေရာတွင် ရပ်နားရန်ပြုလုပ်နေသည့် ဖီလ်ဒါယာဉ် YGN 7 H/------ ၏ ယာဘက်ခြမ်းနောက်ပိုင်း ပျက်စီးသွားပြီး လမ်းဘေးရပ်ထားသော တိုယိုတာဟိုင်းလပ်ယာဉ်မှာလည်း ယာဉ်ရှေ့ပိုင်းနှင့် နောက်ပိုင်းအမိုးများ ပျက်စီးသွားသည်။ တက္ကစီအငှားယာဉ် YGN 7H/----- ယာဉ်နောက်ခြမ်း အနည်းငယ်ထိခိုက်မှုသာရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကိုဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ယင်းနေရာတွင် ကမ်းနားလမ်းသစ်ဘေးသံအကာအရံတန်းကြီး နှစ်တန်းပြန်လည်တပ်ဆင်ထားသည်မှာ တစ်လဝန်းကျင်သာရှိသေးသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်ကလည်း ဘိလပ်မြေဖျော်စက်ပါ ယာဉ်တစ်စီးလည်း ပြုတ်ကျခဲ့ဖူးပြီး လမ်းဘေးရပ်ယာဉ်ငယ်ငါးစီးပျက်စီးခဲ့ဖူးသည်။

၂၀၁၆ ဇူလိုင်လလယ် ရက်သတ္တပတ်အတွင်း ယင်းနေရာနှင့် အနည်းငယ်ဝေးကွာသည့် လမ်းမတော်မြို့နယ် ရွှေတောင်တန်းကမ်းနားရှိ ကမ်းနားလမ်းမသစ် တစ်ဖက်တစ်ချက်စီတွင် ရထားသံလမ်းဘေး အုတ်နံရံဖောက်၍ ရန်ကုန်မြစ်ကမ်းစပ်သို့ နောက်တွဲယာဉ်(ခေါင်းတွဲ) တစ်စီးထိုးကျမှုနှင့် ကမ်းနားလမ်းဟောင်းပေါ်သို့ နောက်တွဲယာဉ်ပြုတ်ကျမှုများ သီးခြားစီဖြစ်ပွားခဲ့သေးရာ ဩဂုတ် ၁၄ ရက်ထိ လမ်းဘေး အပျက်အစီးများကို သက်ဆိုင်ရာမှ ပြင်ဆင်နေရဆဲဖြစ်သည်ကို မြင်တွေ့ရသည်ဟု ရန်ကုန်ဆိပ်ကမ်းသို့ ကုန်သွားရောက် ပေးပို့နေသူများက ပြောသည်။

**ခင်ဆိုင်**



## လုပ်ငန်းဗီဇာဖြင့် လာရောက်တည်းခိုပြီး လောင်းကစားမှုပြုလုပ်နေသူများအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဩဂုတ် ၁၅**

လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်သက်ခိုင်နှင့်အဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက် ၁ နာရီခန့်က လှိုင်သာယာမြို့(၆)ရပ်ကွက် ပီမိုးနင်းလမ်း အမှတ်(၁၈၁၅)ရှိ ကြာပန်းဟိုတယ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေစဉ် မခင်သူဇာ(၂၁နှစ်)နှင့် လုပ်ငန်းဗီဇာဖြင့် လာရောက်တည်းခိုနေသူ လျှူဝီကောင်း (၃၈နှစ်)ပါ တရုတ်နိုင်ငံသားလေးဦးတို့အား မာကျောက် လောင်းကစားရာတွင် အသုံးပြုသောပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၁၀၇၂၅၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဟိုတယ်မန်နေဂျာ မခင်သူဇာနှင့် တရုတ်နိုင်ငံသား လျှူဝီကောင်းပါလေးဦးတို့အား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(အပေါ်ပုံ) ကိုရဲ**

## ထန်းကိုင်းရေနံမှော်၌ ရေနံလက်ယက်တွင်းအတွင်း လူနှစ်ဦး ပြုတ်ကျသေဆုံး

**မင်းလှ ဩဂုတ် ၁၅**

မင်းလှမြို့နယ် ထန်းကိုင်းရေနံမှော်ရှိ ရေနံလက်ယက်တွင်းတစ်ခုအတွင်း ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းက လူနှစ်ဦး ပြုတ်ကျသေဆုံးခဲ့ကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်၁၄ ရက် ညနေ ၃ နာရီခွဲက ထန်းကိုင်းရေနံမှော်၌ လူနှစ်ဦး ရေနံတွင်းအတွင်းပြုတ်ကျခဲ့ကြောင်းသတင်းအရ မင်းလှမြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးမြင့်ဦးဦးစီးသောတပ်ဖွဲ့ဝင်များ၊ မင်းလှမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လင်းစိုး ပါဝင်သောမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ ရေနံကျင်းအတွင်းမှ ဆယ်ယူရရှိခဲ့ခြင်းဖြစ်သည်။ ထွန်းထွန်းနောင် ကျီးပင်ချောင်းကျေးရွာ စစ်ကိုင်းတိုင်းဒေသကြီးနေသူ၏ အကျယ်(၄×၄)ပေ၊ အနက်ပေ ၅၀ ခန့်ရှိသော ရေနံလက်ယက်တွင်းဟောင်းရှိ ရေနံသံပိုက်အား အောင်မင်းဌေး (၃၁နှစ်) လဲကန်ကျေးရွာ ပုလဲမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးနေသူက ဆင်း၍ဆယ်ယူစဉ် ရေနံတွင်းအတွင်း ပြုတ်ကျသွားသဖြင့် အလုပ်အတူလုပ်ကိုင်သူ ဇော်မြင့်(၂၂နှစ်) ဂျင်းရဲမြောင်ကျေးရွာ မင်းလှမြို့နယ်နေသူက ရေနံတွင်းအတွင်းသို့ ထပ်မံဆင်းဆယ်ရာ ဆက်သွယ်မှုပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါရေနံကျင်းအတွင်းသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များမှ အောက်ဆီဂျင်အကူအညီဖြင့် ဆင်း၍ဆယ်ခဲ့ရာ အောင်မင်းဌေးတွင် ရေနံတွင်းအတွင်းပြုတ်ကျရာမှရရှိသည့် ဒဏ်ရာနှင့် သေဆုံးနေပြီး ဇော်မြင့်တွင် ပြင်ပဒဏ်ရာမရှိ အောက်ဆီဂျင်ပြတ်တောက် သေဆုံးလျက် ပြန်လည်ဆယ်ယူရရှိခဲ့သဖြင့် ရဲမှူးခင်းဆေးစာဖြင့် မင်းလှမြို့ပြည်သူ့ဆေးရုံသို့ ပို့အပ်ထားရှိခဲ့ကြောင်းသိရသည်။ ယင်းအမျိုးသားနှစ်ဦးသေဆုံးခြင်းနှင့်ပတ်သက်၍ ဒုရဲမှူး မျိုးမြင့်ဦးက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် မင်းလှမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



## မြေသြဇာအိတ်တင် ၂၂ ဘီးတွဲယာဉ် တိမ်းမှောက်

**ကညွတ်ကွင်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ၂၂ ဘီးတွဲယာဉ်တစ်စီးသည် ဩဂုတ် ၁၅ ရက် နံနက် ၄ နာရီခန့်က ကညွတ်ကွင်းမြို့၏မြောက်ဘက် ရန်ကုန်-မန္တလေးလမ်းဟောင်းမိုင်တိုင်အမှတ် (၁၃၃ / ၂) အနီးတွင် တိမ်းမှောက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ရန်ကုန်ဘက်မှ မြေသြဇာအိတ်များ တင်ဆောင်၍ မန္တလေးဘက်သို့ ယာဉ်မောင်း ထွန်းထွန်းနိုင်မောင်းနှင်လာသည့် ယာဉ်အမှတ် 7C / ---- နောက်တွဲ ၂၂ ဘီးယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ကာ လမ်းဘေးသို့ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး "နံနက်လေးနာရီဝန်းကျင်မှာ ဝုန်းဝုန်းဆိုတဲ့အသံကြီးကြားရတော့ ထွက်ကြည့်တယ်။ ကားက လမ်းပေါ်မှာ ပက်လက်ကြီးဖြစ်နေပြီ။ ဟိုဘက်ကတည်းက လမ်းဘေးကို ငိုက်ပြီး ဆွဲချလာတာဖြစ်မယ်"ဟု ပတ်ဝန်းကျင်ရှိနေထိုင်သူတစ်ဦးက ပြောကြားခဲ့ပြီး ဖြစ်စဉ်အား ကညွတ် ကွင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ကောလင်းမြို့နယ်၌ တရားမဝင်ရွှေသတ္တုတူးဖော်သူကို အမှုဖွင့်

**ကောလင်း ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ရဲစခန်းအနောက် ၁၈ မိုင်ခန့်အကွာ အောင်တံခွန်ကျေးရွာ၏ အရှေ့မြောက်ဘက် ဝွေးတောက်တောကြိုးပြင်ကာကွယ်တောအတွင်း တရားမဝင် ရွှေသတ္တုများ တူးဖော်နေခြင်း ရှိ/ မရှိကို ဩဂုတ် ၁၀ ရက် နံနက် ၁၁ နာရီခန့်က ဦးဇော်ဝမ်း အမှတ်(၂) သတ္တုတွင်းလုပ်ငန်း တာဝန်ခံအရာရှိ (ကောလင်းမြို့)နှင့်အဖွဲ့၊ ကသာခရိုင် ငါးလုပ်ငန်း ဦးစီးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးအဖွဲ့၊ မြို့နယ်ငါးလုပ်ငန်းဦးစီးအဖွဲ့၊ ချောင်းနားရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့နှင့်အတူ သွားရောက်ရှာဖွေစစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးစဉ် အဆိုပါနေရာ၌ ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းတို့ကို တွေ့ရှိရပြီး ပိုင်ရှင်မှာ မင်းအောင် (၄၀နှစ်) ကောလင်းမြို့နယ်နေသူဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် အရေးယူပေးရန် ဩဂုတ် ၁၄ ရက်က တာဝန်ခံအရာရှိ ဦးဇော်ဝမ်းက ရဲစခန်းသို့ တိုင်ကြားခဲ့ရာ မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**


### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၄၄၊ ၅၃×၅၄ လမ်းကြား၊ မြတ်လေးလမ်း×ပိတောက်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းလှကျော်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၂၅၈၅/၂၀၁၄ဖြင့်ဝယ်ယူခဲ့သူ ဒေါ်ချိန်ကျုံးရှမ်း ၁၃/လရန(နိုင်)၀၆၂၁၅၉မှ တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း အမှတ်တွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တပ်ဦးသီတာရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၈/၆၃ ဟု ခေါ်တွင်သော (အလျား ၁၆၀'×အနံ ၆၀')ရှိမြေကွက်နှင့်ပတ်သက်၍ အများသိစေရန်သတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဥက္ကလာသီရိကန်လမ်း၊ အမှတ်၁၂နေ ဦးစည်သူဟိန်းသန်း ၁၂/ဒဂတ(နိုင်)၀၁၃၂၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်သတိပေးတားမြစ်ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တပ်ဦးသီတာရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၈/၆၃ ဟု ခေါ်တွင်သော (အလျား ၁၆၀'×အနံ ၆၀') အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးစည်သူဟိန်းသန်းက မူလပိုင်ရှင် ဦးသက်လွင် ၁၂/လကန(နိုင်)၀၂၄၂၂၉ ထံမှ ၃၁-၅-၂၀၁၆ ရက်စွဲပါ မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအိမ်နှင့်မြေအား ဦးစည်သူဟိန်းသန်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ် လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွန်းစံ(စဉ်-၅၅၄၅)**
**B.Sc.(Chem), H.G.P, R.L, D.A,D.M.A**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၅၈-B၊ သုံးလွှာ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ဖခင်အမည်မှန်

ပင်လုံမြို့၊ အထက(၁)အဋ္ဌမတန်း (A)မှ မောင်ဇော်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းဝင်းရွှေ ၉/မထလ(နိုင်)၀၂၂၂၃၈ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်လီဖုန်လန် ၉/မမန(နိုင်)၀၄၃၃၄၇၏ နိုင်ငံကူးလက်မှတ် နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၉၁၇၆၈၈**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၄၁၄၇၆၊ Toyomax-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဇော် မြင့် ၈/မတန(နိုင်)၀၅၂၅၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(သရက်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၄၂ယ/၁၄၀၄၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသန်းညွှန့် ၁၄/အမတ(နိုင်)၀၂၂၁၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

### ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်းနှင့် ဦးဖိုးမှန်လမ်းထောင့်၊ အိမ်အမှတ်(၁၇)ဟုခေါ်တွင်သည့် နှစ်ခန်းတွဲခြောက်ထပ်တိုက်၏ ခြောက်လွှာအပေါ်ဆုံးထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ညာ) အကျယ်အဝန်း (၁၃ပေ×၆၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို မြေရှင်ပိုင်အဖြစ် အကျိုးခံစားခွင့်ရရှိပြီး မြေပိုင်ရှင် အခန်းပိုင်ရှင်ဖြစ်သူ ဦးမြင့်သောင်း(ခ)ဦးဗသော် ၁၂/လမန(နိုင်)၀၁၈၆၀၅ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ယင်းအရောင်းအဝယ်ပိုင်ဆိုင်မှုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် LL.B(စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)**
**လင်း ဥပဒေအကြံပေးအထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁-ဘီ)၊မြေညီ၊ ဗိုလ်ရှင်းရေအိုးစင်လမ်း၊တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၈၇၄၀၀၂၄၅၂၊ ၀၉-၂၅၇၂၈၅၀၅၀**


### ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ ကျပ်ငါးသိန်းလှူဒါန်းခြင်း



ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ရတနာလမ်း၊ အမှတ်၁၂နေ ကွယ်လွန်သူ ဒေါက်တာဘတင် အားရည်စူး၍ ဇနီးဒေါက်တာစမ်းစမ်းလှိုင်၊ သားကပ္ပတိန်နန္ဒလင်း-သမီးဒေါက်တာသီရိတင်၊ သားဒေါက်တာဖြိုးကျော်တင်မိသားစုမှ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ငါးသိန်းတိတိလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးမှ လက်ခံယူပါသည်။


### ပျောက်ဆုံးကြောင်း

အမှတ်(၈) မဥ္ဇူလမ်း၊ အမှုထမ်းသန်လျင်မြို့နေ မောင်ထက်သူဇော် ၁၂/သလန(နိုင်)၁၂၈၃၄၁သည် All im one DKP 090635 ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၇၈၄၄၃၅၃၉၆**

### ကန့်ကွက်နိုင်ကြောင်း

ဗဟန်းမြို့နယ်၊ ဆရာစံတောင် စံပြရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ်၃၇ (၃)လွှာနေ ဦးအောင်ထူး ၁၂/ဗဟန(နိုင်)၁၅၈၈၂၅ က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁) ရပ်ကွက်၊ မင်းရဲကျော်စွာ(၄)လမ်း၊ အမှတ်၁၆၈၇ရှိ (အလျား၁၀ပေ×အနံပေ၆၀) ခြံရောင်းရန် ကမ်းလှမ်းလာရာ စရန်ငွေအချို့ ပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားများနှင့်တကွဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်သီတာ ၁၂/ဒဂတ(နိုင်)၀၃၄၆၁၇၊ ဖုန်း- ၀၉-၇၉၉၅၅၀၆၅၄**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၈၄၊ ဦးပိုင်အမှတ် ၁၈၊ အောင်ရတနာလမ်း×အေးချမ်းသာလမ်း၊ မြသီတာလမ်း×သံနောက်လမ်းမကြားရှိ ဦးတင်မောင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးတင်မောင် မိခင်ဒေါ်မြခင်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သား/သမီးတို့ဖြစ်သော ဒေါ်အောင်ကြည် ၉/မနတ(နိုင်)၀၄၅၄၇၅၊ ဦးနေဝင်း ၉/မနတ(နိုင်)၀၃၆၂၄၇တို့မှ ယခင်ကူးယူခဲ့သည့် မြေပုံ၊ မြေရာဇဝင်မူရင်းတို့ ပြန်လည်အပ်နှံမှုမရှိခြင်း၊ ဂရန်စာချုပ်မူရင်း ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၅**

ထူးချွန်သော ဂေါက်သီးအားကစားသမားများ ထွက်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ ကမ္ဘောဇဘဏ် လီမိတက်က အဓိက ပံ့ပိုးကူညီသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက် ပြိုင်ပွဲ တတိယပွဲစဉ် (မန္တလေး) စတုတ္ထနေ့နှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၄ ရက်က မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပသည်။




စတုတ္ထနေ့ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌဦးကိုကိုအေးက အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြတ်ခိုင်က ပြိုင်ပွဲအားအဓိကပံ့ပိုးကူညီသော ကမ္ဘောဇဘဏ်လီမိတက်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ KBZ Group of Companies မှ ဦးတင်မောင်ထွန်းက လက်ခံရယူသည်။ ဆက်လက်၍ ပြိုင်ပွဲအား လက်ခံကျင်းပခွင့်ပြုသည့် ရေတံခွန်တောင်ဂေါက်ကွင်းအား အမှတ်တရလက်ဆောင်နှင့် လှူဒါန်းငွေကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ဦးကျော်ကျော်မြင့်ကပေးအပ်ရာ ဂေါက်ကွင်းအထွေထွေမန်နေဂျာ ဦးသန့်စင်ဦးက လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သို့ ဂရင်းမြက်ရိတ်စက် တစ်လုံးလှူဒါန်းသော Myanmar & Ransomes Jacobsen Limited အားအမှတ်တရလက်ဆောင်ကို အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် အထက်မြန်မာပြည် ဆပ်မကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော်က ပေးအပ်ရာ ယင်းကုမ္ပဏီမှ မန်နေဂျာ ဦးစိုးသန်းက လက်ခံရယူသည်။

ဆက်လက်၍ KBZ Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးထွန်းလင်းက ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရ ဖူးပွင့်ရတီခိုင်နှင့် ဒုတိယဆုရ နန်းအေးအေးအောင်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အထက်မြန်မာပြည်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုကိုက ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရ ဟိန်းစည်သူနှင့် ဒုတိယဆုရကျော်သက်ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ပညာရှင်အဆင့်တွင် သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ပြီး ပထမဆုရရှိခဲ့သည့် နိုင်နိုင်လင်းအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

## ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှု

Rio2016

၁၅-၈-၂၀၁၆

| အမှတ်စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၆ | ၂၁ | ၂၂ | ၆၉ |
| ၂ | ဂရိတ် ဗြိတိန် | ၁၅ | ၁၆ | ၇ | ၃၈ |
| ၃ | တရုတ် | ၁၅ | ၁၃ | ၁၇ | ၄၅ |
| ၄ | ရုရှား | ၉ | ၁၁ | ၁၀ | ၃၀ |
| ၅ | ဂျာမနီ | ၈ | ၅ | ၄ | ၁၇ |
| ၆ | ပြင်သစ် | ၇ | ၈ | ၇ | ၂၂ |
| ၇ | အီတလီ | ၇ | ၈ | ၆ | ၂၁ |
| ၈ | ဂျပန် | ၇ | ၄ | ၁၅ | ၂၆ |
| ၉ | ဩစတြေးလျ | ၆ | ၇ | ၉ | ၂၂ |
| ၁၀ | တောင်ကိုရီးယား | ၆ | ၃ | ၅ | ၁၄ |
| ၁၁ | ဟန်ဂေရီ | ၅ | ၃ | ၄ | ၁၂ |
| ၁၂ | နယ်သာလန် | ၄ | ၂ | ၃ | ၉ |
| ၁၃ | စပိန် | ၃ | ၀ | ၂ | ၅ |
| ၁၄ | နယူးဇီလန် | ၂ | ၆ | ၀ | ၈ |
| ၁၅ | ကနေဒါ | ၂ | ၂ | ၉ | ၁၃ |
| ၁၆ | ကာဇက်စတန် | ၂ | ၂ | ၄ | ၈ |
| ၁၇ | ကိုလံဘီယာ | ၂ | ၂ | ၀ | ၄ |
| ၁၈ | ဆွစ်ဇာလန် | ၂ | ၁ | ၂ | ၅ |
| ၁၉ | ဘယ်လ်ဂျီယံ | ၂ | ၁ | ၁ | ၄ |
| ၂၀ | ထိုင်း | ၂ | ၁ | ၁ | ၄ |

ဩဂုတ် ၁၅ ရက် ည ၉ နာရီအထိ နိုင်ငံအလိုက် ရွှေရရှိမှုဖြစ်သည်။



# (၂၉)ကြိမ်မြောက်ဆီးဂိမ်းယှဉ်ပြိုင်နိုင်ရန် တိုက်ကွမ်ဒိုပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်လာရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုအပါအဝင် နေပြည်တော်ကောင်စီအနေနဲ့လည်း ပါဝင်တဲ့အတွက်အသင်း ၁၅ သင်းပါဝင်ပြီး အားကစားသမား ၂၆၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ (၂၉)ကြိမ်မြောက် မလေးရှားဆီးဂိမ်းမှာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်လာရေးရည်ရွယ်ပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်ပြိုင်ပွဲတွေကို ကျင်းပရတာဖြစ်ပါတယ်။ ဆီးဂိမ်းအတွက် နေပြည်တော်မှာ ကစားသမား အမျိုးသား ရှစ်ဦး၊ အမျိုးသမီးငါးဦး စခန်းသွင်းလေ့ကျင့်နေပါတယ်။ ပြိုင်ပွဲဝင်ဦးရေ နည်းပါးနေတဲ့အတွက်ကြောင့် တိုင်းဒေသကြီးနဲ့ပြည်နယ်မှာ ထွက်ပေါ်လာမယ့် မျိုးဆက်သစ်ကစားသမားတွေကိုရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ပေးသွားမှာဖြစ်ပါတယ်။ ဆီးဂိမ်းမှာ အတိုက်ငါးတန်းတွင် သုံးတန်းယှဉ်ပြိုင်ကာ အမျိုးသားသုံးဦးနဲ့ အမျိုးသမီးသုံးဦး ယှဉ်ပြိုင်ပြီး ကကွက်အမျိုးအစား ငါးမျိုးမှာ ငါးမျိုးစလုံး ယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်"ဟု မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ နည်းပြချုပ် ဦးကျော်သန်းဦးက ပြောသည်။

အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အသက် ၁၇ နှစ်အောက်၊ အသက် ၂၅ နှစ်အောက် ပထမ၊ ဒုတိယ၊ တတိယ၊ အကောင်းဆုံးအားကစားသမားဆု ရွှေလေးခု၊ ငွေလေးခု၊ ကြေးတစ်ခုဖြင့် တံခွန်စိုက်ဆုဖလားကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းကလည်းကောင်း၊ ရွှေကိုးခု၊ငွေသုံးခု၊ ကြေးနှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းကလည်းကောင်း၊ ရွှေ ၁၂ ခု၊ ငွေလေးခု၊ ကြေးသုံးခုဖြင့် စုပေါင်း တံခွန်စိုက်ဖလားကိုရန်ကုန်တိုင်းဒေသကြီးတို့ကိုလည်းကောင်း မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**


## အာစရိယပူဇော်ပွဲ မြောင်မြို့

(၁၁)ကြိမ်မြောက် အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများကို ကျောင်းသား၊ ကျောင်းသူဟောင်းတို့မှ ၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်တွင် အထက ရာပြည့် ခန်းမ၌ ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးမှ တပည့်များအားလုံး သိရှိလှူဒါန်းနိုင်ရန် နှိုးဆော်လိုက်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်ရန်-**

| | | |
|---|---|---|
| ဦးကျော်ကျော် | ရန်ကုန် | ဖုန်း-၀၉-၈၇၄၂၉၈၄ |
| ဦးမြင့်နိုင် | ရန်ကုန် | ဖုန်း-၀၁-၃၉၄၆၄၂ |
| ဦးဝင်းလွင် | သန်လျင် | ဖုန်း-၀၉-၅၁၂၉၄၇၈ |
| ဦးစိန်ဝင်း | မန္တလေး | ဖုန်း-၀၂-၃၃၉၀၅ |
| ဦးစိန် | မြောင် | ဖုန်း-၀၉-၇၉၄၃၄၂၁၇ |
| ဦးချစ်ဆွေ | မြောင် | ဖုန်း-၀၉-၇၈၉၂၇၈၃၆၀ |
| ဦးအောင်ဘီ | မြောင် | ဖုန်း-၀၉-၉၆၇၂၈၉၈၉၉ |

**ဥက္ကဋ္ဌ**
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**မြောင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ခွဲကျောက်မျိုးစုံ ၁၁၇၀၁·၅ ကျင်း၊ သဲကြမ်း ၁၇၆၈·၁၂၅ ကျင်း၊ သဲကျောက် ၃၃၈၀·၅ ကျင်း၊ ဆန်ခါချကျောက်စရစ် ၇၆၀·၈၇၅ ကျင်း၊ ဂျင်းမြေ(မြေနီ)၁၅၈၂·၅ ကျင်း၊ ဘိလပ်မြေ ၁၈၁၇·၀၈၁၃ တန်၊ သံချောင်းလုံး Size စုံ ၁၈၅·၆၄၀၅ တန်၊ တောသစ် ၁၇၆·၆၅၇ တန်များအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါအမှတ်(၂)** ၂၀၁၆-၂၀၁၇

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၁၇-၈-၂၀၁၆ ရက်

(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်** - ၃၁-၈-၂၀၁၆ ရက်၊ ၁၁:၀၀ နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၉-၈-၂၀၁၆ ရက်၊ ၁၃:၀၀ နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မိုးညှင်းမြို့၊ ဖုန်း-၀၇၄-၆၀၀၁၀ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အဆောက်အဦးများတွင်အထပ်မြင့်ကားပါကင်ထည့်သွင်းလိုသူများအတွက်သတင်းကောင်း

ဂျပန်နိုင်ငံရှိ STEEL STRUCTURE COMPANY ဖြစ်သော WATAHAN COMPANY နှင့် မြန်မာနိုင်ငံမှ ရှင်ရဲထွဋ်ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် SHIN WATAHAN COMPANY ကို (J.V) တည်ထောင်၍ အထပ်မြင့်ကားပါကင်များ (EV-Parking)၊ ပြန်လည်ရွှေ့ပြောင်း၍အသုံးပြုနိုင်သောကားပါကင်များ (Re-Location Parking)၊ အတန်းလိုက်ရွှေ့လျားအသုံးပြုနိုင်သော ကားပါကင် (Mechanical Parking) များကို ဆောက်လုပ်ရန်နှင့် ဆောက်လုပ်ဆဲအဆောက်အဦးပိုင်ရှင်၊ ကန်ထရိုက်တာများ၏ စိတ်တိုင်းကျ မိမိတို့အဆောက်အဦးအတွက် အသုံးပြုရန်လိုအပ်သည့် ကားစီးရေအလိုက် သင့်တော်သည့်ကားပါကင် ဒီဇိုင်းများရေးဆွဲခြင်း၊ အကြံပေးဝန်ဆောင်မှုပေးခြင်း၊ အချိန်တိုအတွင်း ကားပါကင်များ လက်ခံ ဆောက်လုပ်ပေးခြင်းများကို အချိန်နှင့်တပြေးညီ လုပ်ဆောင်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်ကုမ္ပဏီ - SHIN WATAHAN COMPANY LIMITED
ဆက်သွယ်ရန်လိပ်စာ - No. (901), Building (C), Pearl Condo., Kabaraye Pagoda Road, Bahan Township, Yangon, Myanmar.
ဆက်သွယ်ရန်ဖုန်း - 09-970041153, 09-773273996 (MMR)
+ 81-80-10016787 (JPN)



## အခန်း(၂)ခန်းငှားမည်

(၁) လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်းမပေါ် Junction Mawtin စင်တာရှေ့တည့်တည့် အကျယ်ပေ (၁၂½×၅၀)ပေရှိ မြေညီနှစ်လွှာငှားမည်။ ဈေးနီး၊ ကျောင်းနီး၊ လူစည်ကား၊ တစ်လ(၁၈)သိန်း (ညှိနှိုင်း)။ အကျိုးဆောင်လက်ခံသည်။

(၂) လှည်းတန်းစင်တာရှိ အဆင့်မြင့်ကွန်ဒိုတစ်ခန်းငှားမည်။ (၆၀၀) Sq/Ft အကျယ်အဝန်းရှိပြီး ကားပါကင် ပါဝင်သည်။ တစ်လ (၁၀)သိန်း နိုင်ငံခြားသား လက်ခံသည်။ **ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂူမ်းထုပ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၅-က)၊ ဦးပိုင်အမှတ်(၁၅၄)၊ တရုတ်တန်းလမ်းအရှေ့ဘက်၊ ရွှေအိုးရာဘုရားတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမျိုးလွင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်သိန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၂/၂၀၀၆)ဖြင့် ဝယ်ယူခဲ့သူ ဦးခင်မောင်သက် ၉/မရမ(နိုင်)၀၄၅၄၃၀ ဒေါ်လဲ့လဲ့ဝင်း ၉/မရမ(နိုင်)၀၄၅၄၃၃ တို့မှ ဂရန်စာချုပ်၊ တရားရုံးကျမ်းကျိန်ချက်၊ အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမည်ပြောင်း၊ ၂ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများ ဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/3623 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/1356၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၄၀)၊ ဦးပိုင်အမှတ်(၃၁-က)၊ ၄၂×၄၃ကြား၊ ၇၈×၇၉ လမ်းကြားရှိ ဦးရွှေအိုး၊ ဒေါ်သစ် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား မီးလောင်မြေ ပြန်လည်နေရာချထားရေးအဖွဲ့မှ ဒေါ်သန်းတင် အမည်ဖြင့် ချထားရရှိခဲ့ပါသည်။ ဖခင် ဦးဘရင်၊ မိခင် ဒေါ်ငွေရင်၊ (အစ်မ)ဒေါ်သန်းတင် (အပျိုကြီးဘဝ)တို့ အသီးသီး ကွယ်လွန်၍ ကျန်ရစ်သော(မောင်)ဖြစ်သူ ဦးထွန်းလှ၉/မရတ(နိုင်)၀၃၁၅၀၆မှ မီးလောင်မြေချထားမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# နမ့်ခမ်းမြို့ ပရိယတ္တိစာသင်တိုက် ဆွမ်းစားကျောင်းဆောင်သစ် အုတ်မြစ်စီမင်္ဂလာ ကျင်းပ

**နမ့်ခမ်း ဩဂုတ် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ ပရိယတ္တိစာသင်တိုက်ရှိ ရဟန်းသံဃာများ စာသင်သံဃာများ ဆွမ်းဆက်ကပ်လှူဒါန်းရာတွင် အဆင်ပြေမှုရှိစေရန်အတွက် စေတနာရှင် ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်မည့် ဆွမ်းစားကျောင်းဆောင်သစ် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၂ ရက်က စာသင်တိုက် ဆွမ်းစားကျောင်းဆောင်နေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်မဟာစည်ရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယအရှင်သူမြတ်)နှင့် မြို့နယ်သံဃာ့နာယကဉက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိနယာစာရ( အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)တို့နှင့်အတူ ဆရာတော်သံဃာတော်များက အောင်ဂါထာတော် ရွတ်ဖတ်ပူဇော်၍အုတ်မြစ်တော်စီမည့် အလယ်မင်္ဂလာတိုင်နေရာတွင် ရတနာရွှေကြုတ်တော်ကို ထည့်သွင်းပြီး ရတနာအုတ်မြစ်များကိုစီခဲ့ကြသည်။

ယင်းနောက် နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက အုတ်မြစ်တော်စီခဲ့ကြသည်။

အဆိုပါဆွမ်းစားကျောင်းဆောင်သစ်သည် အလျား ပေ ၁၄၀၊ အနံ ပေ ၆၀ ရှိကာ ခန့်မှန်းငွေကျပ် သိန်း ၁၅၀၀ ဖြင့် အကုန်ကျခံတည်ဆောက်သွားမည်ဖြစ်ရာ လက်ရှိမန္တလေးမြို့နေ ဦးဝင်းထူး ဒေါ်နန်းအေးအေးကျော် မိသားစုကမတည်လှူဒါန်းငွေကျပ်သိန်း ၅၀၀၊ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၅၀၀ ကျော် အပါအဝင် လှူဒါန်းရရှိထားသော ငွေကျပ်သိန်း ၁၀၀၀ ကျော်ဖြင့် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ပုဂံလောကနန္ဒာစွယ်တော်မြတ်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပ

**ညောင်ဦး ဩဂုတ် ၁၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့သစ် ဧရာဝတီမြစ်ကမ်းနံဘေးရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော လောကနန္ဒာ စွယ်တော်မြတ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် ဝါခေါင်လ၌ ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက် ဥပုသ်နေ့တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ပြည်သူများလာရောက်ကာ သံဃာတော်များအား သပိတ်လုံးများကပ်လှူနိုင်ရန်အတွက် သပိတ်လုံးနှင့် ငွေပဒေသာပင်များယူဆောင်၍ ဘုရားကြီးကို ဦးတိုက်လာရောက်ဆက်ကပ်လှူဒါန်းကြသည်။ ယခုနှစ်တွင်လည်း သပိတ်လုံးအရေအတွက် ၃၀၀၀ ကျော်ခန့် အလှူခံရရှိခဲ့ပြီး ကြွရောက်လာကြသည့် သံဃာတော် အပါး ၁၀၀ ကျော်တို့အား ဘုရားကြီးဂေါပကအဖွဲ့ကဦးဆောင်၍ စာရေးတံမဲစနစ်ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

“ဒီနှစ်သပိတ်လုံးလှူဒါန်းတဲ့သူ ပိုများလာလို့ အလှူခံရရှိတဲ့အရေအတွက်များတယ်။ ခန့်မှန်းတာကတော့ ၃၀၀၀ ကျော်လောက်ရှိမယ်။ အလှူခံသံဃာတစ်ပါးကို သပိတ်လုံးခုနစ်လုံးနဲ့ ဝတ္ထုအနေနဲ့ကတော့ ငွေကျပ် ၂၀၀၀၀ ခန့်လောက် လှူဒါန်းမယ်လို့ ရည်မှန်းထားပါတယ်”ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဘုရားပွဲတော်စည်ကားသိုက်မြိုက်ရေးအတွက် ပျော်ပွဲရွှင်ပွဲများအဖြစ် ဂျပန်ဂိုးကျဉ်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဆွမ်းတော်ကြီးပွဲ၊ အရုပ်သွန်းလှည့်လည်ပွဲ၊ ညအချိန်တွင် ဇလာဇာတ်သဘင်ပွဲများဖြင့် ကပြဖျော်ဖြေမှုများလည်း ပါဝင်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်၌ ဩဂုတ် ၁၃ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးခူးပိုလီကပ်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် အောင်သာကုန်းကျေးရွာမှ ဒေသခံပြည်သူများ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်
ကျော်စွာ (ပြန်/ဆက်)

# အင်းတော်ရေနံတွင်းများတွင် ရေနံတွင်းသစ်တူးဖော်လိုသူများ သက်ဆိုင်ရာ၏ခွင့်ပြုချက်နှင့်အညီ တူးဖော်ခွင့်ပြုမည်

**မော်လိုက် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် လေသာကျေးရွာအုပ်စု အင်းတော်ကျေးရွာဒေသတွင် လက်ရှိလုပ်ကိုင်လျက်ရှိသော ရေနံတွင်းများတွင် ရေနံတွင်းသစ်တူးဖော်လိုသူများ တင်ပြလာပါက သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ထောက်ခံချက်၊ ခွင့်ပြုချက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တူးဖော်ခွင့်များ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးကမ်ဇာမုံထံမှ သိရသည်။

“ရေနံလုပ်ငန်းက မော်လိုက်ခရိုင်နဲ့ မြို့နယ်ဒေသတွေအတွက် လိုအပ်တဲ့ဒေသဖွံ့ဖြိုးရေးအထောက်အကူတွေရရှိစေရေးအတွက်လိုအပ်လာပါက သက်ဆိုင်ရာလုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေနဲ့ပေါင်းစပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေက အမှန်သုံးဖို့လိုအပ်တဲ့ ရေနံစိမ်းနဲ့ရေနံချေးတွေဝယ်ယူလိုရင် သက်ဆိုင်ရာသမအသင်းတွေနဲ့ ညှိနှိုင်းပြီးဝယ်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတိုင်းဒေသကြီး အစိုးရအနေဖြင့် အင်းတော်ရေနံမြေနှင့်ပတ်သက်ပြီး ခေတ်မီနည်းစနစ် ကိရိယာများဖြင့် ရေနံတိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် အသင်းအဖွဲ့များလုပ်ငန်းရှင်များမှ တင်ပြလာပါက ခေတ်မီစက်ကိရိယာများရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ဆက်သွယ်၍ ကျွမ်းကျင်ပညာရှင်များ၏အကူ အညီတောင်းခံပေးသွားမည်ဖြစ်သလို ရေနံလုပ်ငန်းမှ နိုင်ငံတော်အခွန်ဘဏ္ဍာငွေတိုးမြှင့်ရရှိစေရေးအတွက် ဒေသဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် လုပ်ငန်းရှင်အသင်းအဖွဲ့များဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်မြို့နယ် အင်းတော်ကျေးရွာဒေသတွင် ရွှေမဲရတနာ စက်မှုကုန်ထုတ်သမအသင်းနှင့် ချင်းတွင်းအောင်ရေနံကုန်ထုတ်သမအသင်းတို့မှ ရေနံစိမ်းများ ထုတ်ယူလျက်ရှိသလိုပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လေးလအတွင်း ရွှေမဲရတနာ ကုန်ထုတ်သမအသင်းက ၁၆၇၉၆ ဂါလန်နှင့် ချင်းတွင်းအောင် ရေနံကုန်ထုတ်သမအသင်းက ဂါလန် ၁၃၆၇၀ ထုတ်ယူလျက်ရှိကြောင်း သိရသည်။

ချင်းတွင်းအောင်ရေနံကုန်ထုတ်အသင်းအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဝင်ငွေခွန် ၂၉၇၄၄၂ ကျပ်နှင့် ကုန်သွယ်ခွန် ၅၉၈၁၂၂ ကျပ်၊ ရွှေမဲရတနာသမအသင်းမှ ကုန်သွယ်ခွန် ငွေကျပ် ၇၈၄၆၄၀ နှင့် ဝင်ငွေခွန် ၃၄၅၀၉၅ ကျပ် ပေးသွင်းထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ဘာသာပေါင်းစုံ တိုင်းရင်းသားလူငယ်များ တွေ့ဆုံပွဲကျင်းပ

**လွိုင်ကော် ဩဂုတ် ၁၅**

ကယားပြည်နယ်အတွင်းရှိ ဘာသာမတူသော တိုင်းရင်းသားအသီးသီးများအတူယှဉ်တွဲနေထိုင်သည့်အခါ ညီညာချမ်းမြေ့စွာနှင့်စုပေါင်းနေထိုင်ပြီး လူငယ်တွေကြားမှာ သက်ဝင်နားလည်မှုရှိစေရန်၊ အချိတ်အဆက်ရှိစေရန် ရည်ရွယ်၍ ဘာသာပေါင်းစုံ တိုင်းရင်းသားလူငယ်များတွေ့ဆုံပွဲကို ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ နှစ်ရက်တာ ကျင်းပခဲ့သည်။

ရှေးဦးစွာမဖျိုမနုလုံးသားအဖွဲ့နာယက ဦးကျော်ကျော်ထွန်းက ဘာသာပေါင်းစုံ ချစ်ကြည်ရေး၊ ညီညွတ်ရေးအတွက် အသိပေးခြင်းအပေါ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းကိုအဟန့်အတားဖြစ်စေမည့်အကြောင်းအရင်းများကို သိရှိနားလည်မှု၊ ဘာသာပေါင်းစုံချစ်ကြည်ရေးလှုပ်ရှားမှုနှင့် အရပ်ဘက်အဖွဲ့လူ့အဖွဲ့အစည်းတို့၏ လုပ်ဆောင်ချက် အကျိုးသက်ရောက်မှုအပေါ် နားလည်မှုရှိကြရန် ပြောကြားခဲ့သည်။ ဆက်လက်ပြီး နှစ်ခြင်းခရစ်ယာန်အသင်းတော် ဆရာဆန်းရေးထူးကတွေ့ဆုံပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ဘာသာပေါင်းစုံလူငယ်များမှ စုပေါင်းအမှတ်တရဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။

ထို့နောက် ဘာသာပေါင်းစုံလူငယ်များအချင်းချင်း ရင်းနှီးမှု၊ ယုံကြည်မှုတိုးပွားလာစေရန် ဂိမ်းကစားခြင်း၊ သီချင်းများသီဆိုခြင်းစသည်တို့ဖြင့် အချင်းချင်းရင်းနှီးအောင် စုပေါင်းဝိုင်းဖွဲ့ခဲ့ကြကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# ဂေါ်ရခါးလူငယ် လူမှုကူညီရေးအဖွဲ့မှ ကျောင်းကုန်းမြို့ ရေဘေးရှောင်ပြည်သူများအား စားသောက်ကုန်များလှူဒါန်းပြီး ဆေးဝါးကုသပေး

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြို့ ဂေါ်ရခါးလူငယ် လူမှုကူညီရေးအဖွဲ့ဉက္ကဋ္ဌ ကိုဖိုးတုတ်နှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်း မြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီသို့ ဩဂုတ် ၁၃ ရက်က ဆန်နှင့် စားသောက်ကုန်များ လှူဒါန်းခဲ့သည်။



အဆိုပါအဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင်လည်း လေ့ကွဲလဟာအုပ်စု ဆောက်မြောင်၊ လေ့ကွဲလဟာ၊ ကုန်းတောညို၊ ကညင်ကုန်း၊ စာဖြူစု စသည့် ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်လိုက်လံလှူဒါန်းခဲ့သည်။

ဆက်လက်၍ စပါယ်ရုံအုပ်စု ဒါးကဆည်၊ ကုန်းစပါယ်ရုံ၊ ကမ်းနားစပါယ်ရုံ၊ ဆင်ချောင်း စသည့် ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းပေးခဲ့ကြသည်။

ဆက်လက်၍ ရေဘေးရှောင်ပြည်သူများအား ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း ဂေါ်ရခါးလူငယ် လူမှုကူညီရေးအဖွဲ့ဉက္ကဋ္ဌ ကိုဖိုးတုတ်က ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဘုရင့်နောင်မင်း ခေါင်းလောင်းစာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိလာကြသူ ပြည်တွင်းပြည်ပ ခရီးသည်အများစုသည် ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်လေ့ရှိကြပြီး စေတီတော်ရင်ပြင်တွင် လှည့်လည်ကြည့်ရှုကြစဉ် အရှေ့ဘက်စောင်းတန်းအနီးရှိ အုတ်တိုက်အတွင်း ချိတ်ဆွဲထားသော ခေါင်းလောင်းကြီးတစ်လုံးကို သတိမူမိကြမည်ဖြစ်ပေသည်။

ယင်းခေါင်းလောင်းကြီးသည် သမိုင်းဝင် ဘုရင့်နောင်ခေါင်းလောင်းတော်ကြီးဖြစ်ကာ ခေါင်းလောင်းကမ္ပည်းစာများအဖြစ် ဘုရင့်နောင်မင်းကြီး၏ ဆောင်ရွက်ချက်များကို ပါဠိ၊ မွန်၊ မြန်မာ သုံးဘာသာဖြင့် ရေးထိုးထားသည်။ ခေါင်းလောင်းပေါ်မှ ကမ္ပည်းစာများသည် ခိုင်မာသောမှတ်တမ်းများဖြစ်ပြီး တိကျမှန်ကန်သော နေ့ရက်များကို ဖော်ပြထားသဖြင့် ရာဇဝင်ကျမ်းများထဲမှ ကွဲလွဲနေမှုများကို ပြင်ဆင်နိုင်ရန် အထောက်အကူဖြစ်ခဲ့သည်။

မြန်မာလူမျိုးများသည် ခေါင်းလောင်းများသွန်းလောင်းခြင်း၊ ခေါင်းလောင်းများပေါ်တွင် ကမ္ပည်းစာများရေးသားခြင်း အလေ့အထကို မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာကိုးကွယ်မှု ရောက်ရှိချိန်ကတည်းက ကျင့်သုံးခဲ့ကြသည်။ ခရစ်နှစ် တစ်ရာစုနောက်ပိုင်းမှစတင်၍ ပျူမြို့ဟောင်း သရေခေတ္တရာတွင် ခေါင်းလောင်းများချိတ်ဆွဲတီးခတ်သည့် အလေ့အထရှိခဲ့ကြောင်း ဆရာကြီးဦးစိန်မောင်ဦးက ရေးသားခဲ့သည်။ ပျူခေတ်အထောက်အထား ကြေးခေါင်းလောင်းတစ်လုံးကို ၁၉၆၆-၁၉၆၇ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ဘုရားမာစေတီအနီး တူးဖော်မှုကုန်းအမှတ်(၈)မှ ရရှိခဲ့သည်။ အမြင့် ၁၁ လက်မရှိသည့် ထိုခေါင်းလောင်းပေါ်တွင် ပျူဒင်္ဂါးများပေါ်၌ တွေ့ရှိရလေ့ရှိသည့် သီရိဝစ္ဆ အပြောက်အမွမ်းများ ပါရှိပြီး စာများရေးသားထားခြင်း မရှိပါချေ။

ကွင်းဆင်းမှတ်တမ်းများအရ ကွမ်းခြံကုန်းမြို့နယ် လက်ခိုက်ကျေးရွာရှိ မြန်မာသက္ကရာဇ် ၈၀၀ ပြည့်နှစ်ထိုးခေါင်းလောင်းသည် မြန်မာနိုင်ငံ၏ အစောဆုံးခေါင်းလောင်းဖြစ်ပြီး ဒုတိယအစောဆုံးခေါင်းလောင်းမှာ မော်လမြိုင်မြို့ မြသိန်းတန် စေတီရှိ မြန်မာသက္ကရာဇ် ၈၉၉ ခုနှစ်ထိုးခေါင်းလောင်းဖြစ်ကြောင်း သိရှိရပေသည်။ ဘုရင့်နောင်ခေါင်းလောင်းမှာ တတိယအစောဆုံး ဖြစ်ပေသည်။ ပုဂံ သဗ္ဗညုစေတီတော်ရှိ ခေါင်းလောင်းတော်ချိတ်ဆွဲသည့် ထောက်တိုင်ကြီးနှစ်ခုကိုထောက်၍ ပုဂံခေတ်တွင် ခေါင်းလောင်းများ သွန်းလုပ်ခဲ့ဖွယ်ရှိနိုင်ကြောင်း ယူဆကြသော်လည်း ပုဂံခေတ်လက်ရာ ခေါင်းလောင်းများကို မတွေ့ရှိကြရသေးပါချေ။

မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရှိရသော ကမ္ပည်းစာများရေးထိုးထားသည့် ခေါင်းလောင်းသည် ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်းအနီး ပြိုင်းထောင်းကျေးရွာမှ ၁၉၁၈ ခုနှစ်တွင် တွေ့ရှိခဲ့သည့် အမြင့် ၁၁ ဒသမ ၈ စင်တီမီတာ၊ ခေါင်းလောင်းအောက်ခြေအဝ ၁၀ ဒသမ ၅ စင်တီမီတာနှင့် အထူ ၁ စင်တီမီတာရှိသော ကြေးခေါင်းလောင်း ဖြစ်သည်။ ယင်းခေါင်းလောင်းကို ဂုဏ်ထူးဆောင်ကျောက်စာဝန် ဦးစံရွှေဘုက တွေ့ရှိခဲ့သည်။ ခေါင်းလောင်းပတ်လည်တွင် ရေးထိုးထားသည့် ကမ္ပည်းစာကြောင်းနှစ်ကြောင်းကို အေဒီခုနှစ်ရာစုတွင် ရေးထိုးခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကမ္ပည်းကျောက်စာဌာနမှ ပညာရှင် ခရစ်ချ်နားရှပ်စ်ထရီက မှတ်ချက်ပြုခဲ့သည်။

အလားတူ ကမ္ပည်းစာတန်းရေးထိုးထားသည့် ခေါင်းလောင်းတစ်လုံးကို ၁၉၆၆ ခုနှစ်တွင် ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်း အနောက်တောင်ဘက် အပြင်မြို့ရိုးအနီး ဓာတ်တော်စေတီမှ ထပ်မံရရှိခဲ့သည်။ ခေါင်းလောင်းပါစာသားများကို အေဒီခြောက်ရာစု အက္ခရာအရေးအသားများဟု အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနက ခန့်မှန်းခဲ့သည်။

ကုန်းဘောင်ခေတ်လက်ရာ ကမ္ပည်းစာပါ ခေါင်းလောင်းများကို အများဆုံးတွေ့ရှိနိုင်ကြပြီး ယင်းခေါင်းလောင်းများတွင် အလှူဒါနမှတ်တမ်းများကို ရေးထိုးလေ့ရှိခဲ့သည်။ မြေလှူ၊ ကျောင်းလှူ၊ ကျွန်လှူစသည်ဖြင့် အလှူမှတ်တမ်းများနှင့်အတူ ဆုတောင်းစာများ၊ ကျိန်စာများကိုလည်း ထည့်သွင်းရေးထိုးခဲ့ကြသည်။ သို့သော် ပုဂံ ရွှေစည်းခုံစေတီတော်တွင် ချိတ်ဆွဲထားသည့် ဘုရင့်နောင်မင်းကြီး (ခရစ်နှစ် ၁၅၅၁-၁၅၈၁)လှူဒါန်းခဲ့သော ကြေးခေါင်းလောင်းတော်ကြီးတွင်မူ အလှူဒါနတစ်ခုတည်းကို ဦးမတည်ဘဲ မင်းကြီးဆောင်ရွက်ချက်များကို ရက်စွဲများနှင့်တကွ ရေးထိုးခဲ့သဖြင့် သမိုင်းတန်ဖိုးမြင့်မားသည့်ခေါင်းလောင်းတစ်လုံး ဖြစ်လာခဲ့ပေသည်။

ဘုရင့်နောင်ခေါင်းလောင်း၏ တစ်ဖက်တစ်ချက်တွင် မြန်မာဘာသာနှင့် မွန်ဘာသာ ကမ္ပည်းစာများရေးထိုးထားပြီး ခေါင်းလောင်း၏လည်ပင်းအထက်၊ ပေါင်းကိုင်းအောက် ဖောင်းရစ်မျက်နှာပြင်တွင် ပါဠိကမ္ပည်းစာငါးကြောင်း ရေးထိုးထားသည်။ ခေါင်းလောင်းကြီးသည် အမြင့် ၃ ပေ ၈ လက်မ၊ လုံးပတ် ၃ ပေ ၆ လက်မ၊ အောက်ခြေလုံးပတ် ၁၀ ပေ ၃ လက်မ၊ အထူ ၆ လက်မ၊ အချင်း ၁ ပေ ၇ လက်မ၊ ပေါင်းကိုင်းအမြင့် ၁ ပေ ၇ လက်မ၊ ပေါင်းကိုင်းလုံးပတ် ၁ ပေ ၄ လက်မ၊ လည်ပင်းလုံးပတ် ၄ ပေ ၁ လက်မရှိပြီး ပိဿာချိန် ၂၁၀၀၀ အလေးချိန်ရှိသည်ဟု ဆိုသည်။

ဘုရင့်နောင်ခေါင်းလောင်းတော်ကြီးကို ခရစ်နှစ် ၁၅၅၇ ခုနှစ်တွင် တင်လှူခဲ့ပြီး ခေါင်းလောင်းစာများသည် မင်းတရားကြီးလက်ထက် စစ်ရေးနိုင်ငံရေးဆောင်ရွက်ချက်များ၊ နိုင်ငံတော်အရပ်ရပ်ကို အောင်နိုင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ ထုံးတမ်းများ၊ ဘာသာတရားကိုချီးမြှောက်သည့် ကုသိုလ်ကောင်းမှုများကို ထင်ဟပ်ဖော်ပြထားသဖြင့် ခေါင်းလောင်းတော်ကြီးအား အမျိုးသားအဆင့် ကာကွယ်စောင့်ရှောက်မှုပြုထားသည်။

ဘုရင့်နောင်ခေါင်းလောင်းစာတွင် သက္ကရာဇ် ၉၁၉ ခု နတ်တော်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၌ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဘွဲ့ခံ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးသည် ကြေးခွက် ၂၀၀၀ ဖြင့် ခေါင်းလောင်းတော်ကြီးတစ်လုံး သွန်းလုပ်ကာ ပုဂံဘုရင် အနော်ရထာနှင့် ကျန်စစ်သားမင်းတို့၏ ကောင်းမှုတော်ဖြစ်သည့် ပုဂံ ရွှေစည်းခုံစေတီရင်ပြင်တွင် ချိတ်ဆွဲပူဇော်လှူဒါန်းခဲ့ကြောင်း ရေးထိုးထားသည်။

ယင်းကျောက်စာကို သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက ဘုရင့်နောင်သည် ရှင်ဘုရင်မဖြစ်ဘဲ ရှောင်တိမ်းပြေးပုန်းနေရသကဲ့သို့ ဖြစ်ခဲ့ရပြီးမှ မည်သို့ ရှင်ဘုရင်ဖြစ်လာသည်ဆိုသည်ကို အကောင်းဆုံးပြောနိုင်သော ကျောက်စာချပ်ဟု ဆိုခဲ့သည်။ ဘုရင့်နောင်ခေါင်းလောင်းတော်တွင် ရေးထိုးထားသည့် မွန်ကမ္ပည်းစာ ၃၅ ကြောင်းကို ဦးချစ်သိန်းက မြန်မာပြန်ဆို၍ ၁၉၆၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် မွန်ကျောက်စာပေါင်းချုပ်စာအုပ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။ ကျောက်စာတွင် ရေးထိုးထားသော ကမ္ပည်းစာများအရ တိကျသော ရက်စွဲမှတ်တမ်းများကို တွေ့ရှိကြရသည်။

ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် ၉၁၂ ခု တပို့တွဲလဆန်း ၅ ရက် (ခရစ်နှစ် ၁၅၅၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်) တနင်္ဂနွေနေ့တွင် ကေတုမတီကို အောင်ခဲ့ကာ သက္ကရာဇ် ၉၁၃ ခုနှစ် တော်သလင်းလကွယ်နေ့ (ခရစ်နှစ် ၁၅၅၁ ခုနှစ် ဩဂုတ်လ ၃၀ ရက်) စနေနေ့တွင် သရေခေတ္တရာကို အောင်နိုင်ခဲ့ကြောင်း ရေးထိုးထားသည်။ သက္ကရာဇ် ၉၁၃ ခုနှစ် တန်ခူးလဆုတ် ၃ ရက် (ခရစ်နှစ် ၁၅၅၂ ခုနှစ် မတ်လ ၁၂ ရက်) စနေနေ့တွင် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ဟံသာဝတီသို့ချီခဲ့ပြီး ဟံသာဝတီကို အောင်နိုင်ခဲ့ကာ သက္ကရာဇ် ၉၁၅ ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် (ခရစ်နှစ် ၁၅၅၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်) သောကြာနေ့တွင် တင့်တယ်သောပွဲသဘင်မင်္ဂလာဖြင့် ဘိသိက်မင်္ဂလာခံခဲ့သည်။ ထို့အတူပင် သက္ကရာဇ် ၉၁၆ ခုနှစ် တပေါင်းလဆန်း ၂ ရက် (ခရစ်နှစ် ၁၅၅၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်) အင်္ဂါနေ့တွင် အဝကို အောင်နိုင်ခဲ့ကာ သက္ကရာဇ် ၉၁၈ ခုနှစ် နတ်တော်လဆန်း ၈ ရက် (ခရစ်နှစ် ၁၅၅၆



ခုနှစ် နိုဝင်ဘာလ ၉ ရက်) တနင်္လာနေ့တွင် ဘုရင့်နောင်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးသည် အမတ်စစ်သူကြီးအပေါင်းနှင့်တကွ အဝသို့ ရေကြောင်းမှချီခဲ့ရာ ပြာသိုလဆုတ် ၉ ရက် (ခရစ်နှစ် ၁၅၅၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်) ကြာသပတေးနေ့တွင် အဝရွှေနန်းသို့ ရောက်ရှိခဲ့သည်။

ထိုမှတစ်ဖန် သက္ကရာဇ် ၉၁၈ ခုနှစ် တပို့တွဲလဆုတ် ၁၁ ရက် (ခရစ်နှစ် ၁၅၅၇ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်) တနင်္လာနေ့တွင် မိုးမိတ်၊ သီပေါ ပတ္တမြားတွင်းကို အောင်တော်မူခဲ့သည်။ နောင်နှစ်ပတ်အကြာ တပေါင်းလဆန်း ၁၁ ရက် (ဖေဖော်ဝါရီလ ၈ ရက်) တနင်္လာနေ့တွင် မိုးမိတ်၏ အနောက်မြောက်ထောင့်၌ ရတနာစေတီတော်ကို အုတ်မြစ်ချတည်ထားတော်မူခဲ့ပြီး တပေါင်းလဆန်း ၁၃ ရက်(ဖေဖော်ဝါရီလ ၁၀ ရက်)တွင် သရီရဓာတ်တော်များကို စေတီတော်တွင် ဌာပနာပြုခဲ့သည်။ တပေါင်းလဆုတ် ၅ ရက် (ဖေဖော်ဝါရီလ ၁၇ ရက်) ဗုဒ္ဓဟူးနေ့တွင် မိုးမိတ်မှ ချီတော်မူခဲ့ပြီး သုံးရက်အကြာ တပေါင်းလဆုတ် ၈ ရက် (ဖေဖော်ဝါရီလ ၂၀ ရက်) စနေနေ့တွင် ခိကျည်း(ထီးချိုင့်)သို့ ရောက်ရှိခဲ့သည်။ နောက်ရှစ်ရက်အကြာ တန်ခူးလဆန်း ၁ ရက်(ခရစ်နှစ် ၁၅၅၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်)တွင် ခိကျည်းမြစ်ကို တံတားထိုး၍ ဆက်လက်ချီလာခဲ့ရာ တန်ခူးလဆန်း ၇ ရက်(ခရစ်နှစ် ၁၅၅၇ ခုနှစ် မတ်လ ၆ ရက်) စနေနေ့တွင် မိုးညှင်းကို အောင်ခဲ့သည်။ တန်ခူးလဆုတ် ၁၂ ရက် (မတ်လ ၂၅ ရက်)ကြာသပတေးနေ့တွင် မိုးကောင်းကို အလိုပြည့်တော်မူခဲ့သည်။

သက္ကရာဇ် ၉၁၉ ခု ကဆုန်လဆန်း ၅ ရက်(ခရစ်နှစ် ၁၅၅၇ ခုနှစ် ဧပြီလ ၂ ရက်) သောကြာနေ့တွင် မိုးကောင်းစော်ဘွားကို စော်ဘွားအရာ၌ ထားတော်မူခဲ့ပြီး ရှမ်းပြည်တွင်ကျင့်သုံးသည့် သူကောင်းတစ်ယောက်သေလျှင် ကျွန်ယောက်ျား၊ ကျွန်မိန်းမများကို သတ်၍ထည့်သောအကျင့်ကို တားမြစ်တော်မူခဲ့သည်။ ဘုရင့်နောင်မင်းတရားသည် မိုးကောင်းမြို့မှ ကဆုန်လဆန်း ၁၂ ရက်(ဧပြီလ ၉ ရက်) သောကြာနေ့တွင် ပြန်လာတော်မူခဲ့ပြီး သက္ကရာဇ် ၉၁၉ ခု နတ်တော်လပြည့်ကျော် ၁၁ ရက်(ခရစ်နှစ် ၁၅၅၇ ခုနှစ် မေလ ၂၃ ရက်) တနင်္ဂနွေနေ့၌ ပုဂံ ရွှေစည်းခုံစေတီတော်သို့ ကြေးခွက် ၂၁၀၀ သွန်းသော ခေါင်းလောင်းတော်ကြီးကို လှူဒါန်းခဲ့သည်။

ခေါင်းလောင်းတော်ကြီးပေါ်တွင် ရေးထိုးထားသည့် ကမ္ပည်းစာအပြည့်အစုံကို



ဦးချစ်သိန်းပြုစုသည့် မွန်ကျောက်စာပေါင်းချုပ်(၁၉၆၅)တွင် ဖတ်ရှုနိုင်ပေသည်။ ဘုရင့်နောင်မင်းကြီးလှူဒါန်းခဲ့သည့် ဤခေါင်းလောင်းစာ အထောက်အထားများအရ ဘုရင့်နောင်မင်းတရားသည် တပင်ရွှေထီး နတ်ရွာစံခဲ့သည့် ၁၅၅၀ ပြည့်နှစ် မေလ ၁ ရက် နောက်ပိုင်းမှစ၍ ၁၅၅၁ ခုနှစ်တွင် တောင်ငူ(ကေတုမတီ)နှင့် ပြည်(သရေခေတ္တရာ)၊ ၁၅၅၂ ခုနှစ်တွင် ပဲခူး(ဟံသာဝတီ)၊ ၁၅၅၅ ခုနှစ်တွင် အင်းဝ(အဝ)၊ ၁၅၅၇ ခုနှစ်တွင် မိုးမိတ်၊ သီပေါ၊ မိုးညှင်း၊ မိုးကောင်းတို့ကို သိမ်းယူကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့ပေသည်။

ခေါင်းလောင်းပေါ်တွင် မွန်ဘာသာဖြင့်ရေးထိုးထားသည့် ပထမစာကြောင်းတွင် ဘုရင့်နောင်မင်းတရား၏ ဘွဲ့အမည်ကို သီရိပဝရ မဟာဓမ္မရာဇဓိရာဇ်ဟု ရေးထိုးထားသည်။ ထို့အတူ စာကြောင်း(၈)တွင် မင်းတရားကြီး၏ မိဖုရားခေါင်ကြီး သီရိအဂ္ဂမဟာဓမ္မရာဇဒေဝီ ဘွဲ့မည်ကို မြင်တွေ့နိုင်ပေသည်။ မင်းမိဖုရားနှစ်ပါးသည် ၁၅၅၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက် သောကြာနေ့တွင် ဘိသိက်မင်္ဂလာ ခံယူတော်မူ၍ ကမ္ဘောဇသာဒီနန်း၌ စံမြန်းခဲ့ကြောင်း ခေါင်းလောင်းတော်တွင် ရေးထိုးထားသည်။

ဘုရင့်နောင်မင်းကြီးသည် မိမိရောက်ရှိခဲ့သည့် အရပ်ဒေသတိုင်းတွင် ကုသိုလ်ဟောင်းများကိုပြုပြင်၍ ကုသိုလ်သစ်များစွာကို ပြုလုပ်ခဲ့ရုံသာမက ဘုရားပစ္စည်း၊ တရားပစ္စည်း၊ သံဃာပစ္စည်းများကို မစားသုံးရန် တားမြစ်ခဲ့သည်။ မင်းတရားကြီး၏ ကုသိုလ်တော်များကြောင့် မြန်မာနိုင်ငံတစ်ဝန်း၌ ရွှေစေတီ၊ ရွှေဘုရား၊ ရွှေဇရပ်ရွှေကျောင်းများဖြင့် ထွန်းပြောင်လျက် များစွာသောနေရာဒေသများတွင် နှစ်ပါးသော သံဃာဓူရ(ဂန္ထဓူရနှင့် ဝိပဿနာဓူရ)နှင့် ပြည့်စုံသော ဘုရားရှင်၏သာသနာတော်ရောင်ဝါ ထွန်းပတင့်တယ်ခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။

ဘုရင့်နောင်မင်းကြီးသည် ခေါင်းလောင်းတော်ကြီးအား သွန်းလုပ်လှူဒါန်းသည့် ကုသိုလ်ကြောင့် ဘုရားဆုကိုပန်ခဲ့ကာ နောင်အနာဂတ်တွင် ပေါ်ထွက်လာမည့် မင်းဧကရာဇ်များသည်လည်း သာသနာကို ချီးပင့်ကြပါစေကြောင်းနှင့် ပျက်စီးခဲ့သည့် ကုသိုလ်တော်များအား ပြုပြင်နိုင်ကြပါစေကြောင်း ကမ္ပည်းတင်ပန်ကြားခဲ့သည်။

ဘုရင့်နောင်မင်းကြီးသည် မြန်မာတိုင်းခွင်၌ သာသနာထွန်းလင်းစေရန် ဆောင်ရွက်တော်မူပြီးနောက် သီဟိုဠ်ကျွန်းတွင် သာသနာတော်ပွင့်လင်းစေရန် အကြံဖြစ်ခဲ့သည်။ ထို့ကြောင့် သံဃာတော်များအား ပိဋကတ်တစ်စုံနှင့်အတူ များစွာသော ပူဇော်သက္ကာယပစ္စည်းများနှင့်တကွ ကုသိုလ်ဟောင်းများပြင်ဆင်ရန် မျက်ပါး၊ သားမွေး၊ ပန်းရန်၊ ပန်းချီ ပညာသည်များကို ခေါ်ဆောင်စေကာ သီဟိုဠ်ကျွန်းသို့ စေလွှတ်ခဲ့သည်။

ဟံသာဝတီမှ အဝသို့ ချီခဲ့ရာတွင် ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့သည် ရတနာဖြင့်ပြီးသော ရွှေဝေါပြာသာဒ်တော်ကို စီးခဲ့ကြသည်။ ခေါင်းလောင်းတော်ကြီး၏ စာကြောင်း (၁၉)မှ (၂၁)အတွင်း "ဦးပြာသာဒ် ပဲ့ပြာသာဒ်ဖြင့် ဆင်တော်မူထသော အရောင်အဝါဖြင့် ပြည့်စုံသော ရေဖောင်တော် အလျား ၃၃ လံ နှစ်တောင် ဦးပဲ့ပြာသာဒ်၊ အလယ်ပြာသာဒ်ကြီးတင်လျက် အရောင်အဝါတင့်တယ်စွာထွန်းပသော အတုမရှိ သော စုဋ္ဌာမဏိရွှေလှေ၊ အလျား ၂၇ လံ နှစ်တောင် တင့်တယ်သောဦးပဲ့ပြာသာဒ်၊ ပြာသာဒ်ကြီး အလယ်တင်လျက် ရတနာ၏ အရောင်အဝါကျက်သရေဖြင့် တင့်တယ်သော ရွှေလောင်း ပဋိဗိမာန်လှေ၊ ရွှေစဏာတပင်၊ ရွှေရဲလှေ၊ ရွှေလှော်ကား၊ ရွှေသံလှေ၊ မင်း၏ဗိမာန်အလယ်အထက်ဝယ်၊ အမတ်စစ်သူကြီးအများအပေါင်းနှင့်တကွ ချီတော်မူလတ်သတည်း"ဟု ရေးထိုးထားသည်။

ရွှေစည်းခုံစေတီတော်ရင်ပြင်တွင် ချိတ်ဆွဲထားသည့် ဘုရင့်နောင်မင်းကြီးခေါင်းလောင်းတော်သည် သက်တမ်း ၄၅၉ နှစ်ရှိနေပြီဖြစ်သည့် မြန်မာတို့၏ယဉ်ကျေးမှုအမွေအနှစ် ဒြပ်ပစ္စည်းတစ်ရပ် ဖြစ်သည်သာမက သမိုင်းမော်ကွန်းကို ထင်ဟပ်နေသည့် မော်ကွန်းတစ်ခုလည်းဖြစ်ပေသည်။ ခေါင်းလောင်းတော်ကြီးသည် တန်ဖိုးမြင့်မားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်သဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)သို့ ခေါင်းလောင်းတွင်ရေးထိုးထားသည့် ကမ္ပည်းစာကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတွင် တင်သွင်းနိုင်ရန် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်အဆိုပြု တင်သွင်းခဲ့သည်။ အဆိုပြုလွှာ တင်ပြချက်အပြည့်အစုံကိုလည်း ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရှိရပေသည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ် ဒြပ်ရှိဒြပ်မဲ့ပစ္စည်းများသည် ခေတ်အဆက်ဆက် ထိန်းသိမ်းခဲ့ကြသဖြင့် နိုင်ငံအနှံ့တွင် ယနေ့တိုင် တည်ရှိနေကြသည်။ ယင်းတို့အနက် မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားဝင်းအတွင်း စိုက်ထူထားသော ပိဋကတ်ကျောက်စာချပ် ၇၂၉ ချပ်နှင့် ပုဂံ ယဉ်ကျေးမှုနယ်မြေရှိ မြစေတီကျောက်စာတို့သည် မကြာသေးမီနှစ်များအတွင်းက ယူနက်စကို မှတ်တမ်းအမွေအနှစ် စာရင်းဝင်ခဲ့ကြသည်။

ထို့အတူပင် ပုဂံယဉ်ကျေးမှုနယ်မြေ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ရင်ပြင်ရှိ ဘုရင့်နောင်ခေါင်းလောင်းစာသည် မင်းတုန်းမင်းကြီးကုသိုလ်တော် ပိဋကတ်ကျောက်စာချပ်များ၊ ကျန်စစ်သားမင်းကြီးကုသိုလ်တော် မြစေတီကျောက်စာနှင့် ဂျာမနီနိုင်ငံရှိ အလောင်းမင်းတရား ရွှေပေလွှာများကဲ့သို့ ယူနက်စကို မှတ်တမ်းအမွေအနှစ် (Memory of the World)စာရင်းဝင် ဖြစ်လာတော့မည်ဟု မျှော်လင့်မိပါသည်။ ။

**ကိုးကား**

**မွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)**

**လက်ရွေးစင်ရှေးဟောင်းခေါင်းလောင်းစာများ(ဦးစိန်မောင်ဦး)**

**နှစ်ဆယ့်တစ်ရာစု မြန်မာ့အလားအလာ(ဒေါက်တာသန်းထွန်း)**

**ခေါင်းလောင်းတော်ကြီးအား သွန်းလုပ်လှူဒါန်းသည့်ကုသိုလ်ကြောင့် ဘုရားဆုကိုပန်ခဲ့ကာ နောင်အနာဂတ်တွင် ပေါ်ထွက်လာမည့် မင်းဧကရာဇ်များသည်လည်း သာသနာကို ချီးပင့်ကြပါစေကြောင်းနှင့် ပျက်စီးခဲ့သည့်ကုသိုလ်တော်များအား ပြုပြင်နိုင်ကြပါစေကြောင်း ကမ္ပည်းတင်ပန်ကြားခဲ့သည်**

# ယစ်မျိုးလိုင်စင်လုပ်ငန်းများအား ထပ်မံတိုးမြှင့်ခွင့်ပြုရန် အစီအစဉ်မရှိ

**မုံရွာ ဩဂုတ် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယစ်မျိုးလိုင်စင်လုပ်ငန်းများအား ထပ်မံတိုးမြှင့်ခွင့်ပြုရန် အစီအစဉ်မရှိဘဲ ယခင် နှစ်စဉ်လိုင်စင်ချထားပေးသည့် ယစ်မျိုးလုပ်ငန်းများအနေဖြင့်လည်း ခွင့်ပြုသတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲယစ်မျိုးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကာ အရေးယူရန် ပျက်ကွက်သော ဝန်ထမ်းများကိုပါ ဝန်ထမ်းစည်းကမ်းများအရ အရေးယူသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

"ယစ်မျိုးနည်းဥပဒေ ၁၂ အရ လိုင်စင်ခွန်ပေးဆောင်ဖို့ပျက်ကွက်ရင်၊ လိုင်စင်ရရှိသူဟာ အာမခံပေးနိုင်တဲ့ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ရင်၊ ဥပဒေပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ရင် လိုင်စင်ပယ်ဖျက်တာအပြင် ယာယီရပ်ဆိုင်းတာ၊ ဖျက်သိမ်းတာ၊ ပြန်လည်အပ်နှံတာတွေကို အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် လိုင်စင်မဲ့ အရက်ဖိုတွေကို အရေးယူပေးဖို့ သက်ဆိုင်ရာကို တိုင်ကြားပေမယ့် ငွေပေးငွေယူပြုလုပ်ပြီး ဥပဒေနဲ့အညီ အရေးယူဖို့ မျက်ကွယ်ပြုနေတာရှိရင် တာဝန်ပျက်ကွက်သူတွေကို စိစစ်ပြီး ဝန်ထမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က ပြောသည်။

မြို့နယ်များအတွင်း တရားမဝင်ယစ်မျိုးချက်လုပ်မှု၊ ရောင်းချမှု မရှိစေရေးနှင့် တရားဝင်ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ယစ်မျိုးလုပ်ငန်းများအနေဖြင့်လည်း ဥပဒေ၊ နည်းဥပဒေအတိုင်း စည်းကမ်းချက်များနှင့် ညီညွတ်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်အခွန်ဦးစီးဌာနနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများပါဝင်သော Task Force ဖြင့် စစ်ဆေးခြင်းဖမ်းဆီး အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ခွင့်ပြုထားသည့် ယစ်မျိုးလုပ်ငန်းများမှတစ်ပါး တရားမဝင်ချက်လုပ်ရောင်းချခြင်းများ မရှိစေရေးအတွက် တားဆီးနှိမ်နင်းရေးအဖွဲ့ဖြစ်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးများအနေဖြင့်လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် လစဉ်၊ လဝက်၊ လကုန် အစည်းအဝေးများနှင့် လုံခြုံရေးဆိုင်ရာ အစည်းအဝေးများတွင် တာဝန်ပေးခြင်း၊ စာဖြင့်တာဝန်ပေးခြင်းများကို စနစ်တကျ ဆောင်ရွက်ထားသည့်အပြင် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများကိုလည်း မြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် တာဝန်ပေးခဲ့ရာ ၂၀၁၆ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ လေးလအတွင်း အမှု ၄၉ မှုကို ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

## သတင်းတိုများ

### ရွှေပန်းကုန်း(ဦးချစ်တီး)တံတားတည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

ဝက်လက်မြို့နယ် မုံရွာ-အရာတော်-ရွှေဘို ဖြတ်လမ်းပေါ်ရှိ ရွှေပန်းကုန်း(ဦးချစ်တီး) တံတား တည်ဆောက်နေမှုများကို ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ တံတားကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၀၅ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်လျက်ရှိပြီး အရှည် ၂၄ မီတာနှင့် အကျယ် ၉ မီတာရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကာ အဆိုပါတံတားမှာ မုံရွာမြို့သို့သွားလာရာတွင် အဓိကကျသော တံတားတစ်စင်းဖြစ်သဖြင့် တံတားပြီးစီးသွားပါက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးအတွက် များစွာ အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန် ပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအုပ်စု ကင်းကျေးရွာ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်နိုင်ရေးအတွက် ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ပြီး သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းကျော်က ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းဖြင့် သစ်တောဖုံးလွှမ်းသည့်ဧရိယာများ များပြားလာနိုင်ကာ သစ်တောများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများရရှိစေကြောင်း၊ ဒေသခံပြည်သူများ၏ အခြေခံ စားဝတ်နေရေး လိုအပ်ချက်ဖြစ်သည့် သစ်၊ တိုင်၊ မျှော၊ ထင်း၊ မီးသွေးအစရှိသည်တို့ကို ဖြည့်ဆည်းပေးနိုင်ကြောင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုကို လျော့နည်းစေကြောင်း စသည့် အကြောင်းအရာများကို ဟောပြောသည်။ ထို့နောက် မတ္တရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက မြေလွတ်၊မြေရိုင်းများနှင့် လယ်ယာမြေဥပဒေများအကြောင်းကို ဟောပြောပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန် ရည်ရွယ်သတ်မှတ်ထားသော ခန့်မှန်းဧရိယာ ဧက ၄၅၀ရှိ ကျစ်ချောင်တောင်သို့ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။
**စိုးကျော်သူထွေး(မတ္တရာ)**

### ရေဘေးသင့် စစ်မှုထမ်းဟောင်းမိသားစုများအား ထောက်ပံ့

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း နန်းတော်ကျွန်း၊ ငါးခြောက်ကျွန်းနှင့် သံကိုင်းကျေးရွာများမှ ရေဘေးကြုံတွေ့ရသော စစ်မှုထမ်းဟောင်းမိသားစုများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်ပြည့်(ငြိမ်း)နှင့် အဖွဲ့ဝင်များက ဩဂုတ် ၁၂ ရက်တွင် ကျေးရွာအရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ရေဘေးသင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီနှင့် ဆန်တစ်အိတ်၊ ငါးသေတ္တာဘူး၊ ခေါက်ဆွဲခြောက်များကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အနေဖြင့် ထောက်ပံ့ပေးအပ်ခဲ့ပြီး အဖွဲ့ဝင်များကလည်း အဝတ်အထည်များနှင့် ရေသန့်ဘူးများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ ရေဘေးကြုံတွေ့နေရသည့် စစ်မှုဟောင်းတစ်ဦးဖြစ်သော တပ်ကြပ်ထွန်းလွင်က မိမိတို့ဒုက္ခရောက်နေချိန်တွင် ပစ်ပယ်မထားဘဲ ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းကြသည့်အတွက် ဝမ်းသာကြောင်း ပြောကြားသည်။
**ခင်မောင်ဌေး(ပွင့်ဖြူ)**

### ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

ဒီပဲယင်းမြို့နယ် မင်းဆွေနှစ်ကျေးရွာအုပ်စု ကောင်းစုကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၁၃ ရက်က ကျင်းပရာ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမင်းဇော်၊ ရန်ကုန်မြို့နေ အလှူရှင် ဦးကြည်ဝင်းမိသားစုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်ထွန်းတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြန်/ဆက်ဦးစီးအရာရှိက သုတ၊ ရသနှင့် မဂ္ဂဇင်းစာအုပ် ၅၀၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနက သုတ၊ ရသ စာအုပ် ၅၀နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် မဆရ(၇) ဆေးတပ်ရင်းတို့က စာအုပ် ၃၀ ကို လှူဒါန်းခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်ကို ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၂၀ နှင့် ရန်ကုန်မြို့နေ အလှူရှင် ဦးကြည်ဝင်းမိသားစုက ဦးဆောင်ပြီး ရန်ကုန်မြို့ One More လူမှုကူညီရေးအဖွဲ့မှလှူဒါန်းငွေ ကျပ် ၁၅ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံအကျယ်အဝန်းမှာ အလျား ၂၄ ပေ၊ အနံ ၁၅ ပေနှင့် အမြင့် ၁၁ ပေရှိပြီး သွပ်မိုး၊ ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ကြောင်း သိရသည်။
**အောင်လင်း (ပြန်/ဆက်)**

## ကမ်းပါးပြို၍ ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအား ထောက်ပံ့

**စဉ့်ကူး ဩဂုတ် ၁၅**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း ဆည်သည်ကျေးရွာနှင့် ထုံးကြီးကျေးရွာများမှ မြစ်ကမ်းပါးပြို၍ ရွှေ့ပြောင်းနေထိုင်ကြရသည့် ပြည်သူများအတွက် အစားအသောက်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဩဂုတ် ၁၀ ရက်က သွားရောက်ထောက်ပံ့ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တိရစ္ဆာန်များကို ဆေးကုသပေးခြင်းနှင့် မြစ်ရေဝင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်စေရန် အကူအညီပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ထူးမြတ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ညွန့်၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်အောင်တို့ ပါဝင်သည့်အဖွဲ့က ပြောင်းရွှေ့နေထိုင်ရသော အိမ်ထောင်စု ၄၂ စုမှ ပြည်သူများအား ခေါက်ဆွဲခြောက်ထုပ်၊ ဆီနှင့် ဆားများ ထောက်ပံ့ပေးကာ ကျေးရွာကျန်းမာရေးဌာနခွဲ၌ ဒေသခံပြည်သူများ၏ အထွေထွေရောဂါများကို စစ်ဆေးကုသပေးပြီး ဒေသခံများ မွေးမြူထားသော တိရစ္ဆာန်များကိုလည်း မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ဆေးဝါးများကုသပေးသည်။

ထို့နောက် ကျေးရွာနှစ်ရွာရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအားတွေ့ဆုံပြီး မြစ်ရေပြန်ကျပြီဖြစ်၍ ကျောင်းများပြန်ဖွင့်နိုင်သည့် အခြေအနေ၊ ကျောင်းဆောင်များနှင့် ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးဆောင်ရွက်နိုင်မှုအခြေအနေများကို စစ်ဆေးကာ စာသင်ကျောင်းဆောင်များတွင် ခြင်ဆေးများဖျန်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေး




**မြိုင် ဩဂုတ် ၁၄**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြိုင်မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် အက်ရှင်အေ့ဒ်မြန်မာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကွန်ရက်စီမံကိန်းတို့ပူးပေါင်းပြီး မြို့နယ် နှမ်းဆီကန်ကျေးရွာအုပ်စု သရက်ကန်ကျေးရွာ ပညာဒီပစာကြည့်တိုက်၌ အခြေပြု၍ ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ ဩဂုတ် ၁၃ ရက်က ဆောင်ရွက်ပေးခဲ့သည်။

အက်ရှင်အေ့ဒ်မြန်မာ မြို့နယ်ဇုန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကွန်ရက် စီမံကိန်း တာဝန်ခံ ဒေါ်အိအိခိုင်က ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည့် ရည်ရွယ်ချက်နှင့် ကျန်းမာရေးစီမံချက် ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်စိုးစိုးစံက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာများကို ပြောကြားကာ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးခဲ့ရာ အမျိုးသားလူနာ ၂၃ ဦးနှင့် အမျိုးသမီးလူနာ ၈၃ ဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

## ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**အင်္ဂပူ ဩဂုတ် ၁၅**
ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို အင်္ဂပူမြို့တော်ခန်းမ၌ ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်တို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက ရေဝင်နစ်မြုပ်ခဲ့သည့် အခြေအနေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်နိုင်မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းထားသော ဆန်၊ သောက်ရေသန့်၊ ငါးသေတ္တာဘူးများ၊ တာပေါ်လင်ဖျင်များကို ရေဘေးသင့်ပြည်သူများထံသို့ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ် ခဲ့သည်။

အင်္ဂပူမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ကယ်ဆယ်ရေးစခန်း ၂၄ ခုတွင် အိမ်ထောင်စု ၅၄၁ စု ရောက်ရှိနေသကဲ့သို့ ကျေးရွာ ၄၉ ရွာတွင်လည်း ရေဝင်နစ်မြုပ်ကာ အိမ်ထောင်စု နှစ်သောင်းကျော်မှာ ရေဘေးကြုံတွေ့နေရပြီး အဆိုပါ အိမ်ထောင်စုများအတွက် ဆန်အိတ် ၂၆၂ အိတ်၊ ငါးသေတ္တာ ၁၀၈၂ ဘူး၊ ရေသန့်ဘူး ၁၀၆၀ ကတ်ကို ထောက်ပံ့ခဲ့ခြင်းဖြစ်ကာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း မြို့နယ်အတွင်းမှ ရေဝင်နစ်မြုပ်ကျောင်းပေါင်း ၈၈ ကျောင်းအတွက် ရေသန့်ဆေးပြားများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။
**(မန်းကျော် ပြန်/ဆက်)**

## နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ပြုလုပ်

**ငဖဲ ဩဂုတ် ၁၅**
အခြေခံပညာကျောင်းများမှ ကျောင်းနေအရွယ်ကလေးများ ကျောင်းပြင်ပ အသိပညာနှင့် ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများကို ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဇင်ပြွန်းကျေးရွာအုပ်စု ဂုတ်ဝကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် ဇင်ပြွန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတို့၌ ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲများတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ယုယုသိန်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ကျောင်းသားလူငယ်များ သိရှိထားသင့်သည့် ကျန်းမာရေးဆိုင်ရာများကို ပညာပေးဟောပြောသည်။ ထို့နောက် ကလေးများစိတ်ဝင်စားသော ရုပ်ပြပုံပြင်စာအုပ်များနှင့် ကလေးသုတစာအုပ်များဖြင့် ကလေးစာဖတ်ဝိုင်းများ ပြုလုပ်ပေးပြီး စာဖတ်ဝိုင်းအပြီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုမှတ်တမ်း ဓာတ်ပုံများ၊ သွေးလွန်တုပ်ကွေး ပညာပေးဓာတ်ပုံများနှင့် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ဆက်လက်ပြသခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။
**သန်းနိုင်ဦး(ငဖဲ)**



# မြစ်ရေဝင်ရောက်သည့် ကျေးရွာများမှ ကျွဲ၊ နွားများကို ကွင်းဆင်းဆေးကု

**ယင်းမာပင် ဩဂုတ် ၁၅**

ဇူလိုင်လအတွင်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ရေကြီး၍ နေရာအနှံ့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေဝင်ရောက်ခဲ့သော ကျေးရွာများရှိ ပြည်သူများ မွေးမြူထားသော ကျွဲ၊ နွားများ ရောဂါမဖြစ်ပွားစေရန်အတွက် ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကွင်းဆင်းဆေးကုသမှုများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးအောင်နှင့် ဝန်ထမ်းများသည် မြစ်ရေဝင်ကျေးရွာများဖြစ်သည့် မြရွှေစည်ကျေးရွာနှင့် ဘိန်းနွယ်ချောင်ကျေးရွာများသို့ ဩဂုတ် ၁၂ ရက်က သွားရောက်ခဲ့ပြီး ကျွဲ၊ နွားများအား ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း၊ သွေးရည်ကြည်နမူနာများ ဖောက်ယူစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

"ဒီနေ့ ကျွန်တော်တို့ဆောင်ရွက်မှုကတော့ ဘိန်းနွယ်ချောင်ရွာမှာ နွားကောင်ရေ ၁၀၂ ကောင်၊ မြရွှေစည်ရွာမှာ နွားကောင်ရေ ၂၅ ကောင် စုစုပေါင်း ၁၂၇ ကောင်ကို ခွာနာလျှာနာ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဘိန်းနွယ်ချောင်ရွာက နွား ၁၅ ကောင်ကို သွေးရည်ကြည်နမူနာ ဖောက်ယူစစ်ဆေးနိုင်ခဲ့ပါတယ်"ဟု မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြောသည်။



ယင်းမာပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် နောက်ရက်များတွင်လည်း မြို့နယ်အတွင်းရှိ အခြား မြစ်ရေဝင်ကျေးရွာများသို့ ဆက်လက်သွားရောက်ပြီး ကျွဲ၊ နွားများ ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# လူကုန်ကူးမှု မဖြစ်ပွားစေရေး ကျိုင်းတုံ၌ ပညာပေးဟောပြော

**ကျိုင်းတုံ ဩဂုတ် ၁၅**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ လူကုန်ကူးမှု မဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောမှုများကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး တပ်စု(၁၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်ဌာန)တို့ ပူးပေါင်း၍ ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



ကျိုင်းတုံမြို့ကားကြီးကွင်း၌ ခရီးသွားမည့်ပြည်သူများအား ခေတ္တတပ်ဖွဲ့စုမှူး ဒုရဲမှူးမီမီကိုက လူကုန်ကူးမှုဆိုင်ရာများနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကျိုင်းတုံမြို့မှ လူစည်ကားရာနေရာများဖြစ်သော မြို့မဈေးနှင့် နောင်နွန်းပူးပေါင်းစစ်ဆေးရေးစခန်းတို့တွင် ဈေးဝယ်သူများနှင့် ခရီးသွားပြည်သူများအားမြန်မာ၊ လားဟူ၊ အာခါနှင့် ရှမ်းဘာသာများဖြင့် ပုံနှိပ်ထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။ **ခိုင်ဇာ(ယောမြေ)**

# ကရင်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာပွဲ ကျင်းပ

**လှိုင်းဘွဲ့ ဩဂုတ် ၁၅**

ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းက ကြီးမှူး၍ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ နှစ်စဉ်မပျက် ကျင်းပသော ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲကို လှိုင်းဘွဲ့မြို့ အောင်မြေသာယာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၄ ရက်က ကျင်းပခဲ့သည်။

ချည်ဖြူဖွဲ့မင်္ဂလာပွဲသို့ မြို့ပေါ်ရပ်ကွက်လေးခုမှ ကရင်တိုင်းရင်းသားများ စည်ကားစွာ လာရောက်ပြီး ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောအုန်းတင်က အမှာစကားပြောကြားကာ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲ ဖြစ်ပေါ်လာပုံများကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် ဖတ်ကြားသည်။ ထို့နောက် ကရင်တိုင်းရင်းသား တိုင်းရင်းသူများနှင့် ပွဲတော်သို့လာရောက်သူများအား ချည်ဖြူဖွဲ့လက်ချည်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲကို ကွဲကွာနေသောဆွေမျိုးများ ပြန်လည်ဆုံတွေ့ရန်၊ မိသားစုအချင်းချင်း ပြန်လည်စုစည်းကြစေရန်၊ ကရင်အမျိုးသားအချင်းချင်း ချစ်ကြည်သွေးစည်းမှုခိုင်မြဲစေရန်၊ ကရင်လူမျိုးအချင်းချင်း ညီညွတ်စွာဖြင့် တစ်ဦးကို တစ်ဦး ထောက်ပံ့ကူညီပြီး အေးချမ်းစွာနေထိုင်နိုင်ရန်၊ လူငယ်လူရွယ်များကို လူကြီးသူမများက သွန်သင်ဆုံးမစကားပြောကြားနိုင်စေရန်၊ ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ငါးမျိုးဖြစ်သော စကား၊ စာပေ၊ အနုပညာ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာဓလေ့များမပျောက်ကွယ်စေရန်၊ ကရင်တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများကို မြတ်နိုးထိန်းသိမ်းတတ်စေရန်၊ အသိပညာ အတတ်ပညာမြင့်မားသော လူမျိုးအဖြစ် အစဉ်တည်တံ့စေရန် စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။



**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ညောင်တုန်း၌ကျင်းပ

ညောင်တုန်းမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဦးဆောင်၍ ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)အခမ်းအနားကို ညောင်တုန်းမြို့တော်ခန်းမ၌ ဩဂုတ် ၁၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ညောင်တုန်းမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျဲမိုးမြတ်သူ၊ ကရင်အမျိုးသားအစည်းအရုံး ဗဟိုအလုပ်အမှုဆောင် ဖဒိုငြိမ်းမောင်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ မန်းစံမြတင်နှင့် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က ချည်ဖြူဖွဲ့မင်္ဂလာပွဲ ဖြစ်ပေါ်လာပုံနှင့် အဓိပ္ပာယ်များကို ရှင်းလင်းပြောကြားကာ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

**နေလင်း(ညောင်တုန်း)**

### မျိုးစေ့ချကိရိယာဖြင့် မိုးစပါးတိုက်ရိုက်မျိုးစေ့ချမှု သရုပ်ပြ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မျိုးစေ့ချကိရိယာဖြင့် မိုးစပါး တိုက်ရိုက်မျိုးစေ့ချမှု သရုပ်ပြပွဲကို ကွမ်းခြံစုကျေးရွာ ကွင်းအမှတ်(၂၆၃၂)၌ ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်နှင့် မကွေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းလွင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မျိုးစေ့ချကိရိယာဖြင့် မိုးစပါး တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးမှုကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သရုပ်ပြပြီး ဒေသခံတောင်သူများက လေ့လာကြည့်ရှုခဲ့ကြသည်။ **(ဝ၈၅)**

## လယ်ယာမြေများအတွက် လျော်ကြေးပေးအပ်

**ဂန့်ဂေါ ဩဂုတ် ၁၅**

ပခုက္ကူမြို့နယ် မြင်းဇာကျေးရွာအနီး ရှောင်ကွင်းလမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် လယ်ယာမြေများအတွက် လျော်ကြေးပေးအပ်ပွဲကို ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဩဂုတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြင်းဇာကျေးရွာ ရှောင်ကွင်းလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေနှင့် သီးနှံပျက်စီးမှုများအတွက် ဒေသခံတောင်သူ ၁၇ ဦးအား လျော်ကြေးငွေ ကျပ်သိန်းသုံးရာနီးပါးကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ-ကန် ကားလမ်း၏ ဂန့်ဂေါ-မြင်းဇာ-ကန်လမ်းပိုင်း မြင်းဇာကျေးရွာအနီးတွင် မြစ်သာမြေရေတိုက်စားသဖြင့် ကားလမ်းတစ်မိုင်ကျော်မှာ မြစ်နှင့် လွန်စွာနီးကပ်လာခြင်းကြောင့် သက်ဆိုင်ရာဌာနက ရှောင်ကွင်းလမ်းကို ဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

## နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းဆင်း

**ပုလဲ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ရှိ ပုလဲပရဟိတဖောင်ဒေးရှင်းနှင့် မန္တလေးမြို့ရှိ ချမ်းမြသုခ ပရဟိတလူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ မျက်စိဆေးရုံရှင်းလင်းဆောင်ခန်းမ၌ ဖွင့်လှစ်ခဲ့သည့် နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်းဆင်းပွဲကို ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

မန္တလေးမြို့ ချမ်းမြသုခပရဟိတ လူမှုကူညီရေးအသင်း ဒုတိယဥက္ကဋ္ဌဦးအောင်မြင့်က "ကျွန်တော်တို့ လူမှုရေးအသင်းအနေနဲ့ ပုလဲပရဟိတဖောင်ဒေးရှင်း နာယက ဆရာတော်ရဲ့ လမ်းညွှန်မှုနဲ့ ပုလဲမြို့နယ်အတွင်းက လူမှုကူညီရေးအသင်းများကို နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်ပညာရပ်များ တတ်မြောက်စေရေးအတွက် သင်တန်းကို ဩဂုတ် ၇ ရက်မှ ၁၂ ရက်အထိ ခြောက်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပါတယ်။ အဓိက ဦးစားပေးသင်ကြားတာကတော့ ယာဉ်မတော်တဆ ထိခိုက်မှုများနဲ့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကူညီဆောင်ရွက်ပေးရမယ့် ပညာရပ်များကို သင်တန်းနည်းပြ ဆရာ၊ ဆရာမ ၂၀ ဦးနဲ့ သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ လူမှုရေးကူညီရေးအသင်းများမှ သင်တန်းသူသင်တန်းသား ၇၅ ဦး စိတ်ပါဝင်စားစွာ တက်ရောက်သင်ယူခဲ့ကြပါတယ်"ဟု ပြောသည်။

သင်တန်းဆင်းပွဲတွင် ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်း အပ်ချုပ်စက် သင်တန်းဖွင့်

**သဲကုန်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်း(၃/၂၀၁၆) ဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်နံနက် ၉ နာရီက လောင့်ကြီးကျေးရွာအုပ်စုရင်းတိုက်တန်းဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ ခရိုင်ကျေးလက်ဦးစီးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကျေးလက်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသူ ၃၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သူနိုင်ကိုယ်နိုင်အပြိုင်ကြဲမယ့် ချန်ပီယံရှစ်ပွဲစဉ်(၃)

■ မိုးမြင့်လင်းလက်

အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်(၃)ကို ဩဂုတ် ၁၇ ရက် နံနက်စောစောမှာ ဆက်လက်ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ရမှတ်တွေ စတင်စုဆောင်းမှု အပြိုင်အဆိုင်ပြုလုပ်နေကြပြီဖြစ်တဲ့ အသင်းတွေရဲ့ အားပြိုင်မှုကို မြင်တွေ့ရမှာဖြစ်ပြီး ရာသီကုန်မှာ တန်းပြန်တက်နိုင်ရေး ကြိုးစားမယ့် အသင်းတွေရဲ့ အားကုန်သွန် စွမ်းဆောင်မှုတွေကိုလည်း မြင်တွေ့ရဦးမှာ ဖြစ်ပါတယ်။




### ဗီလာနှင့် ဟက်ဒါဖီးလ်

ဒီနှစ်သင်း ထိပ်တိုက်မတွေ့ဆုံခဲ့တာကြာပြီဖြစ်လို့ မျက်နှာသစ်တွေလို တိုက်စစ်အပြိုင်ဖွင့်ရင်းယှဉ်ပြိုင်ကြမယ့် မြင်ကွင်းကို အားပေးရမှာဖြစ်ပါတယ်။ အကြိုခြေစွမ်းပွဲတွေမှာ ရလဒ်မကောင်းတဲ့ ဗီလာဟာ အိမ်ကွင်းမှာရော ကံကောင်းနိုင်ပါ့မလား ကြည့်ရမှာပါ။ ဟက်ဒါဖီးလ်တို့က အခုတစ်လော ပုံမှန်ခြေစွမ်းရနေပြီး ပြီးခဲ့တဲ့ ပွဲစဉ်(၂)မှာ နယူးကာဆယ်ကို အဝေးကွင်းမှာ နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ရိုသာဟမ်အသင်းကို အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ ခြေစွမ်းပြအနိုင်ယူထားတဲ့ ဗီလာတို့ကလည်း သုံးမှတ်အပြည့်ရယူဖို့ ဖိအားပေးကစားမှာမို့ အိမ်ရှင်တို့ ကပ်ပြီးနိုင်သွားမယ်လို့ ယုံကြည်ပါတယ်။

### ဘရန်ဖို့ဒ်နှင့် ဖောရက်စ်

ပွဲစဉ်(၂)မှာ အစ်ဆွစ်ကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တဲ့ ဘရန်ဖို့ဒ်တို့ အခုပွဲမှာလည်း အောင်ပွဲဆက်တိုက် ရယူရေး ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ ဖောရက်စ်တို့က ပြီးခဲ့တဲ့ပွဲစဉ်(၂)မှာ ဘရိုက်တန်ကို သုံးဂိုးပြတ် ရှုံးခဲ့လို့ စိတ်ဓာတ်ယိမ်းယိုင်မှုရှိနေတာတော့အမှန်ပါပဲ။ အိမ်ကွင်းမှာဆိုရင် တိုက်စစ်အားကောင်းကောင်းနဲ့ ကစားတတ်တဲ့ ဘရန်ဖို့ဒ်တို့ပဲ သုံးမှတ်အပြည့်ရယူသွားပါလိမ့်မယ်။

### ဘရိုက်တန်နှင့် ရိုသာဟမ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ ရိုသာဟမ်တို့က နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့ပါတယ်။ တိုက်စစ်အားကောင်းတဲ့ ဘရိုက်တန်ဟာ ခံစစ်ပိုင်း ချို့ယွင်းမှုရှိနေတဲ့ ရိုသာဟမ်ကိုအချိန်ပြည့်ခြိမ်းခြောက်ပါလိမ့်မယ်။ ဘရိုက်တန်ရဲ့ အားသာချက်က အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားထုတ်တတ်ပြီး ခံစစ်လုံအောင် ကစားနိုင်ခြင်းပါပဲ။ ရိုသာဟမ်ဟာ အဝေးကွင်းမှာ ဂိုးသွင်းနိုင်ဖို့ ခက်ခဲလေ့ရှိတာမို့ ဒီပွဲမှာ ဘရိုက်တန်တို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

### လိဒ်နှင့် ဖူလ်ဟမ်

ဘာမင်ဂမ်အသင်းကို အိမ်ကွင်းမှာ တစ်ဂိုး-နှစ်ဂိုးနဲ့ ရှုံးပွဲကြုံတွေ့ထားတဲ့ လိဒ်ရဲ့ ခြေစွမ်းကလည်း ပီပြင်မှုမရှိသေးပါဘူး။ ဖူလ်ဟမ်တို့က အဝေးကွင်းမှာ ပရက်စတန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကြိုးစားနိုင်ခဲ့တာမို့ စိတ်ဓာတ်လည်း တက်ကြွနေပါတယ်။ လိဒ်အသင်းဟာ အိမ်ကွင်းစွမ်းဆောင်မှု ကောင်းပေမယ့် တိုက်စစ်၊ ခံစစ်ကောင်းမွန်တဲ့ ဖူလ်ဟမ်ကို နိုင်ပွဲရဖို့တော့ မလွယ်ပါဘူး။ ဒီပွဲရလဒ်က သရေလည်း ထွက်ပေါ်သွားနိုင်ပါတယ်။

### ဝီဂန်နှင့် ဘာမင်ဂမ်

ပွဲစဉ်(၁)မှာ ရှုံးပွဲကြုံခဲ့ပေမယ့် ပွဲစဉ်(၂)မှာ ဘလက်ဘန်းကို သုံးဂိုးပြတ်နဲ့ နိုင်ပွဲရယူခဲ့တဲ့ ဝီဂန်ရဲ့ ခြေစွမ်းက အသိမှတ်ပြုစရာဖြစ်ပါတယ်။ ဘာမင်ဂမ်တို့ကလည်း အဝေးကွင်းမှာ လိဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ အခုပွဲဟာ တိုက်စစ် အပြိုင်ဖွင့်ကြမယ့်ပွဲပါပဲ။ ဝီဂန်တို့ရဲ့ တိုက်စစ်စွမ်းရည်က တစ်ပွဲပြီးတစ်ပွဲတိုးတက်လာခဲ့တာမို့ အခုပွဲဟာ ဝီဂန်ကို အားပေးရမယ့်ပွဲဖြစ်ကာ အနိုင်ရလဒ်ကို အိမ်ရှင်တို့ သိမ်းပိုက်သွားပါလိမ့်မယ်။

### ပရက်စတန်နှင့် ဒါဘီ

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုက ဂိုးမရှိသရေပွဲ ဖြစ်ထားပါတယ်။ နှစ်သင်းစလုံး တောင့်တင်းတဲ့ ခံစစ်ကြောင်းတွေ ပိုင်ဆိုင်ပြီး ကွင်းလယ်ကစားအားလည်း ကွာဟမှုမရှိပါဘူး။ ပွဲစဉ်(၂)မှာ ဖူလ်ဟမ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတဲ့ ပရက်စတန်တို့ဟာ ဒါဘီလို တိုက်စစ်အားနည်းတဲ့ အသင်းကို အသာစီးရယူနိုင်မလား ကြည့်ရမှာပါ။ ဘန်စလေကို ပွဲစဉ်(၂)မှာ နှစ်ဂိုးပြတ်နဲ့ ရှုံးထားတဲ့ ဒါဘီတို့အတွက် ဒီပွဲမှာလည်း အနိုင်ကို မျှော်လင့်လို့မရနိုင်သေးပါဘူး။

### ဘန်စလေနှင့် ကျူပီအာ

တိုက်စစ်အားကောင်းတဲ့ ဘန်စလေဟာ ပွဲစဉ်(၂)မှာ ဒါဘီကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူထားပါတယ်။ ကျူပီအာတို့ကလည်း အဝေးကွင်းမှာ ခြေစွမ်းပြတတ်တဲ့အသင်းဖြစ်တာမို့ အခုပွဲမှာ နှစ်သင်းစလုံး အနိုင်ရလဒ်ကို စိတ်ဓာတ်ပြင်းပြင်းနဲ့ ပုံဖော်ပါလိမ့်မယ်။ ခံစစ်ပိုင်းအားနည်းတတ်တဲ့ ကျူပီအာတို့အတွက်တော့ ဒီပွဲဟာ အမှတ်ပြည့်ရဖို့ ခက်ခဲမယ့် အခြေအနေပါပဲ။

### ဝုဖ်နှင့် အစ်ဆွစ်

နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ ဒီပွဲမှာတော့ အကြိတ်အနယ်ကစားကြမယ့် အနေအထားဖြစ်ပါတယ်။ ဝုဖ်တို့က ရီဒင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရယူထားပေမယ့် အစ်ဆွစ်တို့က ဘရန်ဖို့ဒ်ကို နှစ်ဂိုးပြတ်ရှုံးထားပါတယ်။ ဒါ့ကြောင့် ဒီပွဲမှာ ဝုဖ်ရဲ့ တိုက်စစ်အားကို အစ်ဆွစ်တို့ ခုခံနိုင်မလား စောင့်ကြည့်ရမှာဖြစ်ပေမယ့် အနိုင်ဆိုတာ အိမ်ရှင်တို့အတွက်ပဲ ဖြစ်သွားပါလိမ့်မယ်။

### နယူးကာဆယ်နှင့် ရီဒင်း

ဟက်ဒါဖီးလ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံထားတဲ့ နယူးကာဆယ်တို့ ဒီပွဲမှာ နိုင်ပွဲပြန်ရနိုင်မလား ကြည့်ရမယ့်ပွဲပါပဲ။ ဝုဖ်ကို ပွဲစဉ်(၂)မှာ ရှုံးထားတဲ့ ရီဒင်းတို့အတွက် ဒီပွဲမှာ တစ်မှတ်ရရင်ပဲ ကျေနပ်ရမှာဖြစ်ပြီး အမှတ်ခွဲယူရမယ့် ပွဲပါပဲ။ ■

# အိုလံပစ်မှာ ဗိုလ်စွဲဖို့ လမ်းကြောင်းပေါ်ရောက်လာတဲ့ ဘရာဇီး

ဘရာဇီးနိုင်ငံ ရီယိုအိုလံပစ်အားကစားပြိုင်ပွဲမှာ အိမ်ရှင် ဘရာဇီး ဘောလုံးအသင်းအနေနဲ့ ချန်ပီယံဖြစ်မယ့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီလို့ ဆိုရမှာဖြစ်ပါတယ်။ အိမ်ရှင် ဘရာဇီးအသင်းဟာ ကိုလံဘီယာအသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်သွားပြီဖြစ်ပါတယ်။ ဘာစီလိုနာ တိုက်စစ်မှူး နေမာက ပွဲစလို့ ၁၂ မိနစ်အတွင်းမှာ ဖရီးကစ်ကနေ အဖွင့်ဂိုးသွင်းပေးပြီး ဒုတိယပိုင်းမှာ လူအန်က ထပ်ဆောင်းဂိုးသွင်းယူခဲ့တာကြောင့် အိမ်ရှင်ဘရာဇီးတို့ ချန်ပီယံဖြစ်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့တာပါ။ အိမ်ရှင် ဘရာဇီးအသင်းအနေနဲ့ တောင်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ ဟွန်ဒူးရပ်စ်အသင်းနဲ့ ဗုဒ္ဓဟူးနေ့မှာ အကြိုဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဂျာမနီနဲ့ နိုင်ဂျီးနီးယားတို့ကလည်း အကြိုဗိုလ်လုပွဲ ကစားကြမှာဖြစ်ပါတယ်။ ဂျာမနီက ပေါ်တူဂီကို လေးဂိုးပြတ်၊ နိုင်ဂျီးရီးယားက ဒိန်းမတ်ကို နှစ်ဂိုးပြတ်နဲ့ နိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ခဲ့ကြတာပါ။ အိမ်ရှင် ဘရာဇီးအနေနဲ့ ဟွန်ဒူးရပ်စ်နဲ့ ကစားရမှာဖြစ်တဲ့အတွက် ဗိုလ်လုပွဲရောက်ဖို့ သေချာတယ်လို့ ဆိုနိုင်ပါတယ်။ အဲဒီကနေတစ်ဆင့် နေမာရဲ့ဦးဆောင်မှုနဲ့ ဘရာဇီးအသင်းအနေနဲ့ ချန်ပီယံဖြစ်သွားနိုင်ပါတယ်။

# ဝက်စ်ဘရွန်းက ခေါ်ယူမယ့် လက်စတာတိုက်စစ်မှူး



ဝက်စ်ဘရွန်းဟာ လက်စတာအသင်းရဲ့ တောင်ပံတိုက်စစ်မှူး ဂျက်စလု(ပ်)ကို ပေါင် ၁၁ ဒသမ ၅သန်းနဲ့ ခေါ်ယူဖို့ နီးစပ်နေပြီလို့ ဆိုပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ တောင်ပံတိုက်စစ်မှူး ဂျက်စလု(ပ်)ဟာ ဟားလ်စီးတီးနဲ့ ကစားတဲ့ လက်စတာအသင်းမှာပါဝင်ကစားခဲ့ခြင်း မရှိတော့ပါဘူး။ သူဟာ ဝက်စ်ဘရွန်းကိုပြောင်းဖို့ သေချာသွားပြီလို့ ဆိုပါတယ်။ ဝက်စ်ဘရွန်းအသင်းအနေနဲ့ လက်စတာတောင်ပံတိုက်စစ်မှူးကို ခေါ်ယူဖို့ သုံးကြိမ်မြောက် ကြိုးစားမှုလို့လည်း ဆိုပါတယ်။ စလု(ပ်)ဟာ ဘယ်နောက်တန်းနဲ့ ဘယ်တောင်ပံတိုက်စစ်မှူးနေရာတွေမှာ ကစားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်က လက်စတာအသင်းနဲ့အတူ ၂၄ ပွဲ ပါဝင်ကစားပေးခဲ့ပါတယ်။ ဝက်စ်ဘရွန်းအနေနဲ့ သူ့အသင်းကို တောင့်တင်းတဲ့အသင်းဖြစ်ဖို့ ကျူပီအာမှ မတ်ဖီးလစ်ကိုလည်း ပေါင် ၅ သန်းခွဲနဲ့ ခေါ်ယူခဲ့တဲ့အတွက် စလု(ပ်)ဟာ ဝက်စ်ဘရွန်းက လတ်တလောခေါ်ယူတဲ့ ကစားသမားတွေအနက် ဒုတိယမြောက် ခေါ်ယူတဲ့ ကစားသမားဖြစ်လာမှာဖြစ်ပါတယ်။ သူဟာ ဝက်စ်ဘရွန်းရဲ့ အဓိက ကစားသမားဖြစ်လာဖို့ သေချာနေပါတယ်။

# အမျိုးသမီး မီတာ ၁၀၀ မှာ ဗိုလ်စွဲသွားတဲ့ ဂျမေကာ အပြေးမယ်

ဂျမေကာ ပြေးခုန်ပစ် အားကစားမယ် အလိုင်နီသော်မဆင်ဟာ ဘရာဇီးနိုင်ငံ ရီယိုအိုလံပစ်မှာ နှစ်ကြိမ်တိုင် ချန်ပီယံဖြစ်ခဲ့တဲ့ ဖရေဆာပရိုင်းဆေးအား ကျော်ဖြတ်ပြီး အမျိုးသမီး မီတာ ၁၀၀ ပြေးပွဲမှာ အနိုင်ရ ဗိုလ်စွဲသွားခဲ့ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ သော်မဆင်ဟာ ၁၀ ဒသမ ၇၁ စက္ကန့်နဲ့ ပန်းဝင်ဗိုလ်စွဲသွားခဲ့ပါတယ်။ အိုလံပစ် အမျိုးသမီး မီတာ ၁၀၀ တန်းမှာ သုံးကြိမ်တိုင် ရွှေတံဆိပ်ရဖို့ ကြိုးစားနေတဲ့ ပြိုင်ဘက် ဖရေဆာ ပရိုင်းဆေးက ၁၀ ဒသမ ၈၆ စက္ကန့်နဲ့ ပန်းဝင်ခဲ့တာကြောင့် တတိယအဆင့် ကြေးတံဆိပ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။ ဒီပြိုင်ပွဲမှာ ကျွန်မအနေနဲ့ ပထမဆုမရခဲ့ပေမယ့် တစ်နိုင်ငံတည်းသူ သော်မဆင်အနေနဲ့ ဗိုလ်စွဲနိုင်ခဲ့တဲ့အတွက် ဂျမေကာနိုင်ငံအတွက် ဂုဏ်ယူပါတယ်လို့ ပရိုင်းဆေးက ပြောပါတယ်။ ဒီပြိုင်ပွဲမှာ အမေရိကန်သူ တိုရီဘိုဝီက ၁၀ ဒသမ ၈၃ စက္ကန့်နဲ့ ငွေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဂျမေကာအပြေးမယ် သော်မဆင်အနေနဲ့ အိုလံပစ် မီတာ ၁၀၀ ရွှေတံဆိပ် နှစ်ကြိမ်ဆွတ်ခူးခဲ့တဲ့ ပရိုင်းဆေးကို ကျော်ဖြတ်ပြီး ဗိုလ်စွဲသွားခဲ့တဲ့အတွက် နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။




■ ကောင်းမြတ်သူ - စုစည်းသည်။ ■

# ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူ့အကျိုးပြု မိုဘိုင်းစာကြည့်တိုက်ဝန်ဆောင်မှုနှင့် (Mobile Library) ထဲမှ စာဖတ်သူတို့၏ ရင်တွင်းစကားသံများ

**စိုင်းဇော်လတ် (လင်းခေး)**

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာနပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ ပြည်သူ့အကျိုးပြု စာကြည့်တိုက်လုပ်ငန်းများအား ခေတ်စနစ်နှင့်အညီ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ရှင်သန်ခိုင်မာစေရေး၊ စာဖတ်၊ စာအုပ်ငှားသူများ တိုးပွားလာစေရေးနှင့် စာကြည့်တိုက်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တာဝန်ကိုယ်စီဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်၍ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းတို့က လစဉ်မပျက် ပြည်သူ့အကျိုးပြု စာကြည့်တိုက် (Mobile Library) ဝန်ဆောင်မှုလုပ်ငန်းကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီက လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်းမိသားစုမေ့ရုံ၌ စာဖတ်ရိုန်မြှင့်တင်ရေးဆွေးနွေးဟော ပြောခြင်း၊ ယခင်အပတ်၌ ငှားရမ်းပေးခဲ့သော စာအုပ်များအား ပြန်လည်လက်ခံခြင်း၊ စာအုပ်အသစ်များ ထပ်မံလဲလှယ်ပေးခြင်းနှင့်စာငှားကတ်၊ စာကြည့်တိုက်အသင်းဝင်ကတ်ပြားများ ပြုလုပ်ပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ဩဂုတ် ၁၀ ရက်လစဉ် တစ်ပတ်ခြားအစီအစဉ်ဖြင့် ပြည်သူ့အကျိုးပြု (Mobile Library) စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းအား လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်အိသက်ခိုင်နှင့် ဝန်ထမ်းများ အဆိုပါနေရာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ စာငှား၊ စာဖတ်လာသူ ပရိသတ်များမှ စာငှား၊ စာဖတ်သူတို့သည် Mobile Library နယ်လှည့်စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းထဲမှ ၎င်းတို့၏ရင်ဖွင့်စကားသံများအား ရေးသားဖော်ပြလိုက်ရပါသည်။

"ကျွန်မအနေနဲ့ ဒီနေရာလေးကို အသိပညာရရှိဖို့ လာခဲ့ခြင်းဖြစ်ပါတယ်။ ဒီမိုဘိုင်းစာကြည့်တိုက်ကနေ ဗဟုသုတတွေတိုးပွားလာပါတယ်၊ ကျွန်မဒူးခေါင်းနာနေတဲ့ဝေဒနာကို ဘယ်လိုကုသခံယူသင့်သလဲဆိုတဲ့ နည်းလမ်းအသိပညာကို စာပေဖတ်ရှုခြင်းက ရရှိလာခဲ့ပါတယ်။ မိုဘိုင်းစာကြည့်တိုက် ဝန်ဆောင်မှုအပေါ် အလင်းရောင်ပေးတဲ့ စာကြည့်တိုက်တစ်ခု ဖြစ်တယ်လို့ ကျွန်မမြင်ပါတယ် " ဟု စာဖတ်ပရိသတ်တစ်ဦးဖြစ်သူ ဒေါ်နန်းမြင့်စိုးက ဆိုသည်။

"ကျွန်မက ငယ်ရွယ်စဉ်ကတည်းက စာဖတ်ဝါသနာပါပါတယ်။ အခုထိပါပဲ၊ အခုလို မိုဘိုင်းစာကြည့်တိုက်လေး လာရောက်ပြုလုပ်ပေးတဲ့အတွက်ကြောင့် လူမှုရေး၊ စီးပွားရေးနဲ့ ကျန်းမာရေးအသိပညာဗဟုသုတတွေရတဲ့အပြင် ကျွန်မကြိုက်နှစ်သက်တဲ့ ဝတ္ထု၊ ရုပ်ပြကာတွန်း၊ အိမ်ထောင်ရေးအချစ်ရေးစတဲ့ စာအုပ်မျိုးစုံ တွေကိုလည်း ငှားရမ်းဖတ်ရှုနိုင်တာကြောင့် ကျွန်မအနေနဲ့ ကျေနပ်ဝမ်းသာတယ်။ စာကိုများများဖတ်တော့ စာပိုတတ်လာတယ်၊ စာတတ်တော့ ပိုပြီး လူရာဝင်လာသလိုပဲ ကျွန်မခံစားရရှိလာတယ်။ ဒီဝန်ဆောင်မှု လုပ်ငန်းအပေါ် ကောင်းတယ်လို့ ကျွန်မအနေနဲ့ပြောချင်ပါတယ် "ဟု မမြမြခိုင်က ပြောသည်။

မစန်းစန်းမြ(စာငှားစာဖတ်)သူက " စာဖတ်ဝါသနာပါတယ်။ အခုလို လာရောက်ပြီး စာအုပ်တွေငှားရမ်းပေးတာရယ်၊ ဝေးဝေးသွားစရာမလိုဘဲ စာအုပ်တွေကို လွယ်လင့်တကူနဲ့ ငှားဖတ်နိုင်တာရယ်၊ စာအုပ်ငှားရမ်းခမကုန်တာရယ်တွေကြောင့် ကျွန်မတို့ရဲ့ အိမ်အလုပ်လည်း မပျက်၊ အချိန်တိုအတောအတွင်း ဗဟုသုတတွေလာရောက်ဝေငှပေးတဲ့ (ပြန်/ဆက်) ဝန်ထမ်းတွေအားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်၊ ဒီမိုဘိုင်းစာကြည့်တိုက်လုပ်ငန်းကို ဗဟုသုတတွေအခမဲ့ဖြန့်ဝေပေးတဲ့ ဝန်ဆောင်မှုဖြစ်တယ်လို့ ကျွန်မကတော့ မြင်ပါတယ်။ အခုလိုမကြာမကြာ လာရောက်ပြုလုပ်ပေးနိုင်ရင် ပိုကောင်းပါတယ် "ဟု ပြောသည်။

စာပေဖတ်ရှုခြင်းဟာ ကိုယ်တစ်ယောက်ထဲအတွက်မဟုတ်ဘဲ အခြားသောသူတွေကိုပါ ကိုယ်ဖတ်ရ၊ သိရတာလေးတွေ ပြန်ပြီးဝေငှပြောပြပေးနိုင်တယ်။ ပြီးတော့ ကိုယ့်မိသားစုအတွက်လည်း အကျိုးရှိစေပါတယ် ။အစစအရာရာ ကိုယ်ဖတ်မိတဲ့ အကြောင်းအရာလေးတွေကနေ ဗဟုသုတတွေပွားလာစေပါတယ်။ ကျွန်မတို့အိမ်ထောင်ရှင်မတွေက မုန့်အမျိုးမျိုးလုပ်စားတာ ဝါသနာပါတတ်ကြတယ်။ ဒါကြောင့် မုန့်လုပ်စားနည်းစာအုပ်လေးတွေကိုပါ ဖြည့်စွက်ယူလာပေးစေချင်ပါတယ်၊ ဘယ်လိုစာပေမျိုးကိုဖတ်ဖတ် မိမိအတွက်စာဖတ်တဲ့အကျိုးတစ်ခုခုတော့ ရရှိကျန်စေခဲ့တာတော့ အမှန်ပဲလို့ ကျွန်မယုံကြည်ပါတယ်။ ကျွန်မတို့ရှိတဲ့နေရာကို အခုလိုအရောက်လာခဲ့ပြီး စာအုပ်တွေငှားရမ်းပေးတဲ့အတွက် မိုဘိုင်းစာကြည့်တိုက်ဝန်ဆောင်မှုကနေ စာဖတ်ဝါသနာပါသူတိုင်းက စာများများဖတ်လေကောင်းလေ၊ အသိပညာကြွယ်ဝလာစေတဲ့ဝန်ဆောင်ပေးမှုတစ်ခုလို့ ကျွန်မအနေနဲ့ မြင်ပါတယ်။ အခုလိုလာရောက်ပေးတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ဝန်ထမ်းတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဒေါ်သင်းနွယ်စိုးက ရင်ဖွင့်စကားပြောခဲ့သည်။




မဘယ်ရီနော်ထူး


မစန်းစန်းမြ

မဘယ်ရီနော်ထူး (စာဖတ်ပရိသတ်)က " ဒီနေရာကို လာရောက်ကြတဲ့ ကျွန်မတို့အထဲမှာ တချို့ကလည်း စာတကယ်တတ်တယ်။ တချို့ကျတော့လည်း ရေးတတ်ဖတ်တတ်ရုံလေးဖြစ်တယ်၊ ဒါပေမယ့် စာဖတ်ဝါသနာပါတော့ စာအုပ်လာငှားကြတယ်။ ကျွန်မအနေနဲ့ အမြင်နဲ့ခံစားရရှိမှုကို ပြောရမယ်ဆိုရင်တော့ စာမတတ်လို့ ရှက်စရာမလိုဘူးထင်တယ်။ စာမဖတ်တတ်သူကို စာဖတ်တတ်သူတွေကတစ်ဆင့် ဗဟုသုတလေးကို ထပ်ဆင့်မျှဝေပေးနိုင်တဲ့ မိုဘိုင်းစာကြည့်တိုက်လေး တစ်ခုလို့လည်း ကျွန်မမြင်ပါတယ်။ စာမဖတ်တတ်သူ တွေအနေနဲ့ အကြားအမြင်ဗဟုသုတအဖြစ် ရရှိစေနိုင်လိမ့်မယ်လို့လည်းကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ် "ဟု ပြောသည်။

"နောက်ဆုံးအနေနဲ့ ကျွန်မပြောချင်တာကတော့ ဒီလိုစာအုပ်တွေလာငှားပေးရုံသက်သက်သာမက၊ စာဖတ်သူတွေ ပိုမိုဖတ်ချင်လာအောင်၊ စာဖတ်နည်းတဲ့သူတွေအနေနဲ့လည်း စာဖတ်ခြင်းအကျိုးကြောင့်ရရှိလာစေနိုင်မယ့် အသိပညာဗဟုသုတရစရာတွေ လာရောက်ဟောပြောဆောင်ရွက်ပေးတဲ့အတွက် စာပေဝါသနာပါသူတွေအတွက် များစွာအကျိုးဖြစ်ထွန်းစေပါတယ်လို့ ပြောကြားလိုပါတယ်။ နောင်လည်း အမြဲလာရောက်ပြီး အခုလိုနယ်လှည့် (မိုဘိုင်း) စာကြည့်တိုက်ဝန်ဆောင်မှုလေးကို ဆက်လက်ပြုလုပ်ပေးသွားစေချင်ပါတယ်"ဟု ပြောသည်။

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် သုတ/ရသစာအုပ်စာစောင်များ လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် ၂၀၁၁ ခုနှစ် မေ ၁၀ ရက်တွင် စတင်တည်ထောင်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ခိုင်မာစေရန်နှင့် ဖွင့်လှစ်ပြီးစာကြည့်တိုက်များ စံငါးရပ်နှင့်ပြည့်စုံစေရန် နှစ်စဉ်ပံ့ပိုးကူညီထောက်ပံ့ပေးလျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး စာကြည့်တိုက်ပညာရပ်ဆိုင်ရာ သင်တန်းများကိုလည်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတို့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျေးရွာရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်မှူးများ၏ အရည်အသွေးပြည့်ဝစေရန် ရည်ရွယ်၍ တစ်နှစ်တစ်ကြိမ်ပြုလုပ်သော မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံကိုလည်း ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် အောင်မြင်စွာကျင်းပဆောင်ရွက်ပေးလျက်ရှိပြီး အလားတူ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ၊ စာကြည့်တိုက်မှူးများ အရည်အသွေးမြှင့်တင်ရေးသင်တန်းများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့နယ်များတွင် ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၁ ခုနှစ်မှ ယနေ့အထိဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို စံငါးရပ်နှင့်ပြည့်စုံစေရန် ကူညီထောက်ပံ့ပေးခဲ့ရာတွင် စာကြည့်တိုက်ပေါင်း ၅၇၁ တိုက်အတွက် ငွေကျပ်သိန်းပေါင်း ၄၆၂၆ သိန်းကျော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပပေးခြင်းအတွက် ငွေကျပ်သိန်းပေါင်း ၆၂၄ သိန်းကျော်ကိုလည်းကောင်း၊ သုတ/ရသ စာအုပ်စာစောင်ဝယ်ယူပေးခြင်း၊ စာအုပ်စာစောင်များ ပြန်လည်ပုံနှိပ်ထုတ်ဝေပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ဇာတ်လမ်းရိုက်ကူးထုတ်လွှင့်ခြင်းအပါအဝင် စာပေရေချမ်းစင်များအတွက် ထောက်ပံ့ပေးခြင်းအတွက် ငွေကျပ်သိန်းပေါင်း ၂၁၇၃ သိန်းကျော်ကိုလည်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့ရာ ငါးနှစ်အတွင်း စုစုပေါင်းငွေကျပ် ၇၄၂၃ သိန်းကျော်ကို ကူညီပံ့ပိုးပေးနိုင်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် အဖွဲ့အစည်းတစ်ခု၏အကျိုး၊ လူပုဂ္ဂိုလ်တစ်ဦး၏အကျိုးစီးပွားအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းမဟုတ်သလို ပြည်သူလူထု အသိပညာဗဟုသုတတိုးပွားလာရေးကို ရည်ရွယ် ဦးတည်ဖွဲ့စည်းထားသည့် အသင်းအဖွဲ့တစ်ခုဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရှင်သန်နိုင်စေရန်အတွက် အလှူငွေလှူဒါန်းခြင်းဖြင့်သော်လည်းကောင်း၊ သုတ/ရသစာအုပ်စာစောင်များ လှူဒါန်းပေးခြင်းဖြင့်သော်လည်းကောင်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပူးပေါင်းပါဝင်လှူဒါန်းနိုင်ကြပါရန်နှင့် လှူဒါန်းလိုပါက အတွင်းရေးမှူး ဖုန်း -၃၇၁၃၄၂၊ ၂၀၁၉၃၆၊ ၃၉၈၇၅၆ များတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ သိရသည်။

**(မြန်မာ့အလင်း)**

# ဖျာပုံမြို့ အလင်းရောင်ပညာရေး အကျိုးဆောင်ကော်မတီ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြု

**ဖျာပုံ ဩဂုတ် ၁၅**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဖျာပုံမြို့ရှိ အလင်းရောင်ပညာရေး အကျိုးဆောင်ကော်မတီမှ ၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖျာပုံမြို့နယ်အတွင်းမှ ဂုဏ်ထူးရရှိကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ်လပထမပတ်က ရွှေနတ်ကူဘုရားလမ်းမြောက်ပိုင်း ရှိ ငြိမ်းချမ်း မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က အမှာစကားပြောကြားပြီး ဂုဏ်ထူးရကျောင်းသား ကျောင်းသူ တစ်ဦးချင်းထံသို့ ဆုတံဆိပ်၊ ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖျာပုံမြို့နယ်အတွင်းမှ ငါးဘာသာဂုဏ်ထူးရှင်သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင်ငါးဦး၊ သုံးဘာသာရှစ်ဦး၊ နှစ်ဘာသာ ၂၁ ဦး ရှိခဲ့ပြီး ဂုဏ်ထူးရတစ်ဘာသာလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# သထုံရွှေစာရံစေတီတော်ဝင်း အုတ်တံတိုင်းပြန်တည်ဆောက်ရန် အလှူငွေလိုအပ်

**သထုံ ဩဂုတ် ၁၅**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် ရွှေစာရံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အား ကာရံထားသည့် ဂဝံအုတ်စီတံတိုင်းပြိုကျနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးနှင့် တာဝန်ရှိသူတို့က ဩဂုတ် ၁၂ ရက်နံနက်တွင် လာရောက်ကြည့်ရှုခဲ့ပြီး ရှေးမူမပျက်ပြန်လည်တည်ဆောက်ရန် အကြံပေးပြောကြားခဲ့ကြောင်း သိရသည်။

"ဒီအုတ်တံတိုင်းက နှစ်လည်းအတော်ကြာပြီ။ အရင်က ထုံး၊ သဲတွေနဲ့လုပ်ထားတော့ ခိုင်ခံ့မှုနည်းတယ်။ အောက်ခြေမြေသားကို ရေတိုက်စားလာတော့ ပြိုဆင်းလာတာပါ။ ပြည်နယ်ဝန်ကြီးချုပ်ကတော့ ရှေးမူအတိုင်း ထုထည်နဲ့ပြန်လုပ်ဖို့ အကြံပေးတယ်။ ရှိတဲ့ရန်ပုံငွေနဲ့က ပြန်လုပ်ဖို့ အဆင်မပြေနိုင်ဘူး။ အချိန်နည်းနည်းစောင့်ပြီး သူတို့ဆီက ထောက်ပံ့မှုတွေရရင်တော့ လုပ်မယ်။ ဒါမှမဟုတ် ကိုယ့်အစီအစဉ်နဲ့ကိုယ် ခိုင်ခံ့မှုရှိပြီး လုံခြုံအောင်တော့ ပြန်လုပ်သွားမယ်"ဟု စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။



အဆိုပါ ဘုရားဝင်း အုတ်တံတိုင်းမှာ နှစ်ပေါင်း ၇၀ ကျော် သက်တမ်းကြာမြင့်နေပြီး ၄ ဒသမ ၇ ဧကခန့် ကျယ်ဝန်းသည့် ဝင်းအုတ်တံတိုင်းများအနက်မှ အရှေ့တောင်ထောင့်ရှိ တံတိုင်းအရှည် ၁၅၇ ပေခန့်မှာ ဩဂုတ် ၉ ရက်က ပြိုကျခဲ့ခြင်းဖြစ်သည်။ စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အနေဖြင့် ပြန်လည်ပြုပြင်ရန် ငွေကျပ်သိန်း ၇၀ ခန့် လျာထားပြီး ပြည်နယ်ဝန်ကြီးချုပ်၏ အကြံပေးချက်အတိုင်း ဆောင်ရွက်ပါက ငွေကျပ်သိန်း ၁၅၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# တောင်သာမြို့နယ်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**တောင်သာ ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် နတ်စောင့်ကျေးရွာအထက(ခွဲ)၌ ပတ္တမြားကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်၁၀ ရက်က အဆိုပါကျောင်းဝင်းရှိ ယာယီမဏ္ဍပ်၌ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

အစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အလှူရှင် ဒေါက်တာ ခင်မောင်ဝင်းမိသားစုတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့ပြီး အလှူရှင်ဒေါက်တာခင်မောင်ဝင်းက ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းကာ ကျောင်းအကျိုးတော်ဆောင်ဦးကျော်ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ကျောင်းသုံးဗလာစာအုပ်နှင့် အားကစားပစ္စည်းများအားမြို့နယ်ပညာရေးမှူး ဦးသန်းညိုထံပေးအပ်လှူဒါန်းခဲ့ပြီး အလှူရှင်က ကျောင်းဆောင်နှင့်ပတ်သက်သည့် အမှတ်တံ့ဆွဲများနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များအား ကျောင်းအုပ်ဆရာမကြီးထံသို့ပေးအပ်ခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းဆောင်သစ်ကြီးအား လှည့်လည်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကြီးကို Jaguco Myanmar Company က လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပေ (၁၀၀×၃၀) သုံးခန်းတွဲ အာရ်စီထပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**

# မှုခင်းကျဆင်းရေးအတွက် ယာဉ်တန်းများဖြင့် လှည့်ကင်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်၏ ညွှန်ကြားမှုဖြင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်ခင်၏ ဦးဆောင်မှုဖြင့် ဇမ္ဗူသီရိမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ကျော်ဦးနှင့် အမှတ် (၁) မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်ဌေးပါဝင်သော ရဲတပ်ဖွဲ့ဝင် ၁၅ ဦးတို့သည် ဩဂုတ် ၁၃ ရက် ည ၇ နာရီမှ ၁၁ နာရီအထိ မြို့နယ်အတွင်းရှိ လူစည်ကားရာ သပြေကုန်းဈေးနှင့် ကျောက်မျက်ရတနာပြတိုက်အနီးဝန်းကျင်နေရာများနှင့် မြို့တွင်းနေရာ အနှံ့အပြားတွင် မော်တော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ်များဖြင့် လှည့်ကင်းဆောင်ရွက်နေကြောင်း သိရ သည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# မြိတ်တက္ကသိုလ်၌ ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်

**မြိတ် ဩဂုတ် ၁၅**

တက္ကသိုလ်ကျောင်းသား ကျောင်းသူ မောင်မယ်များ ကျန်းမာကြံ့ခိုင်ပြီး ကာယစွမ်းရည်မြင့်မားရေး၊ ကျန်းမာရေးနှင့်အလှတရားကို တန်ဖိုးထားထိန်းသိမ်းတတ်စေရေးအတွက် ဩဂုတ် ၁၂ ရက်က မြိတ်တက္ကသိုလ်တွင် ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



**နိုင်ငံ့သားကောင်းများဖြစ်အောင်**

အခမ်းအနားတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက အမှာစကားပြောကြားပြီး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးက တက္ကသိုလ်ကျောင်းသားကျောင်းသူများအနေဖြင့် ကာယ၊ ဉာဏစွမ်းရည်ပြည့်ဝရေး၊ ကျန်းမာရေးနှင့်အလှတရားထိန်းသိမ်းတတ်စေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်အောင် ဆင်ခြင်ထိန်းသိမ်းနေထိုင်တတ်စေရေးအတွက် အမှာစကားပြောကြားသည်။

ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှတက္ကသိုလ် ကျောင်းသားခုနစ်ဦး၊ ကာယအလှမယ်ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ တက္ကသိုလ်ကျောင်းသူ ၁၄ ဦးနှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ တက္ကသိုလ်ကျောင်းသူကိုးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီးနောက် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် ပြိုင်ပွဲဝင်ဆုများကို တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ မွေးရာပါချို့ယွင်းချက်ရှိသူများ ခွဲစိတ်ကုသပေး

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Rotaplast International အဖွဲ့တို့ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၊ ထိခိုက်ဒဏ်ရာများ၊ မီးလောင်ဒဏ်ရာများ၊ အခြားမွေးရာပါချို့ယွင်းချက်ရှိသော လူနာများကို စုစည်းပြီး နေပြည်တော် ခုတင် ၃၀၀ အငြိမ်းစားဆေးရုံကြီး၌ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက်က နေပြည်တော် ခုတင် ၃၀၀ အငြိမ်းစားဆေးရုံကြီးသို့သွားရောက်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် အခြားမွေးရာပါချို့ယွင်းသော လူနာ ၇၀ နှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ခြင်းလုပ်ငန်းများတွင် အထွေထွေအသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၅၀ နှင့် အာဟာရများကို ထောက်ပံ့ခဲ့သည်။

ယခုခွဲစိတ်ကုသမှုအစီအစဉ်တွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ နေပြည်တော်နှင့် အနယ်နယ်အရပ်ရပ်မှ လူနာများပါဝင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများအားကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ ဩဂုတ် ၁၅**

ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်အတွင်း အတက်ကျေးရွာ၊ ဝနက်ချိန်၊ ကနီးကျေးရွာများတွင် မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်လုပ်သူများအသင်းမှ ဆောင်ရွက်လျက်ရှိသည့် မိုးစပါးမျိုးသန့်မျိုးစေ့ထုတ်လုပ်စိုက်ခင်းများကို ဩဂုတ်လဒုတိယပတ်က ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးဝေ၊ ကျောက်ဖြူခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မိုးဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြသည်။ ပြည်နယ်ဦးစီးမှူးက သဘာဝမြေဩဇာနှင့် ယူရီးယားမြေဩဇာကို အချိုးကျ ရောစပ်၍ အချိန်ကိုက်သုံးစွဲနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရေး ညွှန်ကြားခဲ့ကြောင်း သိရသည်။

**(၁၅၇)**



ကသာခရိုင် ပင်လည်ဘူးမြို့စည်ပင်ဈေး၌ မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းတို့ပူးပေါင်း၍ ဩဂုတ် ၁၃ ရက်က ပြည်သူများ နေ့စဉ်စားသုံးနေကြသော ဆားများ ကျန်းမာရေးနှင့် ညီ မညီ အိုင်အိုဒင်းဓာတ်ပြည့်ဝမှု ရှိ မရှိတို့ကို စစ်ဆေးမှုများပြုလုပ်စဉ်။
မျိုးလွင် (ပင်လည်ဘူး)

# မြစ်ရေဝင်ရောက်ခဲ့သောကျေးရွာများရှိ ကျွဲ၊ နွားများ ခွာနာ၊ လျှာနာကာကွယ်ဆေးထိုးပေး

**ခင်ဦး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ရေဝတီမြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာများရှိ ကျွဲ၊ နွားများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှလှပြုံးနှင့် ဒုတိယဦးစီးမှူးများ၊ ကျေးရွာမွေးမြူရေးအထောက်အကူပြုလုပ်သားများဖြင့် ခွာနာ၊ လျှာနာကာကွယ်ဆေးထိုးခြင်းများကို ဩဂုတ် ၁၂ ရက်က ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးမထိုးခင် ကျွဲ၊ နွား ၁၅ ကောင်ကို ကွက်ကြားသွေးနမူနာယူပြီး ဓာတ်ခွဲခန်းပို့ခြင်း၊ ခွာနာ၊ လျှာနာ ကာကွယ်ဆေးထိုးနှံခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်ပြီး တစ်လပြည့်ပါက အဆိုပါကျွဲ၊ နွားများ၏ သွေးနမူနာပြန်လည်စစ်ဆေးပြီး ဒုတိယအကြိမ် ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ရေဝတီမြစ်ကမ်းဘေးရှိ ကဘွက်ကျေးရွာ၊ ရုံးပင်ကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ ကျီးပြုံးကျေးရွာတို့ရှိ နွားကောင်ရေ ၃၅၀ ကို ကာကွယ်ဆေးထိုးနှံပေးပြီး အညာသီဟတောကျေးရွာရှိ နွားကောင်ရေ ၅၀ ကိုလည်း ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးက ပြောသည်။

**ခင်ဦးစိုးဝေ**

# ကမ္ဘာ့သီချင်းဆိုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ကာရာအိုကေ ကမ္ဘာ့သီချင်းဆိုပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဂီတကိုချစ်မြတ်နိုးသော အဆိုဝါသနာရှင်များ ကမ္ဘာ့အဆင့်အထိမျှော်မှန်းနိုင်မည့် ကမ္ဘာ့အကြီးဆုံးဝါသနာရှင်အဆင့် သီချင်းဆိုပြိုင်ပွဲကြီးဖြစ်သည့် Karaoke World Championships Myanmar 2016 ကို မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်အဖြစ် စတင်ကျင်းပတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသို့ Karaoke World Championships ပထမဆုံးသယ်ဆောင်လာသူလည်းဖြစ် KWC Myanmar ကို တည်ထောင်သူလည်းဖြစ်သူ ဒေါ်ထွေးလှဟန်က ပြောသည်။

"အခုလို KWC ပြိုင်ပွဲမျိုး မြန်မာနိုင်ငံကို သယ်ဆောင်လာခွင့်ရတဲ့အတွက် အထူးဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ ဂီတဝါသနာပါသူတွေ အဆိုဝါသနာရှင်တွေကို KWC Myanmar ပြိုင်ပွဲတွေမှ စုစည်းပေးပြီး ပြိုင်ပွဲတွေ Level အလိုက်ယှဉ်ပြိုင်ပေးခဲ့ပါတယ်။ နောက်ဆုံးဖိုင်နယ်ပြိုင်ပွဲမှာအနိုင်ရရှိတဲ့ ချန်ပီယံအဆိုရှင် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးကို အာရှပြိုင်ပွဲတွေ၊ ကမ္ဘာ့ပြိုင်ပွဲတွေမှာ ဆက်လက်ယှဉ်ပြိုင်ခွင့်ရရှိအောင် ကျွန်မတို့ဘက်က စီစဉ်ပေးသွားမှာဖြစ်ပါတယ်။ KWC Myanmar မှာပြိုင်ခွင့်ရတဲ့ ပြိုင်ပွဲဝင်တွေအတွက် အားသာချက်က ဒီပြိုင်ပွဲမှ ချန်ပီယံဖြစ်ခဲ့ရင် မကာအိုနဲ့ ကနေဒါမှာ ဆက်လက်ယှဉ်ပြိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက သီချင်းဆိုဝါသနာပါသူတွေကို ပြိုင်ပွဲဝင်စေပြီး အာရှနဲ့ကမ္ဘာ့အဆင့်အထိ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမယ့် တစ်ခုတည်းသော အခွင့်အလမ်းဖြစ်တာကြောင့် လက်လွတ်မခံသင့်ဘူးလို့အသိပေးလိုပါတယ်"ဟု ၎င်းက နိုဗိုတယ်ဟိုတယ်၌ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါသီချင်းဆိုပြိုင်ပွဲကြီးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အသက် ၁၈ နှစ်အထက် အဆိုဝါသနာရှင်များ ယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခဲ့ပြီး ယခုအခါပြိုင်ပွဲဝင်များအနက် ၃၂ ဦးအား ဆန်ခါတင်ရွေးချယ်ထားပြီဖြစ်ကြောင်း၊ ၎င်းတို့သည် နေပြည်တော် တပ်ကုန်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသံလွှင့်ခန်းမ၌ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ပြိုင်ပွဲ များကိုဖြတ်သန်းရမည်ဖြစ်ပြီး နောက်ဆုံးချန်ပီယံရွေးပွဲကို



တက်ရောက်ခွင့်ရသော ပြိုင်ပွဲဝင်များအား ဩဂုတ် ၂၆ ရက်တွင် ရန်ကုန်မြို့နိုဗိုတယ်ဟိုတယ်၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ရွေးချယ်ပြီး ချန်ပီယံဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်းစီချီးမြှင့်သွားမည့်အပြင် KWC Asia Finals ပြိုင်ပွဲကို မကာအိုနှင့် KWC World Finals ပြိုင်ပွဲကို ကနေဒါနိုင်ငံတို့၌ KWC Myanmar ကိုယ်စားလှယ်အဖြစ် သွားရောက်ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

